ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၂၀၁၈-၂၀၃၀)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


**မာတိကာ** ........ ၁

**စကားချီး** ........ ၂

**မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း** ........ ၅

**မူဘောင်** ........ ၁၀

**မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ** ........ ၁၁

**မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ** ........ ၁၄

**မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** ........ ၁၄

ပန်းတိုင်(၁) - ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု ........ ၁၄

ပန်းတိုင် (၂) - စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု ........ ၂၉

**မဏ္ဍိုင် (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု** ........ ၄၁

ပန်းတိုင် (၃) - အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး ........ ၄၁

**မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ** ........ ၆၇

ပန်းတိုင် (၄) - ၂၁ ရာစု လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ........ ၆၇

ပန်းတိုင် (၅) - နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ........ ၈၁

**အကောင်အထည်ဖော်မှုတွင်ပေါင်းစပ်ညှိနှိုင်းခြင်း၊ဦးစားပေးသတ်မှတ်ခြင်းနှင့်အရင်းအမြစ် စုစည်းခြင်း** . ၁၀၀

**စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ........ ၁၀၃

**ပြင်ဆင်ခြင်းနှင့် အချိန်ကာလနှင့်ကိုက်ညီမှုရှိရန် ပြောင်းလဲရေးဆွဲခြင်း** ........ ၁၀၆

**နိဂုံး** ........ ၁၀၇

# စကားချီး




မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) တွင် ကျွန်မတို့ နိုင်ငံအတွက် ထားရှိသည့် ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို ထည့်သွင်းရေးဆွဲထားပြီး တစ်ချိန်တည်းမှာပင် ၎င်းရည်မှန်းချက်များကို အပြည်ပြည်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် လိုက်လျောညီထွေစွာ ဖော်ပြထားပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက်၊ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စသည်ဖြင့် စီမံကိန်းများစွာ ရှိနေပါသည်။ ထိုသို့ အမျိုးမျိုးသော စီမံကိန်းများကို အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်းကြီး တစ်ခုအောက်တွင် သဟဇာတ ဖြစ်စေရန် ပေါင်းစည်းဆောင်ရွက်နိုင်မှသာ တိုင်းပြည်အတွက် စစ်မှန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်ဗဟိုအစိုးရအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များ အနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တစ်ခုဖြစ်လာရန် ဖော်ဆောင်ရာတွင် ဤစီမံကိန်း (MSDP) မှ ဘက်စုံပူးပေါင်း ဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် ဤစီမံကိန်း၏ မဏ္ဍိုင်သုံးခုအနက် တစ်ခုဖြစ်သည့်အပြင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် လိုအပ်သောအရာများ ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ရေရှည်တည်တံ့ပြီး မျှတသည့် ဖွံ့ဖြိုးမှုသည်သာ တိုင်းပြည်ကို ငြိမ်းချမ်းတည်ငြိမ်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဤ MSDP ၏ လမ်းပြမှုဖြင့် ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ နောက်ထပ် ခြေလှမ်းတစ်ရပ်အနေဖြင့် ဗဟိုအစိုးရအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အားလုံးထံမှ အဆိုပြု စီမံကိန်းများသည် ဤ MSDP နှင့် မဟာဗျူဟာကျကျ ကိုက်ညီမှုရှိ-မရှိဆိုသည်ကို စိစစ်သုံးသပ်သွားမည် ဖြစ်ပါသည်။ ထိုသို့ စိစစ်ထားသော နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်းများကို MSDP ၏ လွှမ်းခြုံမှုအောက်တွင် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (Project Bank) အဖြစ် တစ်စုတစ်ဝေးတည်းထားရှိ အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ဘတ်ဂျက်အနေအထားပေါ် မူတည်ပြီး စီမံကိန်းများ ရွေးချယ်လေ့ရှိသည်ကို တွေ့ရပါသည်။ စီမံကိန်းများရွေးချယ်ရာတွင် ငွေရေးကြေးရေး အခြေအနေကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသော်လည်း နိုင်ငံအတွက် အမှန်တကယ် လိုအပ်သည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်နိုင်ရန်မှာ ပို၍အဓိကကျပါသည်။ ထို့ကြောင့် ပြည်သူပြည်သားများအတွက် ကောင်းကျိုးအများဆုံး ဆောင်ကြဉ်းပေးနိုင်မည့် စီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အမျိုးသားအဆင့် စီမံကိန်းများသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ဘဝမြင့်တင်ရေးကို ရှေးရှုဖော်ဆောင်ထားသည့် စီမံကိန်းများ ဖြစ်ရပါမည်။ လက်ရှိ စီမံကိန်းအကောင်အထည်ဖော်မှုများ အပါအဝင် အမျိုးသားအဆင့်စီမံကိန်းများ ရေးဆွဲရာတွင် ရေရှည်တည်တံ့ရေးနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေး ကို အထူး အလေးထားရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့၏ လိုအပ်ချက်များနှင့် နိုင်ငံ၏လိုအပ်ချက်များကို စဉ်းစားဆောင်ရွက်ရာတွင် မဟာဗျူဟာကျကျ စဉ်းစားဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ဤ MSDP ၏ မျှော်မှန်းချက်အားလုံး ရရှိရေးအတွက် မိတ်ဆွေသင်္ဂဟများ၏ ပံ့ပိုးကူညီမှုကို အလေးထား ကြိုဆိုပါသည်။ အထူးလိုအပ်သည်မှာ ပြည်သူအားလုံး၏ စွန့်ဦးတီထွင်လိုစိတ်၊ မဆုတ်မနစ် ကြံ့ကြံ့ခံနိုင်စွမ်းရည်ဖြင့် အားလုံး ပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုသို့ လျှောက်လှမ်းရာ၌ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍမှလည်း ပါဝင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

ဤမဟာဗျူဟာ စီမံကိန်းကို အခြေပြုပြီး ကျွန်မတို့ ပြည်သူပြည်သားတွေအကြား ပိုမို အားကောင်းသော ပေါင်းစပ်ညှိနှိုင်းမှုများ၊ မဟာဗျူဟာကျလုပ်ငန်းများဆောင်ရွက်ကြရန် တိုက်တွန်းဖိတ်ခေါ်လိုက်ပါသည်။



**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# အတိုကောက်စာလုံးများ

| | |
|---|---|
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| NECC | နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ |
| DACU | ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ |
| DAO | ခရိုင်အုပ်ချုပ်ရေးမှူးရုံး |
| DAP | ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ |
| DTIS | ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံဆက်စပ်လေ့လာမှု |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| EPHS | အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ |
| FDI | နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| G2B | အစိုးရ-စီးပွားရေးလုပ်ငန်း |
| G2C | အစိုးရ-စားသုံးသူ ဒစ်ဂျစ်တယ် အွန်လိုင်း အစိုးရ ဝန်ဆောင်မှုလုပ်ငန်း |
| GDP | စုစုပေါင်းပြည်တွင်းထုတ်ကုန် |
| ITHP | နိုင်ငံတော်အဆင့် လမ်းညွှန်ချက်များ၊ ဆောင်ရွက်ရမည့် ပုံစံများဖြင့် အားလုံးပါဝင်သည့် မြို့နယ်ကျန်းမာရေး စီမံကိန်းများ |
| M&E | စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း |
| MACCS | မြန်မာ အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် |
| MFI | အသေးစားငွေချေးလုပ်ငန်းများ |
| MIC | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MSDP | မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း |
| NEER | မြန်မာကျပ်ငွေ၏ ထိရောက်သော ငွေလဲလှယ်နှုန်း |
| NTM | သွင်းကုန်ခွန်မဟုတ်သည့် အစီအမံ |
| PIP | ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ် |
| PPP | အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း |
| REER | ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း |
| REPO | အစိုးရ ငွေချေးသက်သေခံလက်မှတ်များ အသုံးပြု၍ ငွေကြေးဈေးကွက်မှ ကာလတိုချေးငှားမှု |
| SDG | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ |
| SME | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ |
| SMI | အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ |
| SPS | Sanitary and Phytosanitary |
| WTO | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ |
| NBFI | ဘဏ်မဟုတ်သော အခြားငွေရေးကြေးရေး အဖွဲ့အစည်း |
| Project Bank | ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် |
| SOE | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ |

# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြားတွင်ရှိပြီး အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းတွင် မြေပြင်အနေအထားအရ အကြီးဆုံးဖြစ်၍ လူဦးရေ ၅၃ သန်းရှိသော မြန်မာနိုင်ငံသည် ကမ္ဘာတွင် အရှိန်အဟုန် အမြင့်မားဆုံး ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသတွင်း ပထဝီအနေအထား အရသော်လည်းကောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးအရသော်လည်းကောင်း အလွန်အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် ဖ စုခန့်တွင် မြန်မာနိုင်ငံသည် အထီးကျန်စွာ ရပ်တည်ခဲ့သော်လည်း ယခုအခါ ဒီမိုကရေစီစနစ်ကို စတင် ကျင့်သုံးလျက်ရှိပြီး ယင်းအတွက် အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လျက်ရှိပါသည်။ မကြာသေးမီနှစ်များအတွင်း မြန်မာနိုင်ငံသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာကာ ကမ္ဘာပေါ်တွင် စီးပွားရေး အလျင်အမြန် တိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုတွင် မညီမျှမှုများလည်း အခါအားလျော်စွာ ဖြစ်ပေါ်လေ့ရှိ၍ သတိထားစောင့်ကြည့်ခြင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ခြင်းနှင့် စီးပွားရေး အတက်အကျ မတည်ငြိမ်မှုများအား တုန့်ပြန်နိုင်သည့် မူဝါဒများချမှတ်ခြင်း အစရှိသည်တို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှုနှုန်း အနိမ့်ဆုံးနှင့် ငွေကြေးနှင့်ဘဏ္ဍာရေး တည်ငြိမ်မှုအရှိဆုံး အချိန်ဖြစ်ပြီး၊ ပြည်ပကြွေးမြီမှာ ဒေသတွင်း၌ အနည်းဆုံးနိုင်ငံ ဖြစ်နေပါသည်။

မြန်မာနိုင်ငံ၏ တံခါးဖွင့်မူဝါဒကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများအရှိန်အဟုန်ဖြင့် တိုးတက်လျက် ရှိပါသည်။ ကုန်သွယ်ရေးမူဝါဒများကို လွတ်လပ်သည့် အခြေခံမူဝါဒများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ခဲ့ပြီး ဆက်လက်၍လည်း ပြင်ဆင်မွမ်းမံသွားမည် ဖြစ်ပါသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကိုလည်း ရင်းနှီးမြှုပ်နှံသူများအားလုံး တန်းတူရည်တူ ယှဉ်ပြိုင်နိုင်စေရန်နှင့် ၎င်းတို့ သဘောကျ နှစ်သက်သော၊ ကြိုတင်မှန်းဆနိုင်သော၊ အဆင်ပြေသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို လွယ်ကူချောမွေ့စေသည့် ဘဏ္ဍာရေးကဏ္ဍတွင် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းကို လက်ရှိလက်လှမ်းမီနေသူများအပြင် လက်လှမ်းမမီသေးသူများကိုပါ အထောက်အကူပြုသော မိုဘိုင်းဖုန်းဖြင့် ငွေကြေးဝန်ဆောင်မှု ပေါ်ထွက်လာခြင်းသည် ဖွံ့ဖြိုးရေးကို နောက်ကျမှ လုပ်ဆောင်ရသော နိုင်ငံ၏အားသာချက်ကို ပေါ်လွင်စေပါသည်။ ယခုအချိန်တွင် ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသည့် အင်တာနက်ဆက်သွယ်မှု အခြေခံလုံခြုံသည့်စနစ်များသုံးစွဲခြင်း၊ Basel Accords ကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဘဏ်စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြင့် ဘဏ္ဍာရေးကဏ္ဍအား ပြောင်းလဲ တိုးတက်စေလျက်ရှိပါသည်။

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှု ရှိအောင် ဆောင်ရွက်ရန်မှာ အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်အတွက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေး တိုးတက်စေရန်အတွက် မေခရိုစီးပွားရေး စီမံခန့်ခွဲမှုစနစ် အားကောင်းစေရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရန် လိုအပ်သော်လည်း မြန်မာနိုင်ငံအစိုးရသည် ဘဏ္ဍာရေးဆိုင်ရာတွင် အထူးဂရုပြု၍ နှိုင်းဆချင့်ချိန်ခြင်း၊ ဘဏ္ဍာရေးလိုငွေကို GDP ၏ ၅% ထက်မကျော်လွန်စေရန် ထိန်းသိမ်းခြင်းနှင့် ဗဟိုဘဏ်မှ အစိုးရသို့ လိုငွေဖြည့်ဆည်းပေးမှုကို အနည်းဆုံးလျှော့ချခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သော သာတူညီမျှ ရှိ၍ အားလုံးပါဝင်နိုင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးမည် ဖြစ်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းဖြင့် အခြေခံအဆောက်အအုံ စီမံကိန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရအနေဖြင့် လုပ်ငန်းရှင်အဖြစ်မှ မူဘောင်ချမှတ် ကွပ်ကဲသူ တာဝန်သို့ ကူးပြောင်းရာတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ပြင်ပတွင် ဆောင်ရွက်သော စီးပွားရေးအဖွဲ့အစည်းများအဖြစ် (non-budgeted units) သို့ ပြောင်းလဲ၍ နောက်ဆုံးတွင် ရှယ်ယာများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသည့် ကော်ပိုရေးရှင်း အသွင်ကူးပြောင်းဆောင်ရွက်ရန် တွန်းအားပေးမည် ဖြစ်သည်။ အစိုးရအနေဖြင့် ထိုကဲ့သို့ အကျိုးရလဒ်များ ရရှိရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် လိုအပ်ကြောင်း အသိအမှတ်ပြု နားလည်ထားပါသည်။

မြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဘက်ညီမျှတစေရန် ကြိုးပမ်း ဆောင် ရွက်မည်ဖြစ်သည်။ ထို့အပြင် ပြည်သူများ ဘက်ပေါင်းစုံမှ လုံခြုံမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်မည် ဖြစ်ပြီး ကျေးလက်နှင့် မြို့ပြအကြားရှိ ဈေးကွက်လက်လှမ်းမီမှု၊ သတင်းအချက်အလက်၊ နည်းပညာ၊ ငွေကြေး၊ ပညာရေး၊ အခြေခံအဆောက်အအုံနှင့် ကျန်းမာရေးဆိုင်ရာစသည့် ကွာဟမှုများကို လျှော့ချ နိုင်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ဆက်သွယ်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြိုးပမ်းခြင်းအပြင် မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်းရဲမှုလျှော့ချရန် ကတိကဝတ်ပြုထားပြီး ၎င်းလုပ်ငန်း စဉ်နှင့် သက်ဆိုင်သည့် ကျယ်ပြန့်သောနည်းဗျူဟာများကိုလည်း အကောင်အထည် ဖော်ထားပြီး ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဆင်းရဲမှုမှာ လျော့ကျလျက်ရှိပြီး ၂၀၀၅ ခုနှစ်တွင် လူဦးရေ၏ သုံးပုံ တစ်ပုံ၊ ၂၀၀၉ ခုနှစ်တွင် လူဦးရေ၏ လေးပုံတစ်ပုံ၊ ၂၀၁၅ ခုနှစ်တွင် လူဦးရေ၏ ၂၀% အောက်အထိ ဆင်းရဲမှုနှုန်း လျော့ကျခဲ့ပါသည်။ သို့ရာတွင် ကျေးလက်နှင့်မြို့ပြကွာဟမှုမှာ ကျန်ရှိ

နေဆဲ ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် မြို့ပြဆင်းရဲမှု ၉% နှင့် နိုင်းယှဉ်ပါက ကျေးလက်ဒေသ၏ ဆင်းရဲမှု နှုန်းသည် ၂၃% ရှိနေပါသေးသည်။ ဆင်းရဲနွမ်းပါးမှု ကျဆင်းလာခြင်းနှင့်အတူ စီးပွားရေး ရုတ်တရက်ပြောင်းလဲမှုများကို ကြံ့ကြံ့ခံနိုင်စွမ်းမှာလည်း တိုးတက်လာလျက်ရှိပြီး အခြားကဏ္ဍများ ကဲ့သို့ပင် ပိုမိုတိုးတက် ကောင်းမွန်ရန် အခွင့်အရေးများစွာ ကျန်ရှိနေပါသေးသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ရွှေ့ပြောင်းသွားလာခြင်းသည်လည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံတော်အစိုးရသည် ရွှေ့ပြောင်းသွားလာ သူများအပြင် နေရပ်တွင်ကျန်ရှိနေခဲ့သည့် မိသားစုဝင်များကိုပါ အကျိုးဖြစ်ထွန်းစေရေးအတွက် တရားဝင်၍ အဆင်ပြေချောမွေ့မှုရှိပြီး အကုန်အကျခံကာ လုံခြုံစိတ်ချမှုရှိသော ရွှေ့ပြောင်း သွားလာခြင်း ဖြစ်စေ ရန် ကြိုးပမ်းလျက် ရှိပါသည်။

## အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) သည် ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ ဖြစ်စေမည့် ကာလရှည် မျှော်မှန်းချက် ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ရရှိရေးအတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့်လုပ်ငန်း စဉ်များကို ရဲဝံ့စွာ ဆောင်ရွက်နိုင်ရန် အတွက် MSDP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူပုဂ္ဂိုလ်များနှင့် ပတ်သက်ဆက်နွှယ် သူများ နှင့် တက်ကြွစွာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး MSDP ကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ယင်း MSDP ကို နိုင်ငံအတွင်း မှီတင်းနေထိုင်သော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီနှင့် နိုင်ငံ သားများအနေဖြင့် ရရှိနိုင်သည့် အလားအလာကောင်းများကို မှန်မှန်ကန်ကန်နှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ပြီး ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်သော လုပ်ငန်းစဉ်များပါဝင်သည့် အမြဲတမ်း ဆက်လက်ပြင်ဆင်မွမ်းမံသွားမည့် စာတမ်း (living document) တစ်ခုအဖြစ် ရည်ရွယ် ထားပါသည်။

MSDP သည် လက်ရှိ အကောင်အထည်ဖော်ဆဲနှင့် ရေးဆွဲလျက်ရှိသော ကဏ္ဍနှင့် ဦးတည် ချက်များအလိုက် စီမံကိန်းနှင့် မူဝါဒများအပေါ် အခြေခံထားပါသည်။ ယင်းအတွက် MSDP ကို ရှိရင်းစွဲ မဟာဗျူဟာ စီမံကိန်းအစီအစဉ်များနှင့် ကိုက်ညီမှုရှိ၍ ၎င်းတို့ကို နိုင်ငံတော်အဆင့် ဖွံ့ဖြိုးမှု ဆိုင်ရာ ပင်မရည်ရွယ်ချက်များနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရတစ်ရပ်လုံး ဆိုင်ရာ ဖွံ့ဖြိုးမှုမူဘောင်အဖြစ် ရည်ရွယ်ပါသည်။ သို့ဖြစ်ပါ၍ MSDP သည် ရှိရင်းစွဲ အစီအစဉ်များ၊ အထူး ရွေးချယ်ထားသော ကိစ္စရပ်များကို စိစစ်ပေါင်းစည်းထားခြင်းဖြစ်သည်။ ထို့အပြင် MSDP ပါ လုပ်ဆောင်ချက်များနှင့် ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များကို အဓိက ချိတ်ဆက်ခြင်းဖြစ်ပြီး MSDP သည် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များနှင့် ချိန်ညှိထားခြင်းဖြစ်သည်။

ထို့အပြင် ယခင်က လုပ်ဆောင်ခဲ့သည့် မဟာဗျူဟာ အစီအစဉ်များနှင့်မတူဘဲ MSDP ၏ ရည်မှန်းချက်များကို အစိုးရအဖွဲ့အစည်းများ၊ အမြတ်အစွန်း မမျှော်ကိုးသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိစေရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ ဤနိုင်ငံရှိ အားကောင်းသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၊ အခြေခံလူတန်းစားများ ပါဝင်သည့် အဖွဲ့အစည်းများ၏ မဆုတ်မနစ် ကြိုးပမ်းမှုများနှင့် စိတ်အားထက်သန်မှုများသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အောင်မြင်စေမည့် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။

MSDP ၏ အချို့သော လုပ်ငန်းစဉ်များမှာ လအနည်းငယ်အတွင်း ပြီးမြောက်နိုင်သော်လည်း၊ နှစ်ကာလများကြာအောင် အချိန်ယူလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။ ထို့အတူ အချို့သောလုပ်ငန်းစဉ်များမှာ ဆောင်ရွက်ပြီးစီးသွားသော်လည်း ဆက်လက်၍ ထပ်မံဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများအဖြစ် ပေါ်ပေါက်လာနိုင်ပါသည်။ ယင်းတို့ကို ဆက်လက်ရေးဆွဲသွားမည့် MSDP ပြင်ဆင်ချက်တွင် ဖော်ပြသွားမည် ဖြစ်ပါသည်။

## အားလုံးနှင့် ဆက်စပ်သက်ဆိုင်သည့် ဦးတည်ချက်များ

### မျှတခြင်း နှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးနှစ်မျိုးဟုဆိုရမည့် လူဦးရေ၏ အသက်အရွယ် အချိုးအစားအရ လည်းကောင်း၊ ဒီမိုကရေစီအရလည်းကောင်း ကြီးမားကျယ်ပြန့်သည့် အကျိုးကျေးဇူးများရရှိစေမည့်အပြင် နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်သည့် ယင်းပြည်သူများအတွက် အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကိုလည်း ဖန်တီးပေးသွားနိုင်မည် ဖြစ်ပါသည်။ ယင်းအတွက် MSDP အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ် အားလုံးတွင် လူငယ်နှင့် ကျား-မ တန်းတူရည်တူရှိရေး၊ မျှတခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်းတို့ကို အားလုံးနှင့်ဆက်စပ် သက်ဆိုင်သည့်ကိစ္စရပ်အဖြစ် သတ်မှတ်ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

### ဘက်ပေါင်းစုံ ရေရှည်တည်တံ့စေခြင်း

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝမှုသည် နိုင်ငံအတွက် အကျိုးအမြတ်များစွာကို ဆောင်ကြဉ်းပေးသကဲ့သို့ အခက်အခဲအချို့လည်း ရှိနေပါသည်။ နိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်သည် အခြေခံအုတ်မြစ်ဖြစ်သည်ကို မြန်မာအစိုးရအနေဖြင့် သိရှိထားပါသည်။ ထို့ကြောင့် မူဝါဒများနှင့် စီမံကိန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ပါဝင်ထည့်သွင်း စဉ်းစား၍ ရေးဆွဲအကောင်အထည်ဖော်ပြီး၊ နောင်လာနောင်သားများအတွက် ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရမည်ဟူသော အယူအဆကို ဖော်ဆောင်မည့် နိုင်ငံအဆင့် ဖွံ့ဖြိုးမှု မူဘောင်တစ်ရပ်ကို အစိုးရမှ အခိုင်အမာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုစနစ်

မရှိပါက လျင်မြန်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် သစ်တောပြုန်းတီးခြင်း၊ ဒီရေတောများ ပြုန်းတီးခြင်း၊ တရားမဝင် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း၊ မူဘောင်မဲ့ တွင်းထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ လေထုနှင့်ရေထု ညစ်ညမ်းစေခြင်း၊ စွန့်ပစ်ပစ္စည်း များပြား လာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုဆိုးရွား လာစေနိုင်သည်ဟူသော ယူဆချက်အပေါ် ဤ MSDP အား အခြေခံထားပါသည်။

နေရာအနှံ့တွင်ဖြစ်ပေါ်နေသည့် ကမ်းရိုးတန်းမုန်တိုင်းများ၊ ရေလွှမ်းမိုးခြင်းနှင့် မိုးခေါင်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ် အခံရဆုံးသော နိုင်ငံ များတွင် မြန်မာနိုင်ငံ အပါအဝင်ဖြစ်ပါသည်။ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဘဝများသည် ပြောင်းလဲလာသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိ၍ လုံခြုံမှု၊ စိတ်ချရမှုရှိစေရန် နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာ ရေးဆွဲရာတွင် ယင်းရာသီဥတုဆိုင်ရာ ထိခိုက်လွယ်မှုကို ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။

စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးမှုများ ဟန်ချက်ညီစွာရရှိနိုင်ရေး ရည်မှန်း၍ MSDP ကို ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်နှင့် အနီးစပ်ဆုံး ချိတ်ဆက်ရန် အစိုးရမှ ရည်မှန်းထားပါသည်။ ထို့ကြောင့် MSDP ကို ရှုထောင့်အားလုံးမှ အကောင်အထည်ဖော်ရာတွင် ဘက်ပေါင်းစုံ ရေရှည်တည်တံ့စေရေးကို အားလုံးနှင့် ဆက်စပ်သက်ဆိုင်သည့် ဦးတည်ချက်တစ်ခု အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

### ပဋိပက္ခ ဖြစ်လွယ်သည့် အခြေအနေကို ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်ပုံနည်းလမ်းများ

မြန်မာနိုင်ငံသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် အတွက် ဆောင်ရွက်လျက်ရှိပြီး ယခု MSDP အရ ဆောင်ရွက်မည့် လုပ်ငန်းများအားလုံးကိုလည်း ဤရည်မှန်းချက် ဖြစ်မြောက်ရန် စီစဉ်ရေးဆွဲထားပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှု၏ အကျိုးသက် ရောက်မှု အလားအလာကို စဉ်းစား၍ လုပ်ငန်းစဉ်များအားလုံးကို ရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ခြင်းတို့တွင် သက်ဆိုင်သူများအားလုံးမှ ပဋိပက္ခဖြစ်လွယ် သည့် အခြေအနေများကို ထည့်သွင်းစဉ်းစား၍ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်မှာ မရှိမဖြစ် လိုအပ် ပါသည်။ ယင်းအတွက် MSDP အကောင်အထည်ဖော်မှု၏ ဘက်ပေါင်းစုံတွင် ပဋိပက္ခဖြစ်လွယ် သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားထားသော ချဉ်းကပ်ပုံနည်းလမ်းများကို အားလုံးနှင့် ဆက်စပ် သက်ဆိုင်သည့် သဘောတရားတစ်ခုအဖြစ် ထည့်သွင်း စဉ်းစားခြင်းဖြစ်ပါသည်။

### ဒီမိုကရက်တစ် စည်းမျဉ်းစည်းကမ်းများ

MSDP ပါမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များအားလုံး၏ အခြေခံမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်ခြင်းကြောင့် ရရှိလာသည့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ကောင်းစွာ အသိအမှတ် ပြုထားခြင်းပင် ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် စွမ်းအား အကြီးဆုံးအင်ဂျင်ဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ အခွင့်အရေး နှင့် လွတ်လပ်ခွင့်ကို အခြေခံသည့် စနစ်၊ ဒီမိုကရေစီနှင့် ယင်းနှင့် ယှဉ်တွဲပါလာသည့်အဖွဲ့အစည်းများ၊ စနစ်များသည် လူအများကို

လိုက်ပါဆောင်ရွက်စေသည့် ဆွဲဆောင်မှု (မက်လုံးများ) ကို ချိန်ညှိပေးခြင်း၊ ပြဿနာများကို အလို အလျောက်တုံ့ပြန် ဖြေရှင်းပေးနိုင်ခြင်း၊ နည်းပညာတိုးတက်မှုနှင့် လိုအပ်မှုနှင့်အညီ ပြည်သူ့ ဝန်ဆောင်မှုကို မြှင့်တင်နိုင်ခြင်းနှင့် ရွေးချယ်စရာနှင့် အခွင့်အလမ်းများကို ချဲ့ထွင်ခြင်း စသည်တို့ကို ဆောင်ကြဉ်းပေးပါသည်။ အချုပ်အားဖြင့် ဒီမိုကရေစီ နှင့် လူတစ်ဦးစီ၏ ရပိုင်ခွင့်များကို အလေးပေး ဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးခြင်းတို့သည် မူဝါဒ၏ အဆုံးသတ်ရလဒ်များ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေနှင့် ဆင်းရဲမှုမှ လွတ်မြောက်၍ ပြည်သူများနှင့် ထိုက်တန်သည့် ကြွယ်ဝချမ်းသာမှု ကို ရရှိစေမည့် နည်းလမ်းများလည်း ဖြစ်ပါသည်။ ယင်းအတွက် လွတ်လပ်သည့် ဒီမိုကရက်တစ် စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အားလုံးနှင့် ဆက်စပ်သက်ဆိုင်သည့် သဘောတရား တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားခြင်း ဖြစ်ပါသည်။

## မူဘောင်

MSDP ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခု နှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ယင်းအချက်များအားလုံးသည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒ ၁၂ ချက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDG) များ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာ မူဘောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်းကတိကဝတ် သဘောတူညီ မှုများနှင့် ကိုက်ညီမှုရှိပါသည်။

**ဇယား - မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အနှစ်ချုပ် မူဘောင်**

<table>
<tr><th colspan="5">ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ</th></tr>
<tr><td>ပန်းတိုင် (၁)<br>ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု</td><td>ပန်းတိုင် (၂)<br>စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာ အားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု</td><td>ပန်းတိုင် (၃)<br>အလုပ်အကိုင် ဖန်တီးရေး နှင့် ပုဂ္ဂလိက ကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး</td><td>ပန်းတိုင် (၄)<br>၂၁ ရာစု လူမှုအသိုက်အဝန်း အတွက် လူသား အရင်းအမြစ်များ နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး</td><td>ပန်းတိုင် (၅)<br>နိုင်ငံ၏အနာဂတ် မျိုးဆက်များ အတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်</td></tr>
<tr><td colspan="2">မဏ္ဍိုင် (၁)<br>ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု</td><td>မဏ္ဍိုင် (၂)<br>သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု</td><td colspan="2">မဏ္ဍိုင် (၃)<br>ပြည်သူများ နှင့် ကမ္ဘာမြေ</td></tr>
</table>

ပန်းတိုင် (၅) ခုအတွက် တစ်ခုချင်းအလိုက် ရှင်းလင်းသည့်မဟာဗျူဟာများကို သတ်မှတ် ထားပါသည်။ ထို့အပြင် မဟာဗျူဟာများအလိုက် လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်။ လုပ်ငန်းစဉ်များသည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအပါအဝင် သက်ဆိုင်သည့်အဖွဲ့အစည်းများမှ

အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်များကို ဘက်ပေါင်းစုံခြုံငုံ၍ ရေးဆွဲထားပါသည်။

လုပ်ငန်းစဉ်များ ဖြစ်မြောက်စေရန်အတွက် အစီအစဉ်များ၊ စီမံချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုမျိုးစုံ လိုအပ်မည် ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းစဉ်များအလိုက် ပြီးမြောက်အောင်မြင်ရန် သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား အားကောင်းသည့်ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ လုပ်ငန်းစဉ်များကို လက်ရှိလုပ်ငန်းစီမံကိန်းများ၊ မဟာဗျူဟာများနှင့် ကိုက်ညီစေရန် အတတ်နိုင်ဆုံး ရေးဆွဲထားပါသည်။ မဏ္ဍိုင်များ၊ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ အားလုံးကို စုပေါင်း၍ MSDP အကောင်အထည်ဖော်ရေးပုံစံ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် နိုင်ငံ၏စီးပွားရေးမူဝါဒကို ထုတ်ပြန်ကြေညာပြီးနောက် ယင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို လမ်းညွှန်ပေးနိုင်မည့် ယေဘုယျမူဘောင်ကို အတိုဆုံးနှင့် အရှင်းဆုံးပုံစံဖြင့် ရှင်းလင်းတင်ပြထားခြင်း ဖြစ်ပါသည်။ MSDP ကို ယင်း မူဝါဒမူဘောင်နှင့် အကိုက်ညီဆုံးလုပ်ဆောင်ထားခြင်း ဖြစ်ပါသည်။

### မျှော်မှန်းချက်

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည် ထိန်းသိမ်းလျက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

### ရည်မှန်းချက်များ

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေမည့် မူဝါဒအဖြစ် ကျင့်သုံးရန်၊

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေး အခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊

၃။ နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေး မူဝါဒအဖြစ် ကျင့်သုံးရန်၊

၄။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ် တစ်ခုအဖြစ် ထူထောင်ရန်၊

## စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင် ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့ အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင် ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့် အခြေခံစီးပွားရေး အဆောက်အဦများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန် နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား များ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ် အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေး နှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင် ခွင့်များနှင့် တရားဥပဒေ စိုးမိုးမှု ရရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများ နှင့် စီးပွားရေး လုပ်ငန်းများကို ရေရှည် ဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ် မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများ တည်ဆောက်ရန်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမို စောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ် ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်၊

# မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ

## မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိမှုသည် မြန်မာနိုင်ငံ၏ အားလုံးပါဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုသို့ လျှောက်လှမ်းရမည့်ခရီးတွင် အဓိကအချက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားမျှတပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) သည် နိုင်ငံရေးနှင့် စီးပွားရေး မျက်နှာစာနှစ်ခုလုံးကို တပြိုင်တည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပဋိပက္ခများစတင် ဖြစ်ပေါ်ခြင်းနှင့် ကာလကြာမြင့်စွာ ဆက်လက်ဖြစ်ပွားနေခြင်းတို့သည် အုပ်စုများ အကြား ယုံကြည်မှုမရှိခြင်း၊ ၎င်းတို့၏ နစ်နာမှုများကို ဖော်ထုတ်တိုင်ကြားရန်အတွက် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသည့် အစိုးရအဖွဲ့အစည်းများ မရှိခြင်း၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခြင်း မရှိသကဲ့သို့ အရင်းအမြစ်များခွဲဝေရာတွင် ညီမျှမှုနှင့် တရားမျှတမှု မရှိဟု ခံစားရခြင်းနှင့် မေခရိုစီးပွားရေးမတည်ငြိမ်မှုနှင့် စီးပွားရေးပြောင်းလဲမှုဒဏ်တို့ကြောင့် ဖြစ်ရကြောင်း မဏ္ဍိုင် (၁) တွင် အသိအမှတ်ပြုပါသည်။

ထို့အတူ လုံခြုံမှုနှင့် တည်ငြိမ်မှု၊ အုပ်စုများအကြား အရင်းအမြစ်များ မျှတစွာ ခွဲဝေမှု၊ တရားဥပဒေ ခိုင်မာစွာ စိုးမိုးမှု၊ အုပ်စုများအကြား တူညီသည့် နိုင်ငံရေးဆိုင်ရာ မျှော်မှန်းချက်နှင့် တည်ငြိမ်အားကောင်းသည့် မေခရိုစီးပွားရေးဝန်းကျင် ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတော်၏ စွမ်းဆောင်ရည်ပိုမိုခိုင်မာလာခြင်းတို့ဖြင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖန်တီးဖြစ်ပေါ်ထိန်းသိမ်းနိုင်စေမည်ကိုလည်း မဏ္ဍိုင် (၁) တွင် ကောင်းစွာ အသိအမှတ်ပြုထားပါသည်။

ဤအချက်များအပေါ် အခြေခံ၍ MSDP တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မဟာဗျူဟာများကို တိကျစွာ ဖော်ထုတ်ချမှတ်ထားပါသည်။ ဤသို့ချမှတ်ရာတွင် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ တိုင်းရင်းသားလူနည်းစုများ၊ လက်နက်ကိုင်ပဋိပက္ခနှင့် လူမှုအဖွဲ့အစည်းများအကြား တင်းမာမှုများကြောင့် အကျိုးသက်ရောက်သူများစသဖြင့် ထိခိုက်လွယ်သည့်အုပ်စုများ ရင်ဆိုင်နေရသည့် သီးခြားစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစား၍ တုံ့ပြန်နိုင်ရန် ဆောင်ရွက်ထားပါသည်။

### ပန်းတိုင် (၁) - ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု

ပန်းတိုင် (၁) သည် နိုင်ငံအဝှမ်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိရေးကို ဦးတည်ဆောင်ရွက်မည် ဖြစ်ပါသည်။ ပန်းတိုင် (၁) ကိုဖော်ဆောင်ရာတွင် ပွင့်လင်းစွာဖြင့် အားလုံးပါဝ င်၍ ကောင်းမွန်

သော အုပ်ချုပ်မှုစနစ်ဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအား လေးစားမှု၊ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ဝန်ဆောင်မှုများပေးရာတွင် (အပစ်ပယ်ခံနှင့် ထိခိုက်လွယ်သူများကို အထူးဦးစားပေး၍) အားလုံးပါဝင်မှုနှင့် ပဋိပက္ခဖြစ်လွယ်မှု အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပဋိပက္ခ မဖြစ်စေရေးကို ဦးတည်ဆောင်ရွက်မှုတို့ဖြင့် ယုံကြည်မှု၊ လူမှုသဟဇာတဖြစ်မှုနှင့် အဆုံးစွန်တွင် ငြိမ်းချမ်းရေးရရှိရန် ပေါင်းကူးတံတားအဖြစ် တည်ဆောက်ခြင်းတို့၏ တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်အားဖြည့်မှုနှင့် မရှိမဖြစ်လိုအပ်မှုကို အသိအမှတ်ပြုပါသည်။ လုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် စွမ်းရည်ပြည့်ဝပြီး ပွင့်လင်းမြင်သာသည့် သက်ဆိုင်သူအားလုံးနှင့် စဉ်ဆက်မပြတ် ထိရောက်စွာ ဆွေးနွေးသွားမည့် အစိုးရအဖွဲ့အစည်းဖြစ်ပေါ်လာရေးကို ပံ့ပိုးပေးနိုင်ရန် ရေးဆွဲထားပါသည်။

**ရည်ညွှန်းအကိုးအကားများ**

- နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ စီမံချက် (၂၀၁၇-၂၀၂၀)
- အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ (၂၀၁၈ )
- တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)
- ပြည်ထောင်စုရှေ့နေချုပ်ရုံးမဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၉)
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)

## မဟာဗျူဟာ ၁.၁ - တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAOs) နှင့် အစိုးရတပ်များအကြား ပြည်တွင်းပဋိပက္ခများဖြင့် ရှည်လျားသော သမိုင်းကြောင်းရှိသည့် တိုင်းရင်းသားပေါင်းစုံ နေထိုင်သော နိုင်ငံ ဖြစ်ပါသည်။

မကြာသေးမီနှစ်များအတွင်း EAOs ထဲမှ အများစုသည် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ လတ်တလောတွင် ထိုသဘောတူစာချုပ်အရ EAOsများ ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာမှုကြောင့် အောင်မြင်မှုရှိနေသော်လည်း လက်မှတ်ရေးထိုးရန် ကျန်ရှိသည့်အုပ်စုများ ပါဝင်လာရန် လိုအပ်နေဆဲဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံညီလာခံ ဖွင့်ပွဲနှင့်အတူ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်သည့် အုပ်စုအားလုံး၏ တူညီသောအမြင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှုတွင် အားလုံးပါဝင်သော မူဘောင်ကို စတင်နိုင်ခဲ့ပါသည်။ အဆိုပါ နိုင်ငံရေးဆွေးနွေးမှု ဆက်တိုက်တိုးချဲ့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ထောင်စု

ငြိမ်းချမ်းရေးရရှိစေရန် ဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေရန် အထောက်အကူဖြစ်စေကာ နှစ်ပေါင်း(၆၀)ကျော် အမြစ်တည်နေသည့် ပဋိပက္ခများ၏ အကျိုးဆက်ကို ခံစားနေရသူအားလုံး ငြိမ်းချမ်းရေး၏ အကျိုးအမြတ်များအား ဝေမျှခံစားနိုင်စေရပါမည်။

မြန်မာနိုင်ငံတွင် လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံ ဖွံ့ဖြိုးမှုမရှိခြင်း၊ အစိုးရ အဖွဲ့အစည်းများအပေါ် ယုံကြည်မှုနည်းပါးခြင်းနှင့် မငြိမ်းချမ်းသေးသော နယ်မြေဒေသများ၌ ပြည်သူ့ဝန်ဆောင်မှု အသုံးပြုနိုင်မှုမှာ အကန့်အသတ်များရှိနေခြင်းတို့သည် မြန်မာအစိုးရ၏ ဆင်းရဲမှုလျှော့ချရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေရှည်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများအတွက် စိုးရိမ်ဖွယ်ရာစိန်ခေါ်မှုများ ဖြစ်လာစေပါသည်။

တစ်နိုင်ငံလုံး ရေရှည်ခိုင်မြဲသည့် ငြိမ်းချမ်းရေးမရရှိလျှင် MSDP တွင် ဖော်ပြထားသည့် ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများသည် ပဋိပက္ခဒဏ်ကြောင့် ထိခိုက်ခံစားနေရသူများထံသို့ အမှန်တကယ်ရောက်ရှိရေးအတွက် အကောင်အထည်ဖော်နိုင်ရန်မှာ ခက်ခဲနေမည် ဖြစ်ပါသည်။

အောက်ဖော်ပြပါ သတ်မှတ်ထားသော လုပ်ငန်းစဉ်များမှာ “အထူးဦးစားပေးများ” ဖြစ်ပြီး ယင်း လုပ်ငန်းစဉ်များ မရှိပါက အခြားမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များမှာလည်း အောင်မြင်နိုင်မည် မဟုတ်ပါ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာသွားကြသူများ၊ အမျိုးသမီးနှင့် လူငယ်များ အပါအဝင် ထိခိုက်လွယ်သူများအားလုံး အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်မှုသည် ဤလုပ်ငန်းစဉ်များ၏ အထူးသိသာထင်ရှားသောအချက် ဖြစ်ပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု | | | | | |
| ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့်ကောင်းမွန် သောအုပ်ချုပ်မှု | | | | | |
| မဟာဗျူဟာ ၁.၁ - တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာရေး | | | | | |
| ၁.၁.၁ | ၂၁ရာစုပင်လုံညီလာခံ - ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ဆက်လက် ကျင်းပရန် | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကျစ်လစ် ခိုင်မာလာခြင်း | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဆွေးနွေးမှုပူးတွဲကော်မတီ၊ အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၁ |
| ၁.၁.၂ | နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သက်ဆိုင်သူ အားလုံးပါဝင်သောနိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရန် | ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်များတွင်အားလုံးပါဝင်လာခြင်း | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် | မူဝါဒ ၁ | SDG ၁၆.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | | | ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | | |
| ၁.၁.၃ | တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ(EAOs) အားလုံး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် NCA အကောင်အထည်ဖော်ရေးတွင် ပါဝင်လာစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မိမိတို့ ပါဝင်ရမည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကိုရှင်းရှင်းလင်းလင်းနားလည်သိရှိသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ ကျယ်ပြန့်စွာ ပါဝင်လာစေရန် | ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်များ တွင်အားလုံးပါဝင် လာခြင်း | အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၁ |
| ၁.၁.၄ | မိမိတိုင်းပြည်၊ မိမိ၏ဦးဆောင်မှုဟူသောစိတ်ဖြင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြောင်း သေချာစေရန် | ရေရှည်တည်တံ့ သည့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်များ တွင်အားလုံးပါဝင် လာခြင်း | အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၇ |
| ၁.၁.၅ | နိုင်ငံရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးဦးရေ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် | စဉ်ဆက်မပြတ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်များ တွင်အားလုံး ပိုမို ပါဝင်လာနိုင်ခြင်း | အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၇ |
| ၁.၁.၆ | နိုင်ငံရေးဆွေးနွေးပွဲများမှ ရလဒ်များအပေါ်အခြေခံပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်လာစေ | မြန်မာနိုင်ငံအား ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေ ရေး အခြေခံအုတ်မြစ် ကိုအားဖြည့်ပေးခြင်း | အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် | မူဝါဒ ၁ | SDG ၁၆.၁<br>SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ရေးအတွက် အခြေခံမှုများကို သဘောတူညီမှုရလာစေရန် | | ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | | |
| ၁.၁.၇ | တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါအချက် များကို လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်ရန် | ငြိမ်းချမ်းရေး လုပ်ငန်း စဉ် စုစည်းခိုင်မာလာ ခြင်း | အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဆွေးနွေးမှုပူးတွဲ ကော်မတီ၊အတိုင်ပင် ခံရုံးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၁ |

## မဟာဗျူဟာ ၁.၂ - တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေး

အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးနှင့် အားလုံးအတွက်ဖွံ့ဖြိုးမှု အတူတွဲဆက်ထားမှသာ အခွန့်ရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို တစ်ပြိုင်နက် ရရှိရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် စစ်မှန်စွာ အသွင်ကူးပြောင်းသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်ဆောင်ရွက်ရာတွင် အားလုံးပါဝင်သည့် တစ်နိုင်ငံလုံး ရေရှည်ငြိမ်းချမ်းရေးရရှိရေးကို တစ်ပြိုင်တည်းဆောင်ရွက်ရန် လိုအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲပြောင်းမှုနှင့် ဘဏ္ဍာငွေမျှတစွာ ခွဲဝေမှု စသည့် ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် ကျင့်သုံးရေးနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်ရေးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ MSDP ၏ လုပ်ငန်းစဉ်များတွင် အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ဆက်သွယ် ချိတ်ဆက်ပေးခြင်းတို့ဆောင်ရွက်ရာတွင် ရှိနှင့်ပြီးသော ဒေသခံလူမျိုးစုများနှင့် နီးနွယ်သည့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများနှင့် ဒေသခံလူထုများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း လာစေရန် အရေးကြီးပါသည်။ ဦးစားပေး အခြေခံအဆောက်အအုံများတွင် ပညာရေးနှင့် ကျန်းမာ ရေး ဝန်ဆောင်မှုများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဈေးကွက်ရှိရာနေရာနှင့် အဓိက မြို့ကြီးများသို့ ဆက်သွယ်နိုင်သည့်လမ်းများ ပါဝင်ပါသည်။ တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များ နှင့် ရပ်ရွာလူထုတို့ကို ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောလူထုမှ တုံ့ပြန်မှုပေးနိုင်သည့် စနစ်မှ

တဆင့် တိုင်ပင်ဆွေးနွေးခြင်း၊ ကတိကဝတ်ပြုခြင်းအားဖြင့် လူမှုသဟဇာတဖြစ်မှုကို အားဖြည့်ပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

ဝေးလံခေါင်သီသောဒေသရှိ တိုင်းရင်းသားများအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုသည် စိုက်ပျိုးရေးနှင့် အခြားသောကဏ္ဍများ၏ ထုတ်လုပ်နိုင်စွမ်း တိုးမြှင့်ရေးအတွက် ခိုင်မာသည့် အခြေခံဖြစ်သည့်အပြင် အမျိုးသား ဖွံ့ဖြိုးရေး အစီအစဉ်တွင် ကိုယ်ပိုင်ဟု ခံယူစိတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓါတ်များကို ပျိုးထောင်သကဲ့သို့ ဖြစ်ပေါ်စေပါသည်။ စွန့်ဦးတီထွင်မှုနှင့် အလားအလာရှိသည့် မိုက်ခရို (Micro)၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအား ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးအတွက် ဦးတည်ပျိုးထောင်ပေးခြင်းနှင့် စွန့်ဦးတီထွင်နိုင်ရေးအတွက် လမ်းဖွင့်ပေးခြင်းသည် ပဋိပက္ခ အလွန်နှင့် ပဋိပက္ခဒဏ်ကြောင့် ထိခိုက်ခံစားနေရသူများ၏ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် အလွန် အရေးကြီးသည့် မောင်းနှင်အားများ ဖြစ်လာမည်ဖြစ်သည်။

လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ရာတွင် ပဋိပက္ခဖြစ်လွယ်မှုအခြေအနေကို ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်ပုံကို အသုံးပြုခြင်းနှင့် အားနည်းထိခိုက်လွယ်သူများကို အလေးထားလုပ်ဆောင်ခြင်းတို့ဖြင့် မညီမျှမှုနှင့် ထိခိုက်စေမှုတို့ကို လျော့ကျစေပါသည်။ ထို့အပြင် တီထွင်မှုရှိသော အခြေအနေနှင့် သင့်လျော်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပေါ်ပေါက်စေရန်အတွက်လည်း အထောက်အကူပေးပြီး၊ ယင်းလုပ်ငန်းများကို ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ နည်းပညာနှင့် သတင်းအချက်အလက် ရရှိနိုင်မှုတို့ဖြင့် ပိုမိုကျယ်ပြန့်စေမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး** | | | | | |
| **ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု** | | | | | |
| **မဟာဗျူဟာ ၁.၂ - တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှု စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေး** | | | | | |
| ၁.၂.၁ | ပဋိပက္ခအလွန် နှင့် ပဋိပက္ခ အကျိုးဆက်ခံစားရသည့် ဒေသများ၌ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအတွက် လုံခြုံပြီး၊ ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်စေမည့်ပြန်လည် နေရာချထားရေး အစီအစဉ်များ အပါအဝင် အခြား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ | လူမှုသဟဇာတဖြစ်မှုပိုမိုဖြစ်ထွန်းလာရန် အထောက်အကူပြုခြင်း နှင့် ပဋိပက္ခ အလွန် လူမှုစီးပွား ပြန်လည် တည်ဆောက်ခြင်းတို့တွင် ဒေသဆိုင်ရာမှ ဆုံးဖြတ်၊ ဆောင်ရွက်ပိုင် | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ စိုက်/ မွေး/ဆည်၊ အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန်၊ တိုင်းရင်းသားရေးရာ၊ တိုင်းဒေသကြီး/ | မူဝါဒ ၅၊ ၆ | SDG ၁၆.၆၊ SDG ၁၆.၇ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | အား စီမံခန့်ခွဲရာတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချ ပြီး လူမှုသဟဇာတ ဖြစ်မှု ပိုမိုဖြစ်ထွန်းလာစေရန် | ခွင့်ပေးခြင်း | ပြည်နယ် အစိုးရများ | | |
| ၁.၂.၂ | အရင်းအမြစ်များကို စုစည်းနိုင်ရေး အစီအစဉ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး စီမံချက်များ ချဲ့ထွင်ရေးဆွဲရန်နှင့်အကောင် အထည်ဖော်ရန် | တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တွင် ထိရောက်သည့် ပြည်သူ့ဝန်ဆောင်မှု ပေးခြင်း | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ | မူဝါဒ ၄၊ ၆ | SDG ၁၀.၁ ၊ SDG ၁၆.၆ |
| ၁.၂.၃ | ပဋိပက္ခအလွန်နှင့်ပဋိပက္ခအကျိုး ဆက်ခံစားရသည့်ဒေသများတွင် အားလုံး ပါဝင်သော ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင် ဖန်တီးခြင်းတို့ကို တိုးမြှင့်စေရန်နှင့် ဦးစားပေး သတ်မှတ်ရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | စီမံ/ဘဏ္ဍာ၊ စီးပွား/ ကူးသန်း၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ တိုင်းရင်းသား ရေးရာ၊ | မူဝါဒ ၄၊ ၅၊ ၆၊ ၇ | SDG ၈.၃၊ SDG ၁၀.၁၊ SDG ၁၆.၆ |
| ၁.၂.၄ | မြန်မာနိုင်ငံအတွင်းသာမက ဒေသတွင်းရှိ ဖွံ့ဖြိုးမှုနှင့် လူဦးရေဗဟိုချက်နေရာများနှင့် မြန်မာနိုင်ငံတွင်းရှိ နောက်ကျကျန်နေသေးသော ဒေသများ အတွင်း လူမှုရေး၊ စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုများကို မြှင့်တင်ပေးရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ ပို့/ ဆက်၊ ဆောက်လုပ်ရေး၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ လျှပ်စစ်/ စွမ်းအင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | မူဝါဒ ၄၊ ၅ | SDG ၁၀.၁ |
| ၁.၂.၅ | ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဘဏ္ဍာငွေခွဲဝေမှုတွင် ညီမျှ၍ အကျိုးရှိစွာ အသုံးချနိုင်မှု တိုးတက်လာစေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်း (စီးပွားရေး ရည်မှန်းချက် ၂) | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၀.၁ |
| ၁.၂.၆ | ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ နောက်ဆုံး အစီရင်ခံစာတွင်ဖော်ပြထားသော သဘောထားမှတ်ချက်များ အပေါ် ပြည့်ဝစွာ အကောင် အထည်ဖော်ဆောင်ရွက်ရန် | ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးမြှင့်တင်ပေးခြင်း | ပြည်ထဲရေး၊ စီမံ/ ဘဏ္ဍာ၊ ရခိုင်ပြည်နယ် အစိုးရ၊ ရခိုင် ပြည်နယ်တွင်း | မူဝါဒ ၄၊ ၅၊ ၆ | |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | | | လူသားချင်းစာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချ ထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ ရခိုင် ပြည်နယ် ဆိုင်ရာအကြံပြု ချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ | | |
| ၁.၂.၇ | မောင်တောဒေသစုံစမ်း စစ်ဆေးရေးကော်မရှင်နှင့် အခြား သက်ဆိုင်ရာတပ်ဖွဲ့/ လုံခြုံရေး ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းများမှ ချမှတ် ရေးဆွဲထား သော သဘောထား မှတ်ချက်များ အပေါ် အပြည့်အဝအကောင် အထည်ဖော် ဆောင်ရွက်ရန် | ရခိုင်ပြည်နယ်အတွင်း လူမှု စီးပွား ဖွံ့ဖြိုး တိုးတက်စေရေးမြှင့် တင်ပေးခြင်း | ပြည်ထဲရေး၊ စီမံ/ ဘဏ္ဍာ၊ ရခိုင် ပြည်နယ် အစိုးရ၊ ရခိုင်ပြည်နယ် အတွင်း လူသားချင်း စာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာ ချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၊ လူသားချင်း စာနာမှု အကူအညီအထောက် အပံ့ပေးရေး၊ ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြု ချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ | မူဝါဒ ၄၊၅၊ ၆ | |
| ၁.၂.၈ | ပဋိပက္ခ အကျိုးဆက်ခံစားရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖွံ့ဖြိုးမှု အကူ အညီများနှင့် ရင်းနှီး မြှုပ်နှံမှု စီးဝင်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရန် | တိုင်းဒေသကြီးနှင့်ပြည် နယ် အားလုံးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေခြင်း(စီးပွားရေး ရည်မှန်းချက် ၂) | ဖွံ့ဖြိုးမှု အကူအညီ များညှိနှိုင်းရေးအဖွဲ့ (DACU)၊ စီမံ/ဘဏ္ဍာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) | မူဝါဒ ၄၊ ၇ | SDG ၁၀.၁ |

## မဟာဗျူဟာ ၁.၃ - တရားမျှတမှု၊ လူတစ်ဦးချင်းစီ၏အခွင့်အရေး နှင့် တရားဥပဒေ စိုးမိုးမှု ပိုမိုရှိစေရေး

တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီစနစ်၏ အုပ်ချုပ်မှုကို ကျောထောက်နောက်ခံပြုသော အခြေခံမူ သဘောတရားဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု အားနည်းခြင်းသည် ပြည်သူများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါး၍ထိခိုက်လွယ်သည့် အုပ်စုများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အခြားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ အောင်မြင်ရေးအတွက် အတားအဆီး တစ်ခုလည်း ဖြစ်ပါသည်။

ဤမဟာဗျူဟာအား အကောင်အထည်ဖော်ရာတွင် MSDP သည် ဥပဒေရေးဆွဲရာ၌ ပိုမို ပွင့်လင်း မြင်သာမှုရှိရန်နှင့် ညှိနှိုင်းတိုင်ပင်မှုရှိစေရန်၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းသည့် ဥပဒေဖြစ်ရန်၊ တရားမျှတ၍ ဘက်လိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ လူ့အခွင့်အရေးကို လေးစားရန်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ ဥပဒေ၏ အထက်တွင် မည်သူမျှရှိမနေဘဲ အုပ်ချုပ်မှုစနစ်အောက်တွင် လူတိုင်းတူညီသော အကျိုး ကျေးဇူး ရရှိမည် ဖြစ်ပါ သည်။

အဆိုပါအချက် အောင်မြင်စေရန် တရားရုံးများသည် လွတ်လပ်မှုရှိရမည်ဖြစ်ပြီး တရားစီရင် ရာတွင်လည်း ပွင့်လင်းမျှတမှု ရှိရမည်ဖြစ်ပါသည်။ ရပ်ရွာအဆင့်၌ တရားဥပဒေစိုးမိုးမှု ခိုင်မာစေရန် အဆင့်များ ချမှတ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ ဘဝနှင့်အခွင့်အလမ်းများသည် တရား မျှတမှုမရှိခြင်းကြောင့် ဆုတ်ယုတ်နစ်နာမှုများ ရှိလာမည်မဟုတ်ပေ။ မြန်မာနိုင်ငံတော်အစိုးရအနေ ဖြင့် ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အရေးပါသည့်အခန်းကဏ္ဍနှင့် ပြည်သူများ၏ယုံကြည်မှုနှင့် အသိပညာတိုးပွားလာစေရန် ယင်းအဖွဲ့ အစည်းများ၏ ပါဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြုပါသည်။

အဆင့်ဆင့်ဆောင်ရွက်ရန် ရှိသည်များအနက် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် လူတစ်ဦးချင်းစီနှင့် အထူးသဖြင့် ထိခိုက်လွယ်သည့် အုပ်စု များ ဘေးကင်းလုံခြုံရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူ့အခြေပြု ရဲလုပ်ငန်း ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော ဆန်းသစ်သည့် ချဉ်းကပ်မှုများကို အသုံးပြု ခြင်းဖြင့် ဥပဒေများ အသက်ဝင်အာဏာတည်စေရန်အဆင့်များ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းခြင်း၊ အုပ်စုဖွဲ့ ရာဇဝတ်မှု ကျူးလွန် သည့် ဂိုဏ်းများအား ဖြိုခွဲခြင်း၊ မိသားစုများနှင့် ရပ်ရွာအတွင်းရှိ လူမှုအရင်းအနှီးများအား ကာကွယ် ပေးခြင်းအပါအဝင် နောင်ဖြစ်လာမည့် အကြမ်းဖက်မှုများကိုလည်း တားဆီးကာကွယ် နိုင်မည်ဖြစ်ပါ သည်။

ပဋိပက္ခအကျိုးဆက် ခံစားရသည့်ဒေသများတွင် ဖွံ့ဖြိုးရေးကြိုးပမ်းမှုများကို လူ့အခွင့်အရေး အခြေပြု၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို တိကျစွာ အဆင့်ဆင့်

ဆောင်ကြဉ်းနိုင်ရန် အလွန်အရေးကြီးပါသည်။ ဤမဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည် -

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး | | | | | |
| ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု | | | | | |
| မဟာဗျူဟာ ၁.၃ - တရားမျှတမှု၊ လူတစ်ဦးချင်းစီ၏အခွင့်အရေး နှင့် တရားဥပဒေ စိုးမိုးမှု ပိုမိုရှိစေရေး | | | | | |
| ၁.၃.၁ | သဘောတူစာချုပ်များ အသက်ဝင်စေခြင်းနှင့် ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်းကို သုံးသပ်ခြင်း၊ စိစစ်ခြင်း၊ မူကြမ်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့ကို အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မှု တိုးတက်လာစေရန် | လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း | ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အခြားဝန်ကြီးဌာနများ၊ | မူဝါဒ ၇ | SDG ၁၆.၃ |
| ၁.၃.၂ | လက်ရှိဥပဒေ အထောက် အကူပေးရေးစနစ်ကို သုံးသပ်ရန်နှင့် အကျိုးခံစားခွင့် ရရှိထိုက်သူများ အားလုံးပါဝင်နိုင်မည့် ဥပဒေ အထောက်အကူပေးရေးမူဝါဒ ချမှတ်ရန် | လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း | ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ | မူဝါဒ ၇ | SDG ၁၆.၃ |
| ၁.၃.၃ | တရားစွဲဆိုခံနေရစဉ် အမှုရင်ဆိုင်ရာ၌တရားမျှတမှု ရှိမှု ပိုမိုအားကောင်း စေရန် | တရားစီရင်မှုစနစ်အား ပြည်သူများပိုမို စိတ်ချယုံကြည်လာခြင်း | ရှေ့နေချုပ်ရုံး၊ | မူဝါဒ ၇ | SDG ၁၆.၄ |
| ၁.၃.၄ | တစ်ဦးစီ၏ အခွင့်အရေးများ၊ သင့်လျော်သည့် လုပ်ငန်းစဉ်များနှင့် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် တရားမျှတမှုနှင့် တရား ဥပဒေစိုးမိုးမှု လုပ်ငန်းစဉ်ကို ပိုမိုသဘောပေါက်နားလည်လာ စေရေး ဆောင်ရွက်ရန် | တရားစီရင်မှုစနစ် အား ပြည်သူများပိုမို စိတ်ချယုံကြည်လာခြင်း | ရှေ့နေချုပ်ရုံး၊ ပညာရေး၊ | မူဝါဒ ၇ | SDG ၁၆.၅ |
| ၁.၃.၅ | တရားရုံးချုပ်ရှေ့နေများ ကောင်စီအက်ဥပဒေပြင်ဆင်ခြင်းအပါအဝင် အားကောင်း၍ လွတ်လပ်မှု ရှိသော တရားရုံးချုပ်ရှေ့နေကောင်စီ ထူထောင်ရန် | တရားစီရင်မှုစနစ်အား ပြည်သူများပိုမို စိတ်ချယုံကြည်လာခြင်း | ရှေ့နေချုပ်ရုံး၊ | မူဝါဒ ၇ | SDG ၁၆.၆ |
| ၁.၃.၆ | တရားသူကြီးများအပါအဝင်တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ | လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဥပဒေဆိုင်ရာ အခွင့် | ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရား | မူဝါဒ ၇ | SDG ၁၆.၇ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြှင့်တင်စေရန်၊ ထိရောက် လွတ်လပ်စွာဆောင်ရွက်နိုင်မှုရှိစေ ရန် နှင့် ပညာရှင်ပီသမှု၊ တာဝန်ခံ မှုနှင့် ရိုးသားဖြောင့်မတ်မှုတို့ ရှိနေစေရန် | အရေးများနှင့် အမျိုးသား အကျိုး စီးပွားကို ကာကွယ် စောင့်ရှောက်ခြင်း | လွှတ်တော်ချုပ်ရုံး၊ | | |
| ၁.၃.၇ | တရားစီရင်ရေးကဏ္ဍတွင်ဘက်စုံ ပြုပြင် ပြောင်းလဲရေး မဟာ ဗျူဟာချမှတ်ရန် | လူပုဂ္ဂိုလ်တစ်ဦးချင်းစီ ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသား အကျိုး စီးပွားကို ကာကွယ် စောင့်ရှောက်ခြင်း | ရှေ့နေချုပ်ရုံး၊ တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ | မူဝါဒ ၇ | SDG ၁၆.၈ |
| ၁.၃.၈ | လုံခြုံရေးကဏ္ဍတွင် လိုအပ်သလို ပံ့ပိုးပေးခြင်းဖြင့် ၎င်း၏ မူလ တာဝန်ဖြစ်သည့် ပြည်သူများအား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင် ရန် နှင့် ရပ်ရွာများ ငြိမ်းချမ်းရေး၊ ဘေးကင်းလုံခြုံစေရေး ဆောင်ရွက်နိုင်ရန် | လူပုဂ္ဂိုလ် တစ်ဦးချင်းစီ ၏ ဥပဒေဆိုင်ရာ အခွင့် အရေးများနှင့် အမျိုးသား အကျိုး စီးပွားကို ကာကွယ် စောင့်ရှောက်ခြင်း | ပြည်ထဲရေး၊ | မူဝါဒ ၇ | SDG ၁၆.၉ |

## မဟာဗျူဟာ ၁.၄ - ကောင်းမွန်သောအုပ်ချုပ်မှု၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုနှင့် အဆင့်တိုင်းတွင် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်မှု တိုးတက်ကောင်းမွန်ရေး

MSDP အား အပြည့်အဝ အကောင်အထည်ဖော်နေစဉ် တစ်ချိန်တည်းမှာပင် စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုများ ကောင်းမွန်မြင့်မားစွာ ရရှိစေရန်မှာ အစိုးရ၏ ယန္တရား အဆင့်တိုင်း ခိုင်မာအားကောင်းမှုနှင့် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာ၍ တာဝန်ခံသည့် စနစ်ဖြင့် ဆောင်ရွက်မှုတို့ဖြင့်သာ ရရှိနိုင်မည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ခိုင်မာသည့် အထောက် အထားများကို အခြေခံချမှတ်ပြုထားသော မူဝါဒရေးဆွဲမှု ပိုမိုကောင်းမွန်လာစေခြင်း၊ ကောင်းမွန် သော အုပ်ချုပ်မှုစနစ်များဖြင့် အကောင်အထည်ဖော်ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုအား စီမံခန့်ခွဲခြင်းနှင့် အကဲဖြတ်သည့်စနစ်များသည် ကောင်းမွန်သောအုပ်ချုပ်မှု၏ ကျောထောက် နောက်ခံဖြစ်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်၏ အခြေခံဖြစ်သည်ကို အသိအမှတ်ပြုပါသည်။ အသစ်ပြဋ္ဌာန်း ပြင်ဆင်ထားသည့် ရှင်းလင်းသော စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများ၊ လုပ်ထုံး

လုပ်နည်းများနှင့် ပိုမိုထိရောက်သော လုပ်ပိုင်ခွင့်အာဏာအပ်နှင်းမှုတို့သည် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာစေမည့် အထောက်အပံ့ကောင်းများ ဖြစ်ပါသည်။

အစိုးရ၏ အီလက်ထရောနစ် အုပ်ချုပ်မှုယန္တရား (e-government) အစီအမံ စတင်ခြင်းနှင့် အတူ အွန်လိုင်းမှ သတင်းအချက်အလက် ဖြန့်ဝေခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ခွင့်ပြုချက်များ ပေးခြင်း စသည်တို့အတွက် အွန်လိုင်းအသုံးချဆော့ဖ်ဝဲလ်များ (online application) အသုံးပြုခြင်းဖြင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုကို ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်သည်။ အစိုးရဝန်ထမ်းများ၏ လူ့စွမ်းအားဖွံ့ဖြိုး တိုးတက်စေရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုစေမည် ဖြစ်ပါသည်။ MSDP တွင် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းကို ခေတ်မီစေခြင်းနှင့် အစိုးရကဏ္ဍစီမံခန့်ခွဲမှု အလေ့အထသစ်များ စတင်ကျင့်သုံးခြင်းတို့ကို အထူးအလေးပေး၍ ထည့်သွင်းထားပါသည်။ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံခြင်းနှင့် မှန်ကန်ဖြောင့်မတ်မှုရှိခြင်းတို့သည် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်မှု တိုးတက်လာစေရန်အတွက် ထိပ်ဆုံးထား၍ ဆောင်ရွက်ရမည့်အချက်များ ဖြစ်ပါသည်။ မဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့်ကောင်းမွန်သောအုပ်ချုပ်မှု** | | | | | |
| **မဟာဗျူဟာ ၁.၄ - ကောင်းမွန်သောအုပ်ချုပ်မှု၊ အဖွဲ့အစည်းများ၏စွမ်းဆောင်မှုနှင့် အဆင့်တိုင်းတွင် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်မှု တိုးတက်ကောင်းမွန်ရေး** | | | | | |
| ၁.၄.၁ | နိုင်ငံ့ဝန်ထမ်းဘဝနှင့် ၎င်းတို့၏လုပ်ငန်းခွင် တိုးတက်မှုရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်၊လစာနှင့် ခံစားခွင့်စသည် တို့ကို စဉ်ဆက်မပြတ် သုံးသပ်ခြင်း၊ စံသတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းအားဖြင့် တီထွင်ဆန်းသစ်မှုနှင့် အားလုံး ပါဝင်မှုရှိစေမည့်နည်းလမ်းသစ် များ ဖန်တီးနိုင်သည့် နိုင်ငံ့ဝန်ထမ်းဘဝနှင့် ၎င်းတို့၏ လုပ်ငန်းခွင် တိုးတက်မှုကို ရရှိစေရန် | အစိုးရကဏ္ဍ အသီးသီးတွင် ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ခံမှု မြင့်မားလာခြင်း | ရာထူးဝန်အဖွဲ့ | - | SDG ၁၆.၆ |
| ၁.၄.၂ | စံချိန်စံညွှန်းနှင့် ကိုက်ညီသောရ/သုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ငွေစာရင်းစစ်ဆေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လွှတ်တော်၏ | အစိုးရ၏လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ ကြိုတင်မှန်းဆနိုင်မှုနှင့် တာဝန်ခံမှု မြင့်မား | စီမံ/ဘဏ္ဍာ၊ လွှတ်တော်၊ စာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး | - | SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ကြီးကြပ် ထိန်းကျောင်းမှု မြှင့်တင်ခြင်းဖြင့် အစိုးရကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု တိုးမြှင့်ရန် | လာခြင်း | ကော်မရှင် | | |
| ၁.၄.၃ | အစိုးရ-စီးပွားရေး လုပ်ငန်း (G2B) ၊ အစိုးရ- စားသုံးသူ (G2C) ဒစ်ဂျစ်တယ် အွန်လိုင်း အစိုးရဝန်ဆောင်မှု လုပ်ငန်း များကို အသုံးပြုခြင်းဖြင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှု ပေးခြင်းကို လူထုနှင့် ပိုမိုနီးကပ်လာစေရန် | ပြည်သူ့ဝန်ဆောင်မှု ပေးရာတွင် တိုးတက် ကောင်းမွန်လာခြင်း | တိုင်းဒေသကြီး နှင့် ပြည်နယ် အစိုးရ၊ ခရိုင် အုပ်ချုပ်ရေးမှူး ရုံးများ (DAOs) | မူဝါဒ ၄ | SDG ၁၆.၆<br>SDG ၉ (ဂ) |
| ၁.၄.၄ | ပိုမို ထိရောက်ပြီး တာဝန်ခံ၍ ပွင့်လင်း မြင်သာမှု ရှိသည့် အစိုးရဖြစ်လာရန်အတွက် သက်ဆိုင်ရာ ဥပဒေများကို စဉ်ဆက်မပြတ် သုံးသပ်ရန်၊ စံသတ်မှတ်ရန်နှင့် အဆင့်မြှင့် တင်ရန်နှင့် လုပ်ငန်းစဉ်သစ် များ တာဝန်ယူဆောင်ရွက်ရန် | ပြည်သူ့ရေးရာဝန် ဆောင်မှုပေးရာတွင် တိုးတက် ကောင်းမွန် လာခြင်း | ရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် | - | SDG ၁၆.၆ |
| ၁.၄.၅ | နစ်နာမှုများကိုထုတ်ဖော်ခြင်း နှင့် တိုင်ကြားခြင်း စနစ်များ ပိုမို ကောင်းမွန်စေခြင်း အပါ အဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင် သည့်ဥပဒေများ၊ သက်ဝင် ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်ရန်နှင့် ပိုမိုခိုင်မာစေရန် | အစိုးရကဏ္ဍ အသီး သီးတွင် ရှိသော ဖြောင့်မတ်မှုနှင့် တာဝန်ခံမှု မြင့်မား လာခြင်း | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် | - | SDG ၁၆.၅ |

## မဟာဗျူဟာ ၁.၅ - ပြည်သူအားလုံး အစိုးရနှင့် ဆက်သွယ် လုပ်ကိုင်နိုင်စွမ်းတိုးမြှင့်ခြင်း

လူတစ်ဦးချင်းသော်လည်းကောင်း၊ အသိုက်အဝန်းများအနေဖြင့်သော်လည်းကောင်း (သို့မဟုတ်) နိုင်ငံအနေဖြင့်သော်လည်းကောင်း ရင်ဆိုင်ရသည့် အရေးကြီးသောပြဿနာများနှင့် ပတ်သက်၍ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ပြည်သူများအချင်းချင်း လွတ်လပ်စွာပြောဆိုဆွေးနွေးနိုင်သော နေရာတစ်ခုရှိရန် မဖြစ်မနေ လိုအပ်ပါသည်။ အစိုးရနှင့် ထိရောက်စွာ ဆက်သွယ်နိုင်ခြင်းသည် ဒီမိုကရေစီ ရှင်သန်ရေးအတွက် သာမက ပြည်သူများ၏ နစ်နာမှုများကို ဖြေရှင်းရေးနှင့် လူမှုအဖွဲ့အစည်းများအကြား တင်းမာမှုနှင့် အရပ်ဖက် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ လျှော့ချရေးအတွက်လည်း အရေးကြီး ပါသည်။ ထို့ကြောင့် အစိုးရဌာနများ၏ အဆင့်တိုင်းသည် တိုင်းရင်းသား လူမျိုးစုများအပါအဝင်နှင့် သက်ဆိုင်သူများအားလုံးနှင့် ခေတ်မီဆက်သွယ်ရေး နည်းဗျူဟာနှင့် အီလက်ထရောနစ်ကဲ့သို့

နည်းပညာများကို အသုံးပြု၍ ပိုမိုတိုးမြှင့်ထိတွေ့ဆက်ဆံမှုနှင့် ပိုမိုနားလည်မှု ရှိလာစေရေး လုပ်ဆောင်ရန် မဖြစ်မနေ လိုအပ်ပါသည်။ ဤမဟာဗျူဟာ အောင်မြင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့်ကောင်းမွန်သော အုပ်ချုပ်မှု** | | | | | |
| **မဟာဗျူဟာ ၁.၅ - ပြည်သူအားလုံး အစိုးရနှင့် ဆက်သွယ်လုပ်ကိုင်နိုင်စွမ်းတိုးမြှင့်ခြင်း** | | | | | |
| ၁.၅.၁ | မူဝါဒချမှတ်သည့်အဆင့်တိုင်းတွင် ပြည်သူပါဝင်မှုနှင့် ပြည်သူ့အကြံဉာဏ် ဆွေးနွေးတောင်းခံခြင်း လုပ်ငန်းစဉ်များ အားကောင်း ခိုင်မာစေရန် | ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပိုမို၍ အားလုံး ပါဝင်လာခြင်း၊ ပါဝင်ပတ်သက်ခြင်းနှင့် ကိုယ်စားပြုလာခြင်း | သက်ဆိုင်ရာ ဝန်ကြီးဌာန အားလုံး၊ ဒေသတွင်း အစိုးရ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများ | မူဝါဒ ၁ | SDG ၁၆.၇ |
| ၁.၅.၂ | အစိုးရဌာနများ၏ ဆက်သွယ်မှု စွမ်းဆောင်ရည်ခိုင်မာစေခြင်းဖြင့် ပိုမိုထိရောက်သည့် မူဝါဒ ဆွေးနွေးမှုနှင့် တုံ့ပြန်မှုကို ရယူသည့် စနစ် ပေါ်ပေါက်လာစေရန် | အစိုးရ၏ လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ ကြိုတင်မှန်းဆနိုင်မှုနှင့် တာဝန်ခံမှု မြင့်မားလာခြင်း | ပြန်ကြားရေး၊ စီမံ/ ဘဏ္ဍာ၊ | မူဝါဒ ၃ | SDG ၁၆.၇၊ SDG ၁၆.၁၀ |
| ၁.၅.၃ | နိုင်ငံသားများအတွက် သတင်းအချက်အလက်အား သိရှိပိုင်ခွင့်ကို တိုးတက်ကောင်းမွန်စေရန်နှင့် ဥပဒေအရ ဖြစ်စေပြီး၊ အစိုးရ၏ ဘတ်ဂျက်၊ ဥပဒေများ၊ မဟာဗျူဟာ စီမံကိန်းများ၊ မူဝါဒများ၊ စာရင်းအင်းများ နှင့် အခြား အရေးကြီးသည့် သတင်းအချက်အလက်များကို ပိုမို ကျယ်ပြန့်စွာသိရှိနိုင်စေရေး ဆောင်ရွက်ရန်၊ | အစိုးရ၏လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ကြိုတင်မှန်းဆနိုင်မှုနှင့် တာဝန်ခံမှု မြင့်မားလာခြင်း | သက်ဆိုင်ရာ ဝန်ကြီးဌာန အားလုံး၊ | မူဝါဒ ၁ | SDG ၁၆.၇၊ SDG ၁၆.၁၀ |
| ၁.၅.၄ | အစိုးရ၏အဆင့်တိုင်းတွင် ပါဝင်ပတ်သက်သည့် လုပ်ငန်းစဉ်အပေါ် အခြေခံ၍ အားလုံးပါဝင်သော စီမံကိန်းရေးဆွဲသည့် အလေ့အထကို ခိုင်မာစေရန် | ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပိုမို၍အားလုံး ပါဝင်လာခြင်း၊ ပါဝင်ပတ်သက်ခြင်းနှင့် ကိုယ်စားပြုလာခြင်း | သက်ဆိုင်ရာ ဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ | မူဝါဒ ၁ | SDG ၁၆.၇ |
| ၁.၅.၅ | လူတစ်ဦးချင်းစီနှင့် အုပ်စုများ၏ လွတ်လပ်စွာ | ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် | ပညာရေး၊ တိုင်းရင်းသား | မူဝါဒ ၃ | SDG ၁၆.၇ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ထုတ်ဖော်ခွင့်ကိုဥပဒေဖြင့် ကာကွယ်ပေးခြင်းဖြင့် အဆင့်တိုင်းတွင် ယဉ်ကျေးမှုနှင့် ဘာသာ စကားမျိုးစုံ ထွန်းကားမှု ကို ဥပဒေပြု၍ မြှင့်တင်ရန်၊ | တွင် ပိုမို၍အားလုံး ပါဝင်လာခြင်း၊ ပါဝင် ပတ်သက်ခြင်းနှင့် ကိုယ်စားပြုလာခြင်း | ရေးရာ၊ | | |
| ၁.၅.၆ | ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များ တွင် အစိုးရပစ္စည်း ဝယ်ယူမှု အတွက်စံသတ်မှတ်ထားပြီး ပွင့်လင်း မြင်သာသည့် ဈေးပြိုင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် | ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပိုမို၍အားလုံးပါဝင်လာခြင်း၊ပါဝင်ပတ်သက်ခြင်းနှင့်ကိုယ်စားပြုလာခြင်း | တိုင်းရင်းသား ရေးရာ၊ အလုပ်သမား/ လဝက၊ နယ်စပ်ရေးရာ၊ | မူဝါဒ ၁ | - |
| ၁.၅.၇ | အဆင့်တိုင်းနှင့် ကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် မူဝါဒများ၏ ဗဟိုချက် ၌ ညီမျှမှု၊ အားလုံး ပါဝင်မှု နှင့် ကျား-မတန်းတူရည်တူ ရှိရေးကို ထည့်သွင်း လုပ်ဆောင်ရန် | ပြည်သူ့ဝန်ဆောင်မှု ပေးရာတွင် တိုးတက် ကောင်းမွန်လာခြင်း | သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ | - | SDG ၅.၁<br>SDG ၁၆.၇ |

## ပန်းတိုင် (၂) - စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု

ပန်းတိုင် (၂) ကို ရေးဆွဲရာတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မရှိမဖြစ်လိုအပ်သော တည်တံ့သည့် မေခရိုစီးပွားရေးတည်ငြိမ်မှုကို ပံ့ပိုးပေးနိုင်မည့် စီးပွားရေးရှုထောင့်များအပေါ် အလေးထား ဖော်ဆောင်ထားပါသည်။ ပန်းတိုင် (၂) သည် သင့်လျော်သည့် ဘဏ္ဍာရေး၊ ငွေကြေးနှင့် ငွေလဲလှယ်နှုန်း မူဝါဒတို့ကို ဖော်ဆောင်ခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းများ တိုးတက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုကို သင့်တော်သည့် အဆင့်တွင် ထိန်းသိမ်းထားခြင်းတို့ကို ဦးစားပေးထားပါသည်။ ထပ်မံ၍ ဤပန်းတိုင်အောက်ရှိ မေခရိုစီးပွားရေး ဗျူဟာများတွင် ဖွံ့ဖြိုးမှုဘဏ္ဍာငွေအတွက် လိုအပ်သည့်အရင်းအမြစ်အားလုံးကို စုစည်းခြင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာစေခြင်းနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ စွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။ ဤပန်းတိုင် အောက်တွင် ပါဝင်သည့်လုပ်ငန်းစဉ်များသည် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု နှင့် နိုင်ငံ၏ တည်ငြိမ်မှုတို့ကို ထိန်းကျောင်းသွားမည် ဖြစ်ပါသည်။

**ရည်ညွှန်းအကိုးအကားများ**

- ပြည်တွင်းအခွန်များဦးစီးဌာန ပြုပြင်ပြောင်းလဲရေး ခရီးစဉ် - နှစ်လယ် အခွန် စုစည်းခြင်း မဟာဗျူဟာ ၂၀၁၇/၁၈-၂၀၂၁-၂၂
- မြန်မာ နှစ်လယ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ

### မဟာဗျူဟာ ၂.၁ - နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းကို ထိရောက်စွာ စီမံခန့်ခွဲခြင်း

နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျမြင့်မားခြင်းသည် ပို့ကုန်တိုးတက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနှင့် စီးပွားရေးတိုးတက်မှုတစ်ခုလုံးကို ထိခိုက်နစ်နာစေပါသည်။ ထိုနည်းတူစွာပင် စီးပွားရေး၏ ဖွဲ့စည်းမှုပြဿနာနှင့် စပ်လျဉ်း၍ ဖော်ထုတ်ရာ၌ ငွေပေးငွေယူရှင်းတမ်းများတွင် လိုငွေ ဆက်တိုက် ဖြစ်ပေါ်နေခြင်းမှာ မေခရိုစီးပွားရေးကို ထိခိုက်စေသည့် ရလဒ်များ ရရှိလာစေပါသည်။ ၂၀၁၅ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်နှင့် အခြားသော အဖွဲ့များ၏ လျော့ရဲသည့် ငွေရေးကြေးရေး မူဝါဒများကို ပြန်လည်တင်းကြပ်လာရာတွင် မြန်မာနိုင်ငံ၏ငွေကြေး မှာ သိသိသာသာ တန်ဖိုးလျော့ကျခဲ့ပါသည်။ အဆိုပါ ငွေကြေးမူဝါဒ တင်းကြပ်မှုပုံစံကြောင့် ကမ္ဘာ့ စီးပွားရေးတစ်ခုလုံး တင်းကြပ်သည့် ငွေကြေးမူဝါဒကို လိုက်ပါကျင့်သုံးလာခြင်းကြောင့်သော် လည်းကောင်း၊ ပြည်တွင်း၏ အခြားအကြောင်းများကြောင့်သော်လည်းကောင်း မြန်မာနိုင်ငံ၏ ငွေကြေးမှာ တန်ဖိုးလျော့ကျခဲ့ပါသည်။ အရေးကြီးသည့်အချက်များမှာ ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် အတော်အတန် မြင့်တက်ခဲ့သော ဂဏန်းနှစ်လုံးရှိသည့် ငွေကြေးဖောင်းပွနှုန်း၊ သာမန်စာရင်းတွင်

လိုငွေပြမှု မြင့်တက်လာခြင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်း ပိုမို နှေးကွေးလာခြင်းတို့ကြောင့် အန္တတ်လက္ခဏာဆောင်သည့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းများ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ဗဟိုဘဏ်အနေဖြင့် ယင်းအခြေအနေကို ထိန်းချုပ်ရန် ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း နိုင်ငံခြား ငွေအရင်းအမြစ်များ အကန့်အသတ်ရှိခြင်းနှင့် ငွေရေးကြေးရေးမူဝါဒ အကောင်အထည် ဖော်မှု လမ်းကြောင်းများ နည်းပါးခြင်းတို့ကြောင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား မတည်ငြိမ်မှုနှင့် အန္တတ်ပြသည့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းများ ဆက်လက်တည်ရှိခဲ့ပါသည်။ ယင်းသို့ နိုင်ငံခြား ငွေပေးငွေယူ ရှင်းတမ်းရှိ မညီမျှမှုအခြေအနေများသည် မေခရိုစီးပွားရေး စီမံခန့်ခွဲမှုကို သိသာ ထင်ရှားသည့် ဖွဲ့စည်းပုံ ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်နေကြောင်း အဓိကဖော်ပြနေပါ သည်။ မကြာမီ ကာလအတွင်းက ဗဟိုဘဏ်သည် ငွေလဲလှယ်နှုန်းကို ထိရောက်စွာ စီမံခန့်ခွဲရန် ဈေးကွက်အခြေခံသည့် နှုန်းထားတစ်ခုကို မိတ်ဆက်ပေးခြင်းအပါအဝင် မူဝါဒဆိုင်ရာ တိုင်းတာချက် များစွာကို အစပြု ညှိနှိုင်းနေပြီ ဖြစ်ပါသည်။ ငွေလဲလှယ်မှုနှုန်းကို အကောင်းဆုံးသတ်မှတ်ခြင်းနှင့် စီးပွားရေး တည်ငြိမ်မှုကို ကျယ်ပြန့်စွာ ပြန်လည်ဆောင်ကြဉ်းခြင်းတို့အတွက် ဗျူဟာတစ်ခုရှိလာ စေရန် ရည်ရွယ်၍ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်း များ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၂) စီးပွားရေးတည်ငြိမ်မှု နှင့် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု** | | | | | |
| **မဟာဗျူဟာ ၂.၁ - နိုင်ငံခြား ငွေလဲလှယ်နှုန်း နှင့် နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းကို ထိရောက်စွာ စီမံခန့်ခွဲခြင်း** | | | | | |
| ၂.၁.၁ | ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို တုံ့ပြန်ရန် မြန်မာကျပ်ငွေကို ပိုမို လွတ်လပ် စွာ နှုန်းရှင်မျောခွင့်ပြုရန် | ဈေးကွက်ကို ပိုမိုဦးတည် သည့် ငွေလဲလှယ်နှုန်း သတ်မှတ်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |
| ၂.၁.၂ | ဗဟိုဘဏ်သည် ရည်ညွှန်းနိုင်ငံခြား ငွေလဲလှယ်နှုန်း သတ်မှတ်နိုင်ရန် နိုင်ငံခြားငွေ ဈေးပြိုင်လေလံစနစ် ဖြင့် ဆောင်ရွက်ရာမှ ဘဏ်အချင်း ချင်းအကြား နိုင်ငံခြားငွေ အရောင်း အဝယ် ပြုလုပ်သော ဈေးကွက်သို့ ပြောင်းလဲခြင်းဖြင့် နိုင်ငံခြား ငွေလဲလှယ်မှုနှုန်းကို ပိုမိုလိုက်လျော ညီထွေရှိစေရန် | ဗဟိုဘဏ်၏သတ်မှတ် ထားသည့် ရည်ညွှန်း နှုန်းထားသည်ဈေးကွက် နှုန်းထားဖြင့်ကိုက်ညီ ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |
| ၂.၁.၃ | နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျမြင့်မားခြင်းများကို တည်ငြိမ်မှုရှိစေရန် | နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ မြင့်မား ခြင်းကိုအနည်းဆုံး ဖြစ်စေခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |
| ၂.၁.၄ | နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကြားဝင် ဆောင်ရွက်မှု လုပ်ထုံး လုပ်နည်းများ ချမှတ်ရန် | ပုံမှန်မဟုတ်သော နိုင်ငံခြားငွေလဲလှယ်နှုန်း များကိုပြန်လည် တည်ငြိမ်လာစေခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်း များ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၂.၁.၅ | ငွေရေးကြေးရေး နှင့် ဘဏ္ဍာရေး မူဝါဒရှုထောင့်များဖြင့် ငွေဖောင်းပွမှု တည်ငြိမ်စေရန် | ငွေကြေးဖောင်းပွမှု တည်ငြိမ်ခြင်းဖြင့် ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုကို တည်ငြိမ်လာစေ ရန် ကူညီပေးနိုင်ခြင်း | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၈ | - |
| ၂.၁.၆ | ဗဟိုဘဏ်ရှိ နိုင်ငံခြားငွေအရန်ငွေ အပေါ် အဓိကထား၍ ပိုမို ထိရောက်မှုရှိသည့် နိုင်ငံခြားငွေ စီမံခန့်ခွဲမှုကို မြှင့်တင်ရန် | လိုအပ်ပါက ဗဟိုဘဏ် အနေဖြင့် ထိရောက်မှုရှိ သည့်နည်းလမ်းများဖြင့် ကြားဖြတ်ဝင်ရောက် ဆောင်ရွက်နိုင်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |
| ၂.၁.၇ | ပြည်တွင်းမှ ချေးယူသူများအား မြန်မာကျပ်ငွေ (သို့) နိုင်ငံခြားငွေ ချေးငွေများ ပေးအပ်နိုင်ရန် နိုင်ငံခြားဘဏ်များအား ခွင့်ပြုချက် ထုတ်ပေးခြင်းနှင့် နိုင်ငံခြားဘဏ် များသည် ပြည်တွင်းရှိ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်၍ ဘဏ်အချင်းချင်း စနစ်တကျ ငွေချေးငှားနိုင်သည့်စနစ်တို့ကို ဆောင်ရွက်နိုင်ရန် | နိုင်ငံခြားငွေကြေး ဝယ်လိုအားနှင့်ရောင်းလို အားတည်ငြိမ်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၁ |
| ၂.၁.၈ | ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြား ဘဏ်များအကြားဘဏ်အချင်းချင်း နိုင်ငံခြားငွေရောင်းချသည့် ဈေးကွက်တွင်အရောင်းအဝယ်ကိစ္စ ရပ်များလွယ်ကူအဆင်ပြေစေမည့် နိုင်ငံခြားငွေလဲလှယ်ရာတွင်ဖြစ်ပေါ် လာနိုင်သည့်ဆုံးရှုံးမှုများနှင့် မသေချာမှုများကို အနည်းဆုံး ဖြစ်စေမည့် ငွေကြေးလေလံ ဈေးကွက် (Currency swap) ဖွံ့ဖြိုးတိုးတက်လာစေရန် | ပြည်တွင်းဘဏ်များ၏ နိုင်ငံခြားငွေဝယ်လိုအား ကို ပိုမိုလွယ်ကူစွာ ဖြည့်တင်းပေးနိုင်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | - |
| ၂.၁.၉ | အစိုးရ၏နိုင်ငံခြားငွေဖြင့်အခွန်ဝင် ငွေများအားလုံးကို အခြားနိုင်ငံပိုင် ဘဏ်များသို့ဝင်ရောက်ခြင်းအစား ဗဟိုဘဏ်မှဆောင်ရွက်သည့် နိုင်ငံခြားငွေရန်ပုံငွေသို့သာစီးဝင် စေမည့် စနစ်တစ်ရပ်ဖော်ဆောင်ရန် | နိုင်ငံခြားငွေ အရန်ငွေ ပိုမို စုဆောင်းမိခြင်း | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၈ | - |
| ၂.၁.၁၀ | ဟွန်ဒီနှင့် အလားတူ တရားမဝင် ငွေလွှဲပြောင်းခြင်းစနစ်များကို ပုံစံတကျ ပြုလုပ်ရန် | ပြည်ပမှ လွှဲငွေများကို ထုတ်လုပ်နိုင်စွမ်းအလား အလာကောင်းသည့် ကဏ္ဍများသို့ ဆွဲဆောင် နိုင်ခြင်းနှင့် ငွေကြေး တန်ဖိုး မြင့်တက်ခြင်း ကြောင့် ဖြစ်ပေါ်ရသည့် ဆုံးရှုံးနိုင်မှုကို ထိန်းချုပ် နိုင်ခြင်း | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၈ | - |

## မဟာဗျူဟာ ၂.၂ - ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းခြင်း

ငွေဖောင်းပွမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက် ရှိပါသည်။ ထို့ကြောင့် အထူးသဖြင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေသည့်ကာလတွင် မြန်မာကျပ်ငွေ၏ ထိရောက်သောငွေလဲလှယ်နှုန်း (NEER) မှာ အကြိမ်ကြိမ် သိသာစွာ တန်ဖိုးကျဆင်းနေချိန်တွင် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (REER) သိသိသာသာ တည်ငြိမ်မှု ရှိနေပါသည်။

ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရန် ငွေဖောင်းပွမှု တည်ငြိမ်ရမည် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အစိုးရငွေချေးစာချုပ်အတွက် ထပ်ဆင့်ဈေးကွက် မရှိသေးခြင်းကြောင့် ငွေကြေးမူဝါဒ ရည်မှန်းချက်များကို ပြည့်မီစေရန်အတွက် လိုအပ်နေသည့် ငွေရေးကြေးရေးဈေးကွက်များကို ဖွံ့ဖြိုးလာစေရေး အားထုတ်ကြိုးပမ်းရန် အရေးကြီးလှပါသည်။ ယင်းဈေးကွက်များတွင် ဗဟိုဘဏ်မှ ဆောင်ရွက်သည့် open market operations များကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန် လိုအပ်နေသည့် ဘဏ်အချင်းချင်း ရောင်းဝယ်မှုဈေးကွက် (interbank) နှင့် အစိုးရ ငွေချေး သက်သေခံလက်မှတ်များ အသုံးပြု၍ ငွေကြေးဈေးကွက်မှ ကာလတိုချေးငှားမှုဈေးကွက်(REPO markets) တို့ ပါဝင်ပါသည်။

ဈေးကွက် ဖွံ့ဖြိုးလာပြီး လိုအပ်သည့် အဖွဲ့အစည်းများသည်လည်း အဆင်သင့်ဖြစ်ပြီဆိုပါက၊ အတိုးနှုန်းနှင့် သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက် သတ်မှတ်ထားခြင်းကဲ့သို့သော အခြားစနစ်များကို လုပ်ဆောင်လာနိုင်မည် ဖြစ်ပါသည်။ ငွေဖောင်းပွမှုလျှော့ချရေးနှင့် ငွေကြေးတည်ငြိမ်မှုရှိရေး မဟာဗျူဟာအတွက် အောက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်-

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၂) စီးပွားရေး တည်ငြိမ်မှု နှင့် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု** | | | | | |
| **မဟာဗျူဟာ ၂.၂ - ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရေး** | | | | | |
| ၂.၂.၁ | စီးပွားရေးတိုးတက်မှုနှင့်တည်ငြိမ်မှုတို့ကို ညီမျှစေခြင်းဖြင့်ငွေဖောင်းပွမှု တည်ငြိမ်ရေး ငွေကြေးမူဝါဒကို ချင့်ချိန်နိုင်းဆ၍ ဆက်လက်ဆောင်ရွက်ရန် | ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၁ |
| ၂.၂.၂ | အပ်ငွေလေလံများကိုဆက်လက်ဆောင်ရွက်ရန် | ဈေးကွက်အတွင်း ပိုလျှံငွေကြေးများလွယ်မှုကို ထိန်းချုပ်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၂.၂.၃ | ရာသီအလိုက်လိုအပ်နိုင်မှုကို ပြောင်းလွယ် ပြင်လွယ်ထား၍ ဘဏ်များအား အရန်ငွေထား ရန် လိုအပ်မှုကိုဆက်လက် ကျင့်သုံး လုပ်ဆောင်ရန် | ငွေဖောင်းပွမှု တည်ငြိမ် ရန် ကြွေးမြီကြီးထွား ခြင်းကိုထိန်းချုပ်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၃ |
| ၂.၂.၄ | ငွေတိုက်အာမခံ စာချုပ် လေလံ များကို ပိုမို အားကောင်းခိုင်မာ လာစေရန်နှင့် အစိုးရ ငွေချေး စာချုပ်၊ သက်သေခံ လက်မှတ် များနှင့် အလားတူ ကိစ္စများကို ပြည်သူများ ပိုမိုသိရှိ နားလည် ရေး လုပ်ဆောင်ရန် | ဗဟိုဘဏ်မှ အစိုးရ၏လိုငွေအား ဖြည့်တင်းပေးနေရမှုကို လျှော့ချနိုင်ရန် နှင့် ငွေဖောင်းပွမှုနှုန်း တည်ငြိမ်စေခြင်း | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၈ | SDG ၈.၄ |
| ၂.၂.၅ | လေလံများပိုမိုထိရောက်စေရန် အတွက် လေလံတင်ချိန်တွင် အတိုးနှုန်း မြင့်မြင့်ပေးနိုင်ရေး လုံလောက်သော ဘဏ္ဍာငွေ ရရှိထားရန် | ငွေချေးစာချုပ်၊ သက်သေခံ လက်မှတ်များမှ ရရှိ သည့် အတိုးနှုန်းသည် ဈေးကွက်နှုန်းနှင့် ပိုမိုကိုက်ညီလာခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၈ | SDG ၈.၅ |
| ၂.၂.၆ | ဘဏ်အချင်းချင်း ငွေကြေး ဈေးကွက် ဖွံ့ဖြိုးလာစေရန်နှင့် ချေးငှားသူများ၏ဆုံးရှုံးနိုင်ချေ အလားအလာပေါ် အခြေခံပြီး အတိုးနှုန်းကို ဖြေလျှော့ပေးရန် | ဘဏ်များ၏ငွေဖြစ် လွယ်မှုအတွက် ဝယ်လို အားနှင့် ရောင်းလိုအား တို့ ကိုက်ညီ စေခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၆ |
| ၂.၂.၇ | REPO လေလံများအပါအဝင် ဈေးကွက်ဖွင့် လုပ်ဆောင်မှုများ ဖြင့် ဈေးကွက်မှ အလွန် ငွေဖြစ်လွယ်မှုကို ဗဟိုဘဏ်မှ ထိန်းချုပ်နိုင်မည့် REPO ဈေးကွက် ဖွံ့ဖြိုးလာစေရန် | ဈေးကွက်မှအလွန် ငွေဖြစ်လွယ်မှုကို ဗဟိုဘဏ်မှ ထိန်းချုပ် နိုင်ခြင်းကြောင့် ငွေ ဖောင်းပွမှု တည်ငြိမ်ခြင်း | ဗဟိုဘဏ် | မူဝါဒ ၈ | SDG ၈.၇ |
| ၂.၂.၈ | ဗဟိုဘဏ်မှ ဘဏ္ဍာငွေစိုက်ထုတ် မှုကို လျှော့ချရန် | ငွေဖောင်းပွမှု တည်ငြိမ် ခြင်း | ဗဟိုဘဏ် | မူဝါဒ ၁ ၊ ၈ | SDG ၈.၈ |
| ၂.၂.၉ | ငွေပေးငွေယူရှင်းတမ်းတွင် ရုတ်တရက် ပြောင်းလဲမှုကိုခံနိုင် စွမ်းရည် အားကောင်းစေရန်နှင့် ငွေပေးငွေယူရှင်းတမ်းကိုအပေါင်း လက္ခဏာဖြစ်ရေး ပံ့ပိုးပေးရန် အတွက် နိုင်ငံခြားငွေ အရန်ငွေကို တိုးမြှင့်ရန် | နိုင်ငံ၏စီးပွားရေးသည် ရုတ်တရက် အပြောင်း အလဲ/ ကျဆင်းမှုဒဏ်ကို ခံနိုင်ရည်ပို၍ ရှိလာခြင်း | ဗဟိုဘဏ် | မူဝါဒ ၁ ၊ ၈ | SDG ၈.၈ |

## မဟာဗျူဟာ ၂.၃ - မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ခြင်း

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ အခွန်အကောက်ရရှိမှု ပမာဏမှာ ဂျီဒီပီ၏ ၈ % ခန့်ရှိပြီး အာဆီယံ ဒေသတွင်း၌ အနိမ့်ဆုံး ဖြစ်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုပပျောက်ရေးအတွက် အသုံးပြုနိုင်ရန် အခွန်ရရှိမှုကို သိသိသာသာ တိုးမြှင့်ရမည် ဖြစ်ပါသည်။ အခွန်ဘဏ္ဍာ တိုးမြှင့်ရရှိရန်အတွက် တည်ကြည်ဖြောင့်မတ်၍ ရှင်းလင်းသည့် လုပ်ပိုင်ခွင့် ပေးအပ်ထားပြီး စနစ်တကျ ပီပြင်စွာ ပြုပြင်ပြောင်းလဲထားသည့် အခွန်ဆိုင်ရာ အုပ်ချုပ်မှုစနစ်တစ်ရပ်နှင့် အခွန်ကင်းလွတ်ခွင့်ပေးရာတွင် စနစ်တကျစီမံခန့်ခွဲမှုများ လိုအပ်နေပါသည်။ အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်ရန်လိုသည့် ဝတ္တရားကို သိရှိစေရန် အားပေးတိုက်တွန်းပေးမည့် ဥပဒေမူဘောင် နှင့် အခွန်ကို အွန်လိုင်းမှပေးဆောင်ခြင်း၊ ပြန်အမ်းခြင်းများကို လုပ်ဆောင်ရာတွင် လွယ်ကူစေမည့် ခေတ်မီ နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်လည်း လိုအပ်ပါသည်။ MSDP သည် အခွန်စနစ်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ဆောင်ပေးခြင်း၊ အဂတိလိုက်စားမှုကို လျှော့ချခြင်း၊ အခွန်ဥပဒေများ ပိုမိုခေတ်မီလာစေခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်များအတွက် တိုးတက်မှုရှိရေးကို ဦးစားပေးရေးဆွဲထားပါသည်။

MSDP သည် သတင်းအချက်အလက် နည်းပညာတွင် သိသာထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းလမ်းမျိုးစုံဖြင့် အခွန်ဆိုင်ရာ အသိပညာပေးများကို တိုးချဲ့ဆောင်ရွက်သွားရန်လည်း ဦးစားပေး ရေးဆွဲထားပါသည်။ စွမ်းရည်ပြည့်ဝသည့် အခွန်ကောက်ခံမှုသည် လက်ရှိ ဘဏ္ဍာငွေလိုငွေပြမှုကို လျှော့ချရာတွင် အဓိကထောက်ပံ့ပေးမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည် -

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေးမူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၂) စီးပွားရေး တည်ငြိမ်မှု နှင့် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု** | | | | | |
| **မဟာဗျူဟာ ၂.၃- မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ခြင်း** | | | | | |
| ၂.၃.၁ | ပြည်တွင်းအခွန်များ ဦးစီးဌာန နှင့် အခြားသောသင့်လျော်သည့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် အုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် အခွန်ထမ်းအုပ်စုအလိုက်အကောင်းဆုံးဝန်ဆောင်မှုဖြင့်အခွန်ကောက်ခံနိုင်ရန်အတွက် လုပ်ငန်း အမျိုးအစား အပေါ် အခြေခံသည့် ဌာနခွဲများကို ဖွဲ့စည်းရန် | အခွန်ကောက်ခံမှုကို ပိုမိုထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၂.၃.၂ | တစ်နိုင်ငံလုံးသို့ အီလက်ထရောနစ်ဖြင့် ပေးဆောင်ခြင်း စနစ်များချဲ့ထွင်ရန် | အခွန်ပေးဆောင်မှု ပိုမိုအဆင်ပြေပြီး ထိရောက်စေခြင်း | ဗဟိုဘဏ် | မူဝါဒ ၄၊ ၁၀ | SDG ၁၇.၁ |
| ၂.၃.၃ | မှတ်ပုံတင်ခြင်း၊လုပ်ငန်းဆောင်ရွက်ခြင်း၊စာရင်းစစ်ဆေးခြင်းတို့အတွက် နည်းပညာစနစ်အသစ်များကို ဖော်ဆောင်ရန် | အခွန်ပေးဆောင်မှုပိုမိုအဆင်ပြေပြီးထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |
| ၂.၃.၄ | အခွန်ဥပဒေသစ်၊ ဝင်ငွေခွန်သစ်နှင့် ကုန်ပစ္စည်း၏ ဝန်ဆောင်မှုအပေါ် စည်းကြပ်ခွန်သစ်တို့ ပါဝင်သည့် ခေတ်မီ အခွန်ဥပဒေများရေးဆွဲပြဋ္ဌာန်းရန် | အခွန်ရရှိမှု ပိုမိုများပြားလာခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |
| ၂.၃.၅ | အဂတိ လိုက်စားမှုနှင့် အခွန်တိမ်းရှောင်မှု ကာကွယ်နိုင်ရေး အစီအမံများ လုပ်ဆောင်ခြင်းနှင့် ဌာနတွင်း စာရင်းစစ်ဆေးခြင်းအား ပိုမိုတိုးချဲ့ပြီး စစ်ဆေးရေး ဌာနခွဲတစ်ခု ဖွဲ့စည်းခြင်းအပါအဝင် အခွန်စနစ်၏ မှန်ကန် ဖြောင့်မတ်မှုနှင့် ဂုဏ်သတင်းတို့ကို ကာကွယ်စောင့်ရှောက်ရန် | အခွန်ပေးဆောင်မှု ပိုမိုအဆင်ပြေပြီးထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၆.၅ |
| ၂.၃.၆ | အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့် အခွန်စနစ်ကို အလယ်အလတ်အဆင့် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် ချဲ့ထွင်ဆောင်ရွက်ရန် | အခွန်ပေးဆောင်မှု ပိုမိုအဆင်ပြေပြီးထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |
| ၂.၃.၇ | အခွန်ဆိုင်ရာ ဝန်ဆောင်မှုများ ကောင်းမွန်ရေးနှင့် ဥပဒေသက်ဝင်စေရေးတို့ကိုလမ်းညွှန်မှု ပေးနိုင်မည့် လိုက်နာ ဆောင်ရွက်မှု ပိုမိုကောင်းမွန်ရေး မဟာဗျူဟာ ကို အသုံးပြု၍ အခွန်စနစ်တွင် စွန့်စားမှုအခြေခံ (Risk based) ချဉ်းကပ်မှုပုံစံအကောင်အထည်ဖော်ရန် | အခွန်ရရှိမှု ပိုမိုများပြားလာခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |
| ၂.၃.၈ | ကောင်းမွန်သည့် နိုင်ငံတကာ အလေ့အထများနှင့်ကိုက်ညီပြီး ခေတ်မီနည်းပညာ အသုံးပြုခြင်းဖြင့် အခွန်လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန် ထိရောက်စေရန် | အခွန်ပေးဆောင်မှု ပိုမိုအဆင်ပြေပြီး ထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၂.၃.၉ | ပြည်တွင်းအခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစေပြီး ထိရောက်သည့် လုပ်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှု အပါအဝင် သင့်တော်သည့် သင်တန်းများ၊ ခေတ်မီ လုပ်ငန်းအလေ့အထများ ထောက်ပံ့ပေးခြင်းဖြင့်ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန် | အခွန်ပေးဆောင်မှုပိုမို အဆင်ပြေပြီးထိရောက်စေခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၇.၁ |

## မဟာဗျူဟာ ၂.၄ - အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း

မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်ကို ခေတ်မီစေရန်နှင့် သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုများကိုပေးရာတွင် တာဝန်ခံမှုရှိပြီး ကျွမ်းကျင်ထိရောက်စွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ လိုအပ်သကဲ့သို့ တုံ့ပြန် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် အထောက်အထားအခြေပြုသည့် မူဝါဒဖွံ့ဖြိုးမှု ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ပိုမိုကောင်းမွန်သော အကောင်အထည်ဖော်မှု မဟာဗျူဟာများ၊ အားကောင်းခိုင်မာသည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်အား စီမံခန့်ခွဲမှုနှင့် အကဲဖြတ်သုံးသပ်မှုစနစ်များ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် လိုအပ်ပါသည်။ ထို့အပြင် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ဖြစ်လာရေး မျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ဗဟိုထိန်းချုပ်မှုကို ပို၍လျှော့ချသည့် အုပ်ချုပ်မှုစနစ်သို့ ဦးတည်နေသည့် လမ်းကြောင်းနှင့် ကိုက်ညီစေရန်အတွက် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ အားလုံးကို ပြန်လည်သုံးသပ်ရန် လိုအပ်မည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ လမ်းပြမြေပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ အခွန်ဘဏ္ဍာငွေများ ပိုမိုမျှတစွာ ခွဲဝေအသုံးပြုရေးအတွက် သယံဇာတထုတ်ယူသည့် လုပ်ငန်းများမှရရှိသည့် ဘဏ္ဍာငွေအပါအဝင် အခွန်ဘဏ္ဍာငွေကို ခွဲဝေသည့်စနစ်အား ပိုမိုကောင်းမွန်စေခြင်း၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ ပင်မလုပ်ငန်းများနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်ကို ပိုမိုခိုင်မာစေခြင်းနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆောက်မှုပုံစံကို တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခြင်းတို့ ပါဝင်ပါသည်။

တစ်ချိန်တည်းမှာပင် ဆက်လက် တိုးတက်ကောင်းမွန်ရေးအတွက် ရရှိထားပြီးဖြစ်သည့် အရှိန်အဟုန်ကောင်းကို ထိန်းသိမ်းထားခြင်း၊ လူမှုတာဝန်ခံမှုရှိသည့် ယဉ်ကျေးမှု ထွန်းကားရေး

လုပ်ဆောင်ခြင်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် နိုင်ငံရေး အပြောင်းအလဲများကို ပိုမို ခံနိုင်ရည်ရှိစေမည် ဖြစ်သောကြောင့် ယင်းတို့မှာ အဓိကကျပါသည်။ ထို့ကြောင့် အစိုးရ ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန် နှင့် ဘတ်ဂျက် ခွဲဝေအသုံးပြုရာတွင် ကျား-မ တန်းတူရည်တူရှိရေးကို ပေါင်းစည်းလုပ်ဆောင်သည့် ဆောင်ရွက်မှုများ အပါအဝင် မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ် တစ်ရပ်လုံးကို ပိုမို တာဝန်ခံမှုရှိစေပြီး ပြင်ပမှစောင့်ကြပ်ကွပ်ကဲမှု ပိုမိုတိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို ရရှိရေးအတွက် အောက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ်များကို သတ်မှတ်ရေးဆွဲထားပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၂) စီးပွားရေး တည်ငြိမ်မှု နှင့် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု** | | | | | |
| **မဟာဗျူဟာ ၂.၄- အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေး အတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း** | | | | | |
| ၂.၄.၁ | ရသုံးမှန်းခြေငွေစာရင်း ဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ် ဘဏ္ဍာငွေများတွင် အခွန်အသုံး ပြုမှုကို ရှင်းလင်းခြင်းနှင့် အခြား သော တိုင်းတာချက်များကို ဆက်လက်ထုတ်ပြန်ခြင်းတို့ အပါအဝင် ဘဏ္ဍာငွေ အားလုံး ပွင့်လင်းမြင်သာမှု သိသာစွာ တိုးတက်လာစေရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံ ခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၆.၆ |
| ၂.၄.၂ | အစိုးရ၏ အသုံးစရိတ် သုံးသပ် ချက်အပေါ် အကြံပြုချက်များ ကို အကောင်အထည်ဖော်ရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၆.၆ |
| ၂.၄.၃ | လိုငွေ ကျဉ်းမြောင်းလာစေရေး ဘဏ္ဍာငွေ ချင့်ချိန် တိုင်းဆမှုကို အားကောင်း ခိုင်မာလာစေရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၆.၆ |
| ၂.၄.၄ | ဘဏ္ဍာငွေတင်ပြတောင်းခံခြင်း နှင့် မလိုအပ်သည့် အသုံးစရိတ် များကို ဖြတ်တောက် စိစစ်ခြင်း တို့ကို စောင့်ကြည့်မှုများ ပိုမို အားကောင်းလာစေရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁၀ | SDG ၁၆.၆ |
| ၂.၄.၅ | နိုင်ငံအဆင့် မဟာဗျူဟာကျ အခြေခံအဆောက်အအုံ စီမံချက် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် | စီမံ/ဘဏ္ဍာ တိုင်းဒေသကြီး/ | မူဝါဒ ၁ | SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | အတွက် ပြဋ္ဌာန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် အခွန်ဖြန့်ဝေမှုနှင့် ရပိုင်ခွင့် စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်သည့်ကိစ္စရပ်များ အပါအဝင်နိုင်ငံအဆင့်နှင့်တိုင်းဒေသကြီး/ ပြည်နယ် အဆင့်ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေး အရည်အသွေးကို မြှင့်တင်ခြင်း | ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | ပြည်နယ်အစိုးရ | | |
| ၂.၄.၆ | အဆင့်တိုင်းတွင် ဘဏ္ဍာရေး လုပ်ငန်းစဉ်၌ ပြည်သူတို့၏ ပါဝင်မှု ပမာဏ ပိုမိုကြီးထွားလာရေးနှင့် အားလုံးပိုမို ပါဝင်နိုင်ရေးကို တွန်းအားပေးရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၆.၆ |
| ၂.၄.၇ | ကျားမတန်းတူညီမျှမှုကို အားပေးစေနိုင်မည့် ရသုံးမှန်းခြေငွေစာရင်း တစ်ခုအဖြစ် ပုံပေါ်လာစေရေး ပေါင်းစည်းဆောင်ရွက်ရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ၊ လူ/ကယ်/ပြန် | မူဝါဒ ၁ | SDG ၁၆.၆ |
| ၂.၄.၈ | သဘာဝသယံဇာတသုံးသည့် စက်မှုလုပ်ငန်းများမှ ရရှိသည့် အခွန်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးတွင် အခွန်ရရှိမှု ပိုမိုညီမျှစေရေး အတွက် ပံ့ပိုးပေးရန် အပါအဝင် အခွန် မျှဝေပေးခြင်း လုပ်ငန်းစဉ်ကို မိတ်ဆက်ပေးရန် | ခိုင်မာအားကောင်းပြီး ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း | စီမံ/ဘဏ္ဍာ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ | မူဝါဒ ၁ | SDG ၁၆.၆ |

## မဟာဗျူဟာ၂.၅ - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း

MSDP သည် စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မှုအတွက် ပုဂ္ဂလိကကဏ္ဍကို အဓိကမောင်းနှင်အားအဖြစ် သတ်မှတ်ထားပါသည်။ နိုင်ငံ၏စီးပွားရေးတွင် ဈေးကွက်အခြေခံသည့် ဆောင်ရွက်ချက်များကို ဦးစားပေးထားသည့်အတွက် ရှိနေသည့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ (SOE) ၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများသည် ပုဂ္ဂလိက၏ အခန်းကဏ္ဍကို တိုးတက် မြှင့်တင်ပေးမည့် မဟာဗျူဟာများအပေါ် အားဖြည့်မှုတစ်ခုပင် ဖြစ်ပါ သည်။

၂၀၁၇ ခုနှစ်တွင် SOE အနည်းငယ်သာ နိုင်ငံတော်အတွက် အခွန်ထမ်းဆောင်လျက်ရှိပြီး၊ အများစုမှာ အကျိုးအမြတ်နည်းပါး၍ နှစ်ပေါင်းများစွာ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် ကြီးမားသောကြောင့် ငွေကြေးဝန်ထုပ်ဝန်ပိုး ရှိနေကြပါသည်။ ထို့ကြောင့် SOE ဆိုင်ရာ စီမံအုပ်ချုပ်မှု

တိုးတက်လာမှုသည် အစိုးရအတွက် ဘဏ္ဍာငွေအရင်းအမြစ်များကို ရရှိလာနိုင်ပြီး နိုင်ငံ၏စီးပွားရေး အလားအလာကို လမ်းဖွင့်ပေးမည့် အဓိကအကြောင်းအရင်းတစ်ခုလည်း ဖြစ်ပါသည်။

SOE များနှင့်ပတ်သက်၍ ၎င်းတို့၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရား နှင့် စီးပွားရေးအရ ရပ်တည်နိုင်စွမ်းစသည်တို့မှာ ရောထွေးနေခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ချက်နှင့် အမျိုးအစားများအရ မတူညီသည့် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ဖော်ထုတ်ရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် စည်းမျဉ်းစည်းကမ်းများ မှန်ကန်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော regulatory SOEs များသည် လက်တွေ့လုပ်ငန်း ဆောင်ရွက်လျက်ရှိသော နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ operational SOEs များနှင့် ဆောင်ရွက်သည့် အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများအရ လွန်စွာကွဲပြားပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် SOE များကို ၎င်းတို့၏ လုပ်ငန်းအရ အမျိုးအစားပြန်လည်သတ်မှတ်ခြင်း၊ ဘဏ္ဍာငွေအသုံးပြုမှုပုံစံ ပြုပြင်ပြောင်းလဲခြင်း၊ ၎င်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုကျွမ်းကျင် ပီပြင်လာစေခြင်း၊ ကြီးကြပ်ရေးတာဝန်နှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ခြင်း၊ နိုင်ငံ၏ စီးပွားရေးဆောင်ရွက်ချက်ကို တိုးတက်စေမည့် လုပ်ငန်းများတွင် ပိုင်ဆိုင်မှုကို ခွဲဝေလုပ်ကိုင်စေခြင်း (သို့မဟုတ်) ပုဂ္ဂလိကအား လွှဲပေးခြင်းတို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် ရည်ရွယ်ထားပါသည်။ ဤမဟာဗျူဟာကို ရရှိရေးအတွက် အောက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ်များကို သတ်မှတ်ရေးဆွဲထားပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ် | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု** | | | | | |
| **ပန်းတိုင် (၂) စီးပွားရေး တည်ငြိမ်မှု နှင့် အားကောင်းခိုင်မာသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု** | | | | | |
| **မဟာဗျူဟာ ၂.၅ - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း** | | | | | |
| ၂.၅.၁ | နိုင်ငံပိုင်လုပ်ငန်းများ ဘက်စုံ အကဲဖြတ်သုံးသပ်ပြီး နိုင်ငံပိုင် လုပ်ငန်းဆိုင်ရာ မူဝါဒတစ်ခု ပေါ်ပေါက်လာစေရန် | နိုင်ငံပိုင်လုပ်ငန်းများကို အမှီအခိုကင်းပြီး ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများ ဖြင့် လုပ်ဆောင်နိုင်ခြင်း (PSD AP Pillar 4) | စီမံ/ဘဏ္ဍာ | မူဝါဒ ၂ | SDG ၈.၃ |
| ၂.၅.၂ | နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရိတ် အသွင်ပြောင်းခြင်း၊ အကျိုးအမြတ်ရရှိရန် ဆောင်ရွက်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတို့ဖြင့် ယှဉ်ပြိုင်နိုင်မှုရှိစေရန် | နိုင်ငံပိုင်လုပ်ငန်းများကို အမှီအခိုကင်းပြီး ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများ ဖြင့် လုပ်ဆောင်နိုင်ခြင်း (PSD AP Pillar 4) | စီမံ/ဘဏ္ဍာ | မူဝါဒ ၃ | SDG ၈.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ် | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| ၂.၅.၃ | တစ်စိတ်တစ်ပိုင်းဖြစ်စေ အပြည့်အဝဖြစ်စေ ရှယ်ယာခေါ်ယူ ဆောင်ရွက်သင့်သည့် နိုင်ငံပိုင် လုပ်ငန်းများကို ဖော်ထုတ် သတ်မှတ်ပြီး ဖြစ်နိုင်ချေရှိသည့် မဟာဗျူဟာမိတ်ဖက်များရှာဖွေ လုပ်ဆောင်ရန် | နိုင်ငံပိုင်လုပ်ငန်းများကို အမြီအခိုကင်းပြီး ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများ ဖြင့် လုပ်ဆောင်နိုင်ခြင်း (PSD AP Pillar 4) | စီမံ/ဘဏ္ဍာ | မူဝါဒ ၄ | SDG ၈.၃ |
| ၂.၅.၄ | နိုင်ငံပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေး အစီရင်ခံမှုပုံစံများ ကို စံသတ်မှတ်ရန်နှင့် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ အချက် အလက်များကို ပြည်သူများသို့ ထုတ်ပြန်ရန် | နိုင်ငံပိုင်လုပ်ငန်းများကို အမြီအခိုကင်းပြီး ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများ ဖြင့် လုပ်ဆောင်နိုင်ခြင်း (PSD AP Pillar 4) | စီမံ/ဘဏ္ဍာ | မူဝါဒ ၅ | SDG ၈.၃ |
| ၂.၅.၅ | နိုင်ငံပိုင်လုပ်ငန်းများ၏ယှဉ်ပြိုင် နိုင်စွမ်းကို မြှင့်တင်ရန် ဝန်ထမ်း များကို ပုဂ္ဂလိကကဏ္ဍနှင့် ယှဉ်နိုင်သည့် လစာပေးနိုင်မည့် အစီအစဉ်ကို ဖော်ဆောင်ရန် | နိုင်ငံပိုင်လုပ်ငန်းများကို အမြီအခိုကင်းပြီး ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိသည့် စီးပွားရေးစည်းမျဉ်းများ ဖြင့် လုပ်ဆောင်နိုင်ခြင်း (PSD AP Pillar 4) | စီမံ/ဘဏ္ဍာ | မူဝါဒ ၆ | SDG ၈.၃ |

## မဏ္ဍိုင် (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

အဆင့်အားလုံးတွင် ပါဝင်ဆောင်ရွက်သူများ၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်သာယာဝပြောရေးအတွက် တိုးမြှင့်လုပ်ဆောင်ရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ဤသို့ လုပ်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေသကဲ့သို့ ကျယ်ပြန့်စွာ အခြေပြုထားသည့် စီးပွားရေးဖွံ့ဖြိုးမှုဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

### ပန်းတိုင် (၃) - အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး

ပန်းတိုင် (၃) သည် သဘာဝပတ်ဝန်းကျင်အား အလေးထားမှုနှင့် လူမှုရေးရာဆိုင်ရာ သက်ရောက်မှုများအပေါ် တာဝန်ယူမှုရှိသော စီးပွားရေးဖွံ့ဖြိုးမှု၏ မောင်းနှင်အားအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့်အတူ နိုင်ငံ၏စီးပွားရေးအတွက် အလုပ်အကိုင်ဖန်တီးပေးမှုကို အလေးပေးလုပ်ဆောင်ခြင်း ဖြစ်ပါသည်။

MSDP သည် နိုင်ငံ၏စီးပွားရေးတွင် အလုပ်အကိုင်များ၏ အရည်အသွေးနှင့် အရေအတွက် နှစ်ရပ်စလုံးအပေါ် အဓိကထားပါသည်။ ထိုနည်းတူစွာပင် ဘဏ္ဍာငွေကြေး ရရှိမှု တိုးမြင့်လာရေး၊ မူလရှိနေပြီးသော ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းခိုင်မာရေး၊ ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသတွင်း အသိုက်အဝန်းနှင့် ချိတ်ဆက်မှုအသစ်များ ပိုမိုဖြစ်ထွန်းလာရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို လှုံ့ဆော်နိုင်မည့် လုပ်သာကိုင်သာရှိသည့် မူဝါဒဝန်းကျင်တစ်ရပ် တိုးတက်လာရေးတွင် အစိုးရသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည်ကို အသိအမှတ်ပြုလျက် ပန်းတိုင်(၃) အောက်ရှိ မဟာဗျူဟာများကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လက်ရှိနိုင်ငံ၏ စီးပွားရေးအနေအထားအရ စိုက်ပျိုးရေးနှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်ဖန်တီးရေးအတွက် အရေးကြီးသည့် ဇစ်မြစ်များ ဖြစ်ကြပါသည်။ ဤကဏ္ဍများနှင့် စပ်လျဉ်း၍ အစိုးရသည် ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ပြောင်းလဲစေရန်နှင့် အရည်အသွေးမြင့်မားသည့် အလုပ်အကိုင်များ ပေါ်ထွန်းလာစေရန်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး (digital economy) ကို အလေးထားလျက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖန်တီးမှုနှင့်ဆန်းသစ်တီထွင်မှု၏ အခန်းကဏ္ဍကို မြှင့်တင်သွားမည် ဖြစ်ပါသည်။

အမျိုးသမီးများနှင့် အခြားသော ထိခိုက်ခံစားလွယ်သည့် ပြည်သူများအတွက် ကောင်းမွန်၍ လုံခြုံဘေးကင်းပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များ တိုးမြှင့်ရရှိစေရန် အလေးထား ဆောင်ရွက်မှုနှင့်အတူ၊ အလုပ်အကိုင်ဖန်တီးရေးနှင့် လုပ်သားဈေးကွက်ဆိုင်ရာ စီမံအုပ်ချုပ်မှုတို့ကို အားလုံးပါဝင်ပြီး မျှတမှုရှိစေရေး ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံး သာတူညီမျှရှိသည့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ရရှိစေရန်အတွက် ပန်းတိုင် (၁) အောက်

ရှိ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို ဖြည့်ဆည်းနိုင်ရန် အထောက်အကူပြု လုပ်ငန်းစဉ်များကို ရေးဆွဲ ထားပြီးဖြစ်ပါသည်။

**ရည်ညွှန်းအကိုးအကားများ**

- မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (၂၀၁၈/၁၉ - ၂၀၂၂/၂၃)
- အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉)
- မြန်မာနိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများရရှိသုံးစွဲရေးလမ်းပြမြေပုံ (၂၀၁၄-၂၀၂၀)
- မြန်မာနိုင်ငံစက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒ (၂၀၁၆)
- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမူဘောင်နှင့် လုပ်ငန်းစဉ်
- ကျေးလက်လမ်းများနှင့် ကူးသန်းသွားလာရေး အမျိုးသားမဟာဗျူဟာ (၂၀၁၆)
- အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ မူဝါဒ (၂၀၁၅)
- မြန်မာနိုင်ငံ အမျိုးသားပို့ဆောင်ရေးပင်မစီမံချက် (၂၀၁၆)

## မဟာဗျူဟာ ၃.၁ - ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံအဖြစ် အားလုံးပါဝင်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေး အလေ့အထများဖြင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိသော စီးပွားရေးကို ပံ့ပိုးမည့် ဝန်းကျင် တစ်ရပ် ဖန်တီးရေး

လူဦးရေ၏ ၇၀% ရှိသော ကျေးလက်နေပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မှီခိုနေကြပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အထူးအားထားသည့်နိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် ဤကဏ္ဍတွင် ကုန်ထုတ်စွမ်းအား တိုးတက်လာခြင်းသည် အဆင်းရဲဆုံးသော ပြည်သူများအတွက် သင့်တင့်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အလုပ်အကိုင်များဖန်တီးနိုင်ရေးကို သိသိသာသာ သက်ရောက်စေနိုင်မည် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် တန်ဖိုးမြင့်ကုန်စည်ဖြစ်သည်အထိ လုပ်ဆောင်သည့် လုပ်ငန်းစဉ်တစ်လျှောက် အဆင့်အားလုံးတွင် အလုပ်အကိုင် ဖန်တီးပေးရာ၌ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုသည် သိသာထင်ရှားပြီးဖြစ်ပါသည်။ အဆိုပါ အဆင့်အားလုံးတွင် လုပ်ရည်ကိုင်ရည်နှင့် လုပ်ကိုင်လိုစိတ်ရှိသောလုပ်သားများ လိုအပ်ပြီး အများစုမှာ ပြည်တွင်း ရွှေ့ပြောင်း သွားလာနေထိုင်သူများ ဖြစ်ကြပါသည်။

သို့သော် ကုန်ထုတ်လုပ်နိုင်စွမ်းသည် ဒေသတွင်း ပျမ်းမျှ သတ်မှတ်ချက်အောက် ရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆက်လက်ယှဉ်ပြိုင်နိုင်ရန်မှာ ဖွဲ့စည်းမှုပိုင်းနှင့် နည်းစနစ်ကျမှုဆိုင်ရာ အကန့်အသတ်များကို ဖြေရှင်းရမည်ဖြစ်ပါသည်။ ငွေကြေး၊ နည်းပညာ၊ ဈေးကွက်နှင့်ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် လုံလောက်သည့် ထောက်ပံ့မှုမရှိခြင်းတို့

ကြောင့် ရိတ်သိမ်းမှုတွင် ဆုံးရှုံးမှုများနှင့် ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းတို့သည် ပြည်တွင်းနှင့် ဒေသတွင်း၏ စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်မှု အနေအထားကို အားလျော့စေပါသည်။ ဤမဟာဗျူဟာ ရရှိစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၁- ကျေးလက်ဒေသ ဆင်းရဲမှုလျော့ချရေးအတွက် အခြေခံအဖြစ် အားလုံးပါဝင်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေး အလေ့အထများဖြင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိသော စီးပွားရေးကို ပံ့ပိုးမည့် ဝန်းကျင်တစ်ရပ် ဖန်တီးရေး** | | | | | |
| ၃.၁.၁ | ကျေးလက်ဒေသ ပုဂ္ဂလိကကဏ္ဍနှင့် လယ်သမားများ၏ လိုအပ်ချက်ကို တုံ့ပြန်ဆောင်ရွက်ပေးရန်အတွက်စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်းလုပ်ငန်းများနှင့် အစားအစာကဏ္ဍများတွင် သင်တန်းများ ပို့ချခြင်းနှင့် အသိပညာပေးရန် | ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေတိုးမြင့်လာခြင်း (AD SIP ရလဒ် ၂) | အလုပ်သမား/ လဝက၊ စိုက်/မွေး/ ဆည်၊ ပညာရေး၊ | မူဝါဒ ၃၊ ၅၊ ၆ | SDG ၂.၃ |
| ၃.၁.၂ | ပိုမိုအကျိုးရှိပြီးရေရှည်တည်တံ့သည့် ရေအသုံးပြုမှု စီမံခန့်ခွဲရေးစနစ်ကို ထောက်ပံ့ပေးခြင်းနှင့် ဆည်မြောင်း၊ ရေနုတ်မြောင်းစနစ်ကို မြှင့်တင်ရန် | ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေတိုးမြင့်လာခြင်း (AD SIP ရလဒ် ၂) | စိုက်/မွေး/ ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၄၊ ၆ | SDG ၂.၃<br>SDG ၂.၄<br>SDG ၆.၄<br>SDG ၆.၅ |
| ၃.၁.၃ | စက်မှုလယ်ယာနှင့် စိုက်ပျိုးရေး၊ ရေထွက် ပစ္စည်းလုပ်ငန်း၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတို့တွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေမည့် ဈေးကွက်အခြေအနေများ ဖန်တီးပေးရန် | ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေတိုးမြင့်လာခြင်း (AD SIP ရလဒ် ၂) | စိုက်/မွေးဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ အလုပ်သမား/ လဝက၊ | မူဝါဒ ၅၊ ၆ | SDG ၂.၃ |
| ၃.၁.၄ | ကျေးလက် အိမ်ထောင်စုများ၏ မြေယာလုပ်ပိုင်ခွင့်၊မြေယာပိုင်ဆိုင်ခွင့်နှင့် ယင်းနှင့် ဆက်နွယ်သည့် ဥပဒေဆိုင်ရာ သက်ဝင်ကျင့်သုံးမှု ခိုင်မာအားကောင်းစေရန် | လယ်ယာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် စီမံအုပ်ချုပ်မှုတိုးတက်လာခြင်း (AD SIP ရည်ရွယ်ချက် ၁) | စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ ပြည်ထဲရေး၊ အလုပ်သမား/ လဝက၊ | မူဝါဒ ၅၊ ၆ | SDG ၁.၄<br>SDG ၅(က) |
| ၃.၁.၅ | ထုတ်လုပ်သူနှင့် စားသုံးသူတို့ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အထောက်အကူဖြစ်စေမည့် ဈေးကွက်ဆိုင်ရာနှင့် အခြားအဓိကကျသည့် သတင်းအချက်အလက်များ ပိုမိုရရှိစေရေးဆောင်ရွက်ရန် | ဈေးကွက် ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | အလုပ်သမား/ လဝက၊ စီး/ကူး၊ | မူဝါဒ ၅၊ ၆ | SDG ၂.၃<br>SDG ၂(ဂ) |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| ၃.၁.၆ | စိုက်ပျိုးရေး၊ ငါးပုစွန် မွေးမြူရေး ရေထွက်ပစ္စည်း လုပ်ငန်းများနှင့် အစားအစာကဏ္ဍများတွင် ကုန်ထုတ် စွမ်းအားနှင့် တန်ဖိုးကွင်းဆက်တို့ကိုမြှင့်တင်နိုင်မည့် ဈေးကွက်နှင့်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတိုးတက်လာရန် | ဈေးကွက်ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ ဆောက်လုပ်ရေး၊ စီး/ကူး၊ | မူဝါဒ ၅၊ ၆ | SDG ၂.၃ |
| ၃.၁.၇ | စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်း လုပ်ငန်း၊ ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လွယ်ကူချောမွေ့စွာ လုပ်ကိုင်နိုင်စေရေးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်လာရန် | ဈေးကွက်ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | စိုက်/မွေး/ဆည်၊ စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ | မူဝါဒ ၅၊ ၆ | SDG ၂.၃<br>SDG ၂(က) |
| ၃.၁.၈ | ကျေးလက်နေ ပြည်သူများ ဦးဆောင်လျက် အားလုံးပါဝင်ပြီး ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို စတင်လုပ်ဆောင်နိုင်စေရေး စွမ်းရည်မြှင့်တင်ပေးရန် | ဈေးကွက်ချိတ်ဆက်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းတိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၅၊ ၆ | SDG ၁၆.၆<br>SDG ၁၆.၇ |
| ၃.၁.၉ | ရာသီဥတုဒဏ်ခံနိုင်သည့် ကျေးလက် အခြေခံအဆောက်အအုံများတည်ဆောက်မှုကို ပံ့ပိုးခြင်းအပါအဝင် အထူးသဖြင့် ဘေးအန္တရာယ်အဖြစ်အများဆုံးဒေသများတွင် ကျေးလက်နေ ပြည်သူများအား ပြင်းထန်သည့် ရာသီဥတုကို ခံစားရမှုလျော့ပါးသက်သာရေး ဆောင်ရွက်ရန် | လယ်သမားများ၏ ဝင်ငွေနှင့် ကုန်ထုတ် စွမ်းအားတိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၂) | စိုက်/မွေး/ဆည်၊ စီမံ/ဘဏ္ဍာ၊ ဆောက်လုပ်ရေး၊ သယံဇာတ/ ပတ်ဝန်းကျင်၊ | မူဝါဒ ၅၊ ၆ | SDG ၂.၄<br>SDG ၉.၁<br>SDG ၁၃.၁<br>SDG ၁.၅ |
| ၃.၁.၁၀ | လယ်သမားများ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်စေမည့် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်တစ်ရပ်ပေါ်ပေါက်လာစေရန် | လယ်သမားများ၏ ဝင်ငွေနှင့် ကုန်ထုတ် စွမ်းအား တိုးမြင့်ရေး (AD SIP ရည်ရွယ်ချက် ၂) | စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ စီမံ/ဘဏ္ဍာ၊ ပြည်ထဲရေး၊ | မူဝါဒ ၅၊ ၆၊ ၇ | SDG ၂.၃ |
| ၃.၁.၁၁ | လူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် စိုက်ပျိုးရေး မွေးမြူရေး ပို့ကုန်များမှ ပိုမိုကြီးမားသည့် | ဈေးကွက် ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | စိုက်/မွေး/ဆည်၊ စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၅၊ ၆၊ ၇ | SDG ၂.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | တန်ဘိုး ရရှိစေရန်အတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်လာရန် | | | | |
| ၃.၁.၁၂ | ကျေးလက်နေပြည်သူများ၏ သီးသန့် လိုအပ်ချက်များကို တုံ့ပြန် ဆောင်ရွက်နိုင်သော ဗျူဟာများ၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနည်းလမ်းနှင့်ဘဏ္ဍာရေး ဝန်ဆောင်မှုများပေါ်ထွက်လာစေနိုင်မည့်စည်းမျဉ်းစည်းကမ်း ပိုင်းဆိုင်ရာတိုးတက်လာရန် | လယ်သမားများ၏ ဝင်ငွေနှင့်ကုန်ထုတ်စွမ်းအား တိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၂) | စိုက်/မွေး/ဆည်၊ စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၅၊ ၆၊ ၇ | SDG ၂.၃ |
| ၃.၁.၁၃ | အဆင့်အားလုံးတွင် သီးခြားအခြေအနေနှင့် လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသော စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ပေါ်ထွက်လာရန် | ဈေးကွက် ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးမြင့်လာခြင်း (AD SIP ရည်ရွယ်ချက် ၃) | စိုက်/မွေး/ဆည်၊ စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၅၊ ၆၊ ၇ | SDG ၂.၃ |

## မဟာဗျူဟာ ၃.၂ - အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်း မှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးရေးကို အထောက်အကူပြုရေး

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အင်အားဖြစ်စေသည်သာမက ရေရှည်တည်တံ့ပြီး ကျယ်ပြန့်သော အလုပ်အကိုင်ဖန်တီးမှုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ထို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအပါအဝင် SMEs လုပ်ငန်းများဖွံ့ဖြိုးလာရေးသည် MSDP တွင် ဦးစားပေးမူဝါဒတစ်ရပ် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၌ SMEs လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် ငွေကြေးရရှိနိုင်မှု၊ ဈေးကွက်ချိတ်ဆက်မှု၊ မြေယာပိုင်ဆိုင်မှုတွင် လုံခြုံစိတ်ချရမှု၊ နည်းပညာနှင့် သတင်းအချက်အလက်ရရှိနိုင်မှုတို့တွင် အကန့်အသတ်များ အပါအဝင် များစွာသော အဟန့်အတားများ ရှိနေပါသည်။ ဤမဟာဗျူဟာ ပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၂- အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးရေးကို အထောက်အကူပြုရေး** | | | | | |
| ၃.၂.၁ | အမြတ်အစွန်း ရရှိရေး အတွက် ထုတ်ကုန် အမျိုးမျိုး ပြောင်းလဲ ထုတ်လုပ်ရန်နှင့် အရှိန် မြှင့်တင် ဆောင်ရွက်နိုင်စေရန် ထုတ်လုပ်သူများအား ဆွဲဆောင်သကဲ့သို့ ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းရှင်များ အနေဖြင့် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာ ရွေးချယ် စီမံခန့်ခွဲ နိုင်ရေးကို မြှင့်တင်ပေးရန် | စီးပွားရေးလုပ်ငန်းများ အတွက်ရှင်းလင်းတည် ငြိမ်သော ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မှုဘောင်များဖြင့် အခြေခံအုတ်မြစ်တစ်ရပ် အနေဖြင့် မျှတစွာနှင့် ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်လာခြင်း<br>( PSD AP Pillar 1) | စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/လဝက၊ စီး/ကူး၊ | မူဝါဒ ၂၊ ၃ | SDG ၁၂.၆ |
| ၃.၂.၂ | ကျေးလက်ဒေသများကို အဓိကထား၍ လုပ်ငန်း များနှင့် ဈေးကွက်များ အကြား ချိတ်ဆက်မှု ပိုမို အားကောင်းလာစေရန် | အားလုံး ပါဝင်ခံစားနိုင် သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရေရှည် ဖွံ့ဖြိုးရေး အတွက် ခိုင်ခံ့သည့် ဝန်းကျင် ပေါ်ထွန်းလာခြင်း<br>(PSD AP Pillar 3)<br>မြို့နယ်၊ တိုင်းဒေသ ကြီး/ ပြည်နယ်နှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက် ရေးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ အခန်းကဏ္ဍ တိုးမြှင့်လာခြင်း<br>(PSD AP Pillar 1) | စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/လဝက၊ ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင် များ အသင်း၊ | မူဝါဒ ၂ | - |
| ၃.၂.၃ | တူညီသည့် လုပ်ငန်း များ အတွက် လုပ်ခလစာ တန်းတူပေးသည့် အလေ့ အထ၊ အားလုံး ပါဝင်ခွင့် ရှိပြီး ပုံစံ အမျိုးမျိုး ခွဲခြား ဆက်ဆံမှု မရှိရေးနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ် ကင်းရှင်းရေး နှင့် ဆက်နွယ်သည့် စည်းမျဉ်းစည်းကမ်းများ နှင့် အကာအကွယ်ပြုမှု များ စတင် အသုံးပြုရေး | ပြည်သူများ ဘေးကင်း ၍ လုံခြုံစိတ်ချရပြီး တန်းတူ ညီမျှမှု ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နိုင်လာခြင်း | စီမံ/ဘဏ္ဍာ၊ စက်မှု၊ လူ/ကယ်/ပြန်၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင် များ အသင်း၊ | - | - |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | နှင့် ပြဋ္ဌာန်း ဆောင်ရွက်ရန် | | | | |
| ၃.၂.၄ | SMEs နှင့် SMIs တို့မှ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကောင်းမွန်စေ ရေးနှင့် အရင်းအမြစ် များ ကို ထိရောက်စွာ အသုံး ပြုနိုင်သည့် အခြေခံ အဆောက်အအုံ၊ စက်မှု လုပ်ငန်း၊ စက်ပစ္စည်းများ နှင့် အခြား နည်းပညာ များနှင့် စက်မှု လုပ်ငန်း ဆိုင်ရာ လုပ်ဆောင်ချက် များကို တိုးမြှင့်ဆောင် ရွက်ရန် | မြို့နယ်၊တိုင်းဒေသကြီး/ ပြည်နယ်နှင့်ဒေသဖွံ့ဖြိုး တိုးတက်ရေးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ၏ အခန်းကဏ္ဍ မြင့်မား လာခြင်း(MTP for AFT Pillar 4) | စီမံ/ဘဏ္ဍာ၊ စက်မှု၊ လူ/ကယ်/ပြန်၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/လဝက၊ ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင် များ အသင်း၊ | မူဝါဒ ၂၊ ၃၊ ၄ ၊ ၅ | SDG ၈.၂<br>SDG ၈.၃<br>SDG ၉.၃<br>SDG ၉.၄<br>SDG ၁၂.၆<br>SDG ၁၂.က |
| ၃.၂.၅ | အားလုံးပါဝင်နိုင်သည့် စီးပွားရေးနှင့်ကုန်သွယ် ရေးအဖွဲ့အစည်းများ၊ ကိုယ်စားလှယ် လုပ်ငန်း ရှင်အဖွဲ့အစည်းများနှင့် ကုန်သွယ်ရေး သမဂ္ဂများ ပေါ်ထွက်လာရေး အထောက်အကူပေးရန် | မြို့နယ်၊ တိုင်းဒေသ ကြီး / ပြည်နယ်နှင့် ဒေသဖွံ့ဖြိုးတိုးတက် ရေးတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ အခန်းကဏ္ဍ မြင့်မားလာခြင်း<br>(MTP for AFT Pillar 4)<br>အားလုံး ပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုး ရေးအတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း (PSD AP Pillar3) | အမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင် များအသင်း၊ စက်မှု၊ အလုပ်သမား/လဝက၊ | မူဝါဒ ၂၊ ၅ | SDG ၂.၃<br>SDG ၈.၃<br>SDG ၈.၅ |
| ၃.၂.၆ | နိုင်ငံတော်၏အခွန်ဘဏ္ဍာ ရရှိမှု အလားအလာကို လက်လွတ်မခံဘဲ မြန်မာ နိုင်ငံရှိ စီးပွားရေးလုပ်ငန်း များတွင် နိုင်ငံခြားကုမ္ပဏီ များ၊ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများအနေနှင့် ငွေကြေးနှင့်အတတ်ပညာ ကျွမ်းကျင်မှုများဖြင့် ရင်းနှီးမြှုပ်နှံလာစေရေး အတွက် သင့်လျော်သည့် ဆွဲဆောင်မှု အခြေအနေ များ ဖန်တီးပေးရန် | မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသေးစားနှင့်အလတ် စား လုပ်ငန်းများ၏ အခန်းကဏ္ဍ မြင့်မား လာခြင်း (MTP for AFT Pillar 4) | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ | မူဝါဒ ၂ | SDG ၈.၃<br>SDG ၁(ခ) |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| ၃.၂.၇ | ပုဂ္ဂလိကကဏ္ဍတွင် ပိုမို ကျယ်ပြန့်စွာ ပူးပေါင်း ပါဝင်စေရန်နှင့် အကျိုး စီးပွား ပိုမိုညီမျှစွာခံစား နိုင်စေရန်၊ အမျိုးမျိုးသော အစုအဖွဲ့များ ရင်ဆိုင် ရသည့် ယဉ်ကျေးမှုနှင့် ဖွဲ့စည်းမှုဆိုင်ရာ အဟန့် အတားများ လျော့နည်း လာရန် | ပြည်သူများ ဘေးကင်း ၍ လုံခြုံစိတ်ချရပြီး တန်းတူ ညီမျှမှု ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နိုင်လာခြင်း | စိုက်/မွေး/ဆည်၊ စက်မှု၊ ကုန်သည်/စက်မှု လက်မှုလုပ်ငန်းရှင် များအသင်း၊ အလုပ်သမား/လဝက၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ လူ/ကယ်/ပြန်၊ | မူဝါဒ ၂၊ ၅ | SDG ၂.၃<br>SDG ၈.၃<br>SDG ၈.၅ |
| ၃.၂.၈ | တိုးတက်ကောင်းမွန် သော ကျွမ်းကျင်သည့် လုပ်ဆောင်ချက်များဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအရည် အသွေးပိုမိုကောင်းမွန် လာစေရန် အရည်အသွေး ပြည့်ဝပြီးပွင့်လင်းမြင်သာ ၍ ယှဉ်ပြိုင်နိုင်စွမ်းရှိ သည့် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင် ရွက်မှု လုပ်ငန်းများ တွန်းအား ပေးဆောင်ရွက်ရန် | အစိုးရအတွက် အခြေခံ အဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရယူ ဖြည့်ဆည်းပေးနိုင် သည့် ခိုင်မာသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များကို ဖန်တီးဖော်ဆောင်ခြင်း | စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ စက်မှု၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ ဆောက်လုပ် ရေး၊ စီး/ကူး၊ | - | SDG ၁၇.၁၇ |

## မဟာဗျူဟာ ၃.၃ - စီးပွားရေးလုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာသော၊ ရင်းနှီး မြှုပ်နှံသူ၏ ယုံကြည်မှုကို မြှင့်တင်ပေးသော၊ စွမ်းဆောင်ရည်မြင့်မားသော၊ အာမခံချက်ရှိပြီး လုပ်သာကိုင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် တစ်ရပ် ပေါ်ပေါက်ရေး

မကြာသေးမီနှစ်ကာလများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာအထူး စီးပွားရေးဇုန် ဥပဒေနှစ်ရပ်စလုံးကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေနှစ်ရပ်စလုံးတွင် အခွန်ဆိုင်ရာ မက်လုံးများ၊ အခြား အခွင့်အရေးများ၊ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးရေး လုပ်ငန်းများ ပါဝင်ပါသည်။ သို့ရာတွင် ရှင်းလင်းသည့် ဥပဒေနှင့်စည်းမျဉ်းများအပြင် ခန့်မှန်းရလွယ်ပြီး လွယ်ကူချောမွေ့ကာ လိုက်လျောညီထွေရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးရန် အရေးကြီးသည်ကို နိုင်ငံတော်အစိုးရက လက်ခံထားပါသည်။ ဤအချက်ကို ရရှိစေရန် သတင်းအချက်အလက်နည်းပညာများကို အသုံးပြုခြင်းဖြင့် အစိုးရဌာနများ အကြား ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှု၊ ရှင်းလင်းသည့် စံလုပ်ထုံးလုပ်နည်းများ၊ လုပ်ဆောင်ရလွယ်ကူစေရန် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ခြင်းစသည်တို့ လိုအပ်သည်ကို MSDP က

လက်ခံထားပါသည်။ ဤမဟာဗျူဟာပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာရလဒ်များ | သက်ဆိုင်သည့်ဌာနများ | သက်ဆိုင်သည့် စီးပွားရေးမူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၃- စီးပွားရေးလုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာသော၊ ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှုကို မြှင့်တင်ပေးသော၊ စွမ်းဆောင်ရည်မြင့်မားသော၊ အာမခံချက်ရှိပြီး လုပ်သာကိုင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ပေါ်ပေါက်ရေး** | | | | | |
| ၃.၃.၁ | စနစ်ကျ၍ ကြိုတင် ခန့်မှန်းနိုင်ပြီး ပွင့်လင်း မြင်သာမှုရှိစွာ ချမှတ်ကျင့်သုံးသွားရန်၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာချက်များ၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်များကို ချမှတ်ကျင့်သုံးသွားရန် | ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် အရည်အသွေးအရ တိုးတက် ကောင်းမွန်သော စီးပွားရေး ဝန်းကျင် ဖြစ်ပေါ်လာခြင်း (PSD AP Pillar 3) | စီမံ/ဘဏ္ဍာ၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ စက်မှု၊ စီး/ကူး၊ | မူဝါဒ ၇ | SDG ၈.၃<br>SDG ၁၆.၆ |
| ၃.၃.၂ | ရင်းနှီးမြှုပ်နှံသူများက အစိုးရဌာန/ အဖွဲ့အစည်း ထံမှ လိုအပ်နေသော ဝန်ဆောင်မှုများအတွက် ထိရောက်ပြီး စွမ်းရည်မြင့်သည့် လုပ်ငန်း လုပ်ဆောင်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ရန် | ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် အရည်အသွေးအရ တိုးတက် ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖြစ်ပေါ်လာခြင်း (PSD AP Pillar 3) | ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇ | SDG ၈.၃<br>SDG ၁၆.၆ |
| ၃.၃.၃ | မကျေနပ်ချက်များကို တိုင်ကြားနိုင်မည့် နည်းလမ်း စနစ်အသုံးပြုခြင်းဖြင့် အငြင်းပွားမှုများကို ကိုင်တွယ် ဖြေရှင်းရသည့် စနစ်များတိုးတက် ကောင်းမွန်လာစေရန် | အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းသည့် စနစ် နှင့် ဥပဒေများ သက်ဝင် ကျင့်သုံး အကောင်အထည်ဖော်မှု တိုးတက်ကောင်းမွန် လာခြင်း (PSD AP Pillar 1) | ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇ | SDG ၈.၃<br>SDG ၁၆.၆ |
| ၃.၃.၄ | ပိုမို ပွင့်လင်းမြင်သာပြီး ကျင့်ဝတ်နှင့် ကိုက်ညီသည့် ကော်ပိုရိတ်ဆိုင်ရာ အလေ့အထများကို ပံ့ပိုးရန် စည်းမျဉ်းစည်းကမ်းနှင့် ပြဋ္ဌာန်းကျင့်သုံးမှု၊ အတည်ပြုချက်များ အသုံးပြုရေးနှင့် စာရင်းစစ်ဆေးမှုနှင့် | အားလုံး ပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုးရေး အတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း(PSD AP Pillar 3) | စီမံ/ဘဏ္ဍာ၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ဗဟိုဘဏ်၊ | မူဝါဒ ၇ | SDG ၁၆.၅<br>SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | ငွေစာရင်းဆိုင်ရာ စံချိန် စံညွှန်းများ တိုးတက် ကောင်းမွန်ရေး အပါအဝင် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်း ကျင့်သုံးမှု တိုးတက် ကောင်းမွန်ရန် | | | | |
| ၃.၃.၅ | အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ လုပ်ငန်း ဆောင်ရွက်မှု ကုန်ကျ စရိတ်နှင့်လိုက်နာဆောင် ရွက်ရသည့်ဝန်ထုပ်ဝန်ပိုး များကိုလျှော့ချနိုင်ရေး အတွက် စီမံအုပ်ချုပ်မှု ဆိုင်ရာ အလေ့အထများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်လာ ရန် | စီးပွားရေးလုပ်ငန်းများ အတွက် ရှင်းလင်းတည် ငြိမ်သော ဥပဒေနှင့် စည်း မျဉ်းစည်းကမ်း မူဘောင် များဖြင့်အခြေခံအုတ်မြစ် တစ်ရပ်အနေဖြင့် မျှတ စွာနှင့်ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်လာခြင်း (PSD AP Pillar 1) | စီမံ/ဘဏ္ဍာ၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် စီး/ကူး၊ စက်မှု၊ | မူဝါဒ ၄၊ ၇ | SDG ၈.၃ SDG ၁၆.၅ SDG ၁၆.၆ |
| ၃.၃.၆ | သတ်မှတ်ထားသည့်ကဏ္ဍ သို့မဟုတ် လုပ်ငန်းများတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု (FDI) လုပ်ခွင့် အမြင့်ဆုံးသတ်မှတ်ချက် အပါအဝင် FDI ကို အဟန့် အတား ဖြစ်စေသော မူဝါဒ အကန့်အသတ်များ လျှော့ချရန် | အားလုံးပါဝင်သည့် ကုန်သွယ် မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုးရေး အတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း(PSD AP Pillar 3) | စီး/ကူး စီမံ/ဘဏ္ဍာ၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ဗဟိုဘဏ်၊ | မူဝါဒ ၇ | SDG ၁၇.၃ SDG ၁၇.၅ |
| ၃.၃.၇ | စီးပွားရေး၊ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာရှုထောင့်များ၊ပြည်သူ လူထု၏ ထင်မြင်ချက်/ အမြင်များအားလုံးကို ခြုံငုံ စဉ်းစားသည့် မဟာဗျူဟာ မြောက် ချမှတ်စီမံထားမှု များကို အခြေခံထားသော အထူး စီးပွားရေးဇုန်များနှင့် စက်မှုနယ်မြေများပေါ်ပေါက် လာရန် | စီးပွားရေးလုပ်ငန်းများ အတွက်ရှင်းလင်းတည် ငြိမ်သောဥပဒေနှင့် စည်း မျဉ်းစည်းကမ်း မူဘောင် များဖြင့် အခြေခံအုတ်မြစ် တစ်ရပ်အနေဖြင့် မျှတစွာ နှင့် ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်လာခြင်း (PSD AP Pillar 1) | စီမံ/ဘဏ္ဍာ၊ ပြည်ထဲရေး၊ စက်မှု အလုပ်သမား/ လဝက၊ ဆောက်လုပ်ရေး၊ စီး/ကူး၊ | မူဝါဒ ၂၊ ၅၊ ၇ | SDG ၈.၃ |
| ၃.၃.၈ | ကုမ္ပဏီဥပဒေနှင့်ယှဉ်ပြိုင်မှု ဥပဒေ ပြဋ္ဌာန်းကျင့်သုံးရန် | စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဥပဒေ နှင့်စည်းမျဉ်းစည်းကမ်း များကိုရှင်းလင်း၍ တည်ငြိမ်သော အခြေခံ အုတ်မြစ်တစ်ရပ်အဖြစ် မျှတစွာနှင့် ပွင့်လင်း မြင်သာစွာ အသုံးပြုလာခြင်း (PSD | ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ စီး/ကူး၊ စီမံဘဏ္ဍာ | မူဝါဒ ၂၊ ၇ | SDG ၈.၃ SDG ၁၆.၅ SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | AP Pillar 1) | | | |
| ၃.၃.၉ | ထိရောက်ပြီး အကျိုးဖြစ်ထွန်းသည့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေများနှင့် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းမည့်စနစ်များကိုအသုံးပြုခြင်းဖြင့် ကုန်သွယ်မှု ဥပဒေမူဘောင်၏ အရည်အသွေးကို အားကောင်းခိုင်မာရေး ဆောင်ရွက်ရန် | စီးပွားရေးလုပ်ငန်းများအတွက် ရှင်းလင်း တည်ငြိမ်သောဥပဒေနှင့်စည်းမျဉ်းစည်းကမ်းမူဘောင်များဖြင့် အခြေခံအုတ်မြစ်တစ်ရပ်အနေဖြင့် မျှတစွာနှင့် ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်လာခြင်း (PSD AP Pillar 1) | ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ ရှေ့နေချုပ်ရုံး၊ | မူဝါဒ ၂၊ ၇ | SDG ၈.၃<br>SDG ၁၆.၅<br>SDG ၁၆.၆ |

## မဟာဗျူဟာ ၃.၄- ကုန်သွယ်မှုကဏ္ဍကို ထပ်မံ ပြုပြင်ပြောင်းလဲရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုများ အားကောင်းခိုင်မာရေး

မြန်မာနိုင်ငံကို ပိုမိုပါဝင်မှုရှိပြီး ချိတ်ဆက်နေနိုင်သည့် နိုင်ငံဖြစ်ပေါ်လာစေရန်အတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ဆယ်စုနှစ်များစွာကြာအောင် ကင်းကွာနေခဲ့ခြင်းသည် နိုင်ငံ၏ ကုန်သွယ်မှုစွမ်းရည်ကို ယိုယွင်းစေခဲ့ပါသည်။ ဤအခြေအနေကို ပြောင်းလဲလာစေရန် ဆောင်ရွက်ရပါမည်။

မြန်မာနိုင်ငံသည် အဓိကကျသည့် စီးပွားရေး စင်္ကြံများမှတစ်ဆင့် နယ်စပ်ဒေသများကို ဖြတ်ကျော်၍ ကုန်စည်နှင့် ဝန်ဆောင်မှု သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဒေသတွင်း ကတိကဝတ်များ ရှိထားပါသည်။ နိုင်ငံတော်အစိုးရသည် MSDP နှင့်အတူ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသည် ပို့ကုန်မျိုးစုံဖြင့် ကျယ်ပြန့်စွာ လုပ်ဆောင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး မူဝါဒများနှင့်အညီ ပြည်တွင်းနှင့် နိုင်ငံတကာကုန်သွယ်မှုကို ထိန်းကျောင်းထားသည့် အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာ မူဘောင်ကို ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ ဤလုပ်ငန်းအားလုံးသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုထိရောက်ပြီး စွမ်းရည်မြင့်မားစေရန် ပံ့ပိုးနိုင်မည်ဖြစ်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူစေခြင်း၊ အကောက်ခွန်၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်း၊ ပိုမိုအဆင့်မြင့်မားသည့် သတင်းအချက်အလက်နှင့်

နည်းပညာ စနစ်များ အသုံးပြုလာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အပြီး ဆောင်ရွက်ပေးသည့်ဌာနများဖြင့် လုပ်ဆောင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ အခွန် အကောက်ကိစ္စများ တစ်ကြိမ်တည်းနှင့်အပြီး စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး အိမ်နီးချင်း နိုင်ငံများ၊ အခြား ဝေးကွာသည့်နိုင်ငံများနှင့် ဆက်သွယ်ချိတ်ဆက်မှု လုပ်ဆောင်မှု ပိုမို ကောင်းမွန် လာမည်ဖြစ်ပါသည်။

ကြီးမားသည့် တရားမဝင် ကုန်သွယ်မှုများလည်း တစ်ပြိုင်တည်းရှိနေသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် တရားဝင်ကုန်သွယ်မှုကဏ္ဍကို ပြုပြင်ပြောင်းလဲရေးသည် အထူးသဖြင့် အရေးကြီးပါသည်။ ဤမဟာဗျူဟာကိုရရှိစေရန် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၄ - ကုန်သွယ်မှုကဏ္ဍကို ထပ်မံ ပြုပြင်ပြောင်းလဲရေးနှင့် ဒေသတွင်းနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှု များ အားကောင်းခိုင်မာရေး** | | | | | |
| ၃.၄.၁ | အမျိုးသားပို့ကုန်မဟာဗျူဟာ နှင့်အညီ အလုပ်အကိုင်များ ဖန်တီးနိုင်သည့် ပို့ကုန်တွင် တန်ဖိုးကွင်းဆက်ကို ဦးစားပေး၍ ခိုင်မာအား ကောင်းစေရန် နှင့် နိုင်ငံခြား ကုမ္ပဏီများ၊ ပြည်ပမှ ဝယ်ယူ သူများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် | ပြည်တွင်းလုပ်ငန်းများ မှ ဒေသတွင်းနှင့် နိုင်ငံ တကာတန်ဖိုး ကွင်းဆက်တွင် ချိတ်ဆက် ဝင်ရောက် လုပ်ကိုင်လာခြင်း | စီး/ကူး၊ စိုက်/မွေး/ဆည်၊ စက်မှု၊ | မူဝါဒ ၂၊ ၅၊ ၆ | SDG ၁၆.၆ |
| ၃.၄.၂ | ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာဘက်စုံဆက်စပ် လေ့လာမှု(DTIS)ပါထောက် ခံ အကြံပြုချက်များကို အကောင်အထည် ဖော်ခြင်း ဖြင့် အကောက်ခွန်၊ ကုန်သွယ် ရေးနှင့်ထောက်ပံ့ပို့ဆောင် ရေးဆိုင်ရာ လုပ်ငန်းများ၏ စွမ်းရည်နှင့် ဖြစ်ထွန်းမှုနှင့် ပွင့်လင်း မြင်သာရှိမှု တိုးတက်လာရန် | အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည် ဖွံ့ဖြိုး ရေးအတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း(PSD AP Pillar 3) | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ စက်မှု၊ | မူဝါဒ ၅၊ ၆၊ ၁၂ | SDG ၁၆.၆ |
| ၃.၄.၃ | ASEAN National Trade Repository-NTR အပါအဝင် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာစည်း မျဉ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်ရှင်းလင်းသည့် လမ်းညွှန် | ASEAN နှင့် WTO ရှိ ကုန်စည် ကုန်သွယ်မှု ဆိုင်ရာ ကတိကဝတ် များသည် ဈေးကွက် ဝင်ရောက်ခွင့်ရှင်းလင်း သည့် အခွန်စည်းကြပ် | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၄၊ ၆၊ ၁၂ | SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | ချက်များကို ထုတ်ပြန်ရန် | သည့် ပုံစံနှင့် ပွင့်လင်းမြင်သာမှု တိုးမြင့်လာခြင်းတို့မှ ကျေးဇူးများ ရရှိလာခြင်း (MTP for AFT, Pillar 1) | | | |
| ၃.၄.၄ | အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်ကို အထောက်အကူပြုရေး အပါအဝင် tariff rationalization ပြုလုပ်ရန် | ASEAN နှင့် WTO ရှိ ကုန်စည် ကုန်သွယ်မှု ဆိုင်ရာ ကတိကဝတ် များသည် ဈေးကွက် ဝင်ရောက်ခွင့်ရှင်းလင်း သည့် အခွန်စည်းကြပ် သည့် ပုံစံနှင့် ပွင့်လင်း မြင်သာမှု တိုးမြင့်လာ ခြင်းတို့မှ ကျေးဇူးများ ရရှိလာခြင်း<br>(MTP for AFT, Pillar 1)<br>အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုရေရှည်ဖွံ့ဖြိုးရေး အတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း(PSD AP Pillar 3) | စီး/ကူး၊ နိုင်ငံခြားရေး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၆၊ ၁၂ | SDG ၁၆.၆ |
| ၃.၄.၅ | နိုင်ငံတော်၏ အခွန်ဘဏ္ဍာ ရရှိမှု အလားအလာကို ထိခိုက် မခံဘဲ ရင်းနှီးမြှုပ်နှံမှု ပိုမို ရရှိစေပြီး ထိရောက်သည့် အလေ့အကျင့်များ တိုးတက် ဖြစ်ပေါ်စေသည့် ခိုင်မာပြီး ဆန်းသစ် တီထွင်မှုရှိသော မူဝါဒနှင့် ဥပဒေဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာစေရန် | အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုး ရေးအတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်း လာခြင်း(PSD AP Pillar 3) | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ | မူဝါဒ ၅၊ ၆ | SDG ၁၆.၆ |
| ၃.၄.၆ | များပြားလာသည့် ကုန်သွယ်မှု လုပ်ငန်းများ လျင်မြန်ချောမွေ့ စေရေးအတွက် ကုန်သွယ်ရေး နှင့် ဆက်နွယ်သည့် အစိုးရ ဌာန/ အဖွဲ့ အစည်းများ၏ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်များ၊ ဆွဲဆောင်မှု အခြေအနေများ ကို သုံးသပ်ရန်၊ ဥပဒေရေးရာ ကိစ္စရပ်များတွင် ကွာဟချက် များ ကျဉ်းမြောင်းလာရန် | ပြုပြင်ပြောင်းလဲရေး၏ လိုအပ်ချက်ကို ထိထိ ရောက်ရောက် တုံ့ပြန် ဆောင်ရွက်ရန် ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်နိုင်စွမ်းနှင့် စီးပွား/ ကူးသန်း ဝန်ကြီး ဌာန၏ စွမ်းဆောင်မှုကို ပြန်လည် သုံးသပ် စေ့စပ်ကျနစွာပြန်လည် | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ | မူဝါဒ ၅၊ ၆ | SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | ဖွံ့စည်းရေးအတွက် အစီအစဉ် ရေးဆွဲရေး နှင့် အကောင်အထည် ဖော်ခြင်း(MTP for AFT Pillar 1) | | | |
| ၃.၄.၇ | ဒေသခွဲ၊ ဒေသတွင်းနှင့် နိုင်ငံ တကာ ကတိကဝတ်များနှင့် အညီ၊ MACCS ကို ထိထိ ရောက်ရောက် အသုံးချ ခြင်း ဖြင့်၊ regulatory discretion ကို လျှော့ချနိုင်စေရေးနှင့် အကောက်ခွန် ရှင်းလင်းမှု လုပ်ငန်းတွင် အချိန်နှင့် ကုန်ကျစရိတ် လျှော့ချနိုင်စေ ရေးတို့အတွက် ကုန်သွယ်မှု နှင့်အကောက်ခွန် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံး လုပ်နည်းများ ရိုးရှင်းလွယ်ကူ စေရန် | အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်ရန် ရေရှည်တည်တံ့သော ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုအတွက် ခိုင်ခံ့ သည့် ဝန်းကျင် ဖြစ်ထွန်းလာခြင်း (PSD AP Pillar 3) | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၆၊ ၁၂ | SDG ၁၆.၆ |
| ၃.၄.၈ | မဲခေါင်ဒေသခွဲ နယ်စပ် ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် အကောင် အထည်ဖော်ရန် | အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ရေရှည်ဖွံ့ဖြိုး ရေးအတွက် ခိုင်ခံ့သည့် ဝန်းကျင်ပေါ်ထွန်းလာ ခြင်း (PSD AP Pillar 3) | စီး/ကူး၊ နိုင်ငံခြားရေး၊ ပို့/ဆက် စိုက်/မွေး/ဆည်၊ | မူဝါဒ ၆ | SDG ၉.၁ SDG ၁၁(က) |
| ၃.၄.၉ | အလုပ်သမားများ လူမှုရေး စံနှုန်းများ၊ ပတ်ဝန်းကျင် နှင့် ပြည်သူ့ ကျန်းမာရေးကို ကာကွယ်ပေးနိုင်ရန်အတွက် သွင်းကုန်ခွန် မဟုတ်သည့် အစီအမံများ (NTMs) ကို သုံးသပ်ရန် နှင့် လိုအပ်သလို ပြုပြင် ပြောင်းလဲမှု တို့ကို ဆောင်ရွက်ရန် | ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက် ရရှိမှုတိုးတက်ကောင်း မွန်လာစေခြင်းဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ ကြန့် ကြာမှုများကို ဖြေရှင်း ခြင်းတို့ဖြင့် နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဆိုင် ရာမူဘောင်တိုးတက် ကောင်းမွန်လာခြင်း (MFT for AFT, Pillar 1) | စီး/ကူး၊ စီမံ/ဘဏ္ဍာ စက်မှု၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၆ | SDG ၁၆.၆ |
| ၃.၄.၁၀ | အာဆီယံစီးပွားရေးအသိုက် အဝန်း (၂၀၂၅) ပါဝင်သည့် မဟာဗျူဟာ လုပ်ငန်းစဉ်များ ကိုဆက်လက် အကောင် အထည်ဖော်ရန် | ASEAN နှင့် WTO ရှိ ကုန်စည် ကုန်သွယ်မှု ဆိုင်ရာ ကတိကဝတ် များသည် ဈေးကွက် ဝင်ရောက်ခွင့်ရှင်းလင်း သည့် အခွန်စည်းကြပ် သည့် ပုံစံနှင့် ပွင့်လင်း မြင်သာမှု တိုးမြင့်လာ | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု စိုက်/မွေး/ဆည်၊ | မူဝါဒ ၄၊ ၆၊ ၁၂ | SDG ၁၆.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | ခြင်းတို့မှ ကျေးဇူးများ ရရှိလာခြင်း (MTP for AFT, Pillar 1) | | | |
| ၃.၄.၁၁ | နှစ်နိုင်ငံအဆင့်၊ ဒေသတွင်း အဆင့်နှင့် နိုင်ငံပေါင်းစုံ အဆင့်တို့တွင် ထိရောက် အကျိုးရှိသည့် ကုန်သွယ်ရေး ဆိုင်ရာ ညှိနှိုင်း ဆွေးနွေးမှု များကို အထောက် အပံ့ဖြစ်စေ ရန် ဘက်စုံ ကုန်သွယ်မှု မူဝါဒ တစ်ရပ် ပေါ်ထွက် လာရန် | အားလုံးပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုရေရှည်ဖွံ့ဖြိုးရေး အတွက်ခိုင်ခံ့သည့် ဝန်း ကျင် ပေါ်ထွန်းလာခြင်း (PSD AP Pillar 3) | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၄၊ ၆၊ ၁၂ | SDG ၁၆.၆ |
| ၃.၄.၁၂ | ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးခြင်းနှင့် ကုန်သွယ်မှု လျင်မြန် ချောမွေ့စေရေး ဆိုင်ရာ လိုအပ်ချက်များကို ကိုက်ညီစေမည့် (SPS နှင့် Non-SPS အစီအမံ နှစ်ခု စလုံးနှင့် သက်ဆိုင်သော) အမျိုးသားအဆင့် အရည် အသွေးဆိုင်ရာ အခြေခံ အဆောက်အအုံ လမ်းပြမြေပုံ ကို ရေးဆွဲ အကောင်အထည် ဖော်ရန် | ထုတ်ကုန်ပစ္စည်းများ သည် လိုအပ်သည့် ဘေး အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ စံချိန်စံညွှန်းများ နှင့်ကိုက်ညီခြင်း၊စိုက်ပျိုး ရေးနှင့် အခြားထုတ်ကုန် များပြည်ပသို့ တင်ပို့ရာ တွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာခြင်း | စီး/ကူး၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၄၊ ၆၊ ၁၂ | SDG ၁၆.၆ |

## မဟာဗျူဟာ ၃.၅ - ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လက်လှမ်းမီ လာရေးနှင့် ဘဏ္ဍာရေးစနစ် အားကောင်းခိုင်မာရေး

မြန်မာနိုင်ငံတွင် စုစုပေါင်း လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအောက်သာ တရားဝင်ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီသည်ဟု ခန့်မှန်းပါသည်။ ငွေကြေးဝန်ဆောင်မှု လုပ်ငန်း များကို တရားဝင်ရယူသုံးစွဲမှု များပြားလာခြင်းသည် ဆန်းသစ်တီထွင်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပုဂ္ဂလိကကဏ္ဍ တိုးတက်လာမှုအပါအဝင် မြန်မာနိုင်ငံ ဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပုံမှန်အားဖြင့် ပြည်တွင်း ငွေကြေးအဖွဲ့အစည်းများ ရင်ဆိုင်ကြုံတွေ့နေရသည့် စွမ်းဆောင်ရည် အဟန့်အတားများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ် နေသည့် နိုင်ငံခြားဘဏ်ခွဲများအပေါ် ချမှတ်ထားသည့် သတ်မှတ်ချက်များသည် စိန်ခေါ်မှုများကို ဆက်လက်ဖြစ်ပေါ်စေပါသည်။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများကို ထပ်မံဖြေလျှော့ပေးရန် နှင့် အထူးသဖြင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရာတွင် ဗဟိုဘဏ်၏ စွမ်းဆောင်ရည်ကို တိုးမြှင့် ရန်လည်း အရေးကြီးပါသည်။ သို့ရာတွင် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးအပေါ် သက်ရောက် မှုများ အလွန်လျင်မြန်စွာ ဖြစ်ပေါ်စေသည့်အတွက်ကြောင့် ငွေရေးကြေးရေးပြုပြင် ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ နှစ်ဖက်ညီမျှမှုရှိစေရေးကိုလည်း ဖန်တီးရမည် ဖြစ်ပါသည်။ သို့သော် ထိန်းချုပ်မှုများပြီး အရှေ့နှေးမည်ဆိုပါက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေပါသည်။ အရေးကြီးသည့်

ဤကဏ္ဍကို ဆက်လက်လုပ်ဆောင်နိုင်ရန် အထူးသဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ပိုမို လက်လှမ်းမီစေရန် ပြည်တွင်းဘဏ်များ၏ စွမ်းဆောင်ရည် တိုးတက်စေမည့် ပြည်တွင်းငွေကြေး အဖွဲ့အစည်းများနှင့် ပြည်ပငွေကြေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို နည်းလမ်း မျိုးစုံဖြင့် တွန်းအားပေး ဆောင်ရွက်ရပါမည်။ ဤမဟာဗျူဟာကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားငွေလုံးငွေရင်းကို ဖြစ်ပေါ်စေရုံသာမက ပိုမိုအကျိုးဖြစ်ထွန်းသည့် ဘဏ်အချင်းချင်း ချိတ် ဆက်၍ ကူးသန်းရောင်းဝယ်မှု ဆောင်ရွက်သည့် ဈေးကွက်ဖြစ်ပေါ်လာရေးအတွက်လည်း နိုင်ငံခြား ဘဏ်ခွဲများအပေါ် လျှော့ပေါ့ပေးထားသည့် အခြေအနေများကို MSDP က ကြိုးပမ်းထားပါသည်။ မြန်မာနိုင်ငံတွင် ကျန်ရှိနေသေးသည့် နိုင်ငံပိုင်ဘဏ်များ၏ ပြုပြင်ပြောင်းလဲမှုများသည် မတည်ငြိမ် သည့် အခြေအနေအတွက် အကာအကွယ်တစ်ရပ်အနေဖြင့် ရှိနေသည့် အဖွဲ့အစည်းများကို ပြန်လည် ထူထောင်ရန် ရည်ရွယ်နေစဉ်အတောအတွင်း ပုဂ္ဂလိက ဆွဲဆောင်မှုကို လိုလိုလားလားလက်ခံသူများ နောက်ကွယ်တွင် အမျိုးသားရေးနှင့် လူမှုရေးပန်းတိုင်ကို လိုက်နာလုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို ပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါ သည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) ပြည့်စုံကြွယ်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၅ - ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လက်လှမ်းမီလာရေးနှင့် ဘဏ္ဍာရေးစနစ် အားကောင်း ခိုင်မာရေး** | | | | | |
| ၃.၅.၁ | ပြည်တွင်းဘဏ္ဍာရေး အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အားကောင်းခိုင်မာရန် | ပြည်တွင်းနှင့် နိုင်ငံခြား ဘဏ်များအပါအဝင် ခိုင်မာသည့် ကူးသန်း ရောင်းဝယ်ရေးဘဏ်များ သည် အသုံးပြုသူ အမျိုး မျိုးအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုမျိုးစုံကို အပြိုင်အဆိုင်ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀<br>SDG ၁.၄<br>SDG ၅(က)<br>SDG ၈.၃ |
| ၃.၅.၂ | ဘဏ်မဟုတ်သော အခြားငွေရေးကြေးရေး အဖွဲ့အစည်းများ (NBFIs) အားကောင်း ခိုင်မာရေး ပိုမိုကျယ်ပြန့် စွာ ပံ့ပိုးပေးရန် | အားလုံး ပါဝင်ခံစားနိုင် သည့် ဘဏ္ဍာရေး ရေရှည် တိုးတက်မှု၊ မြီရှင် အခွင့် အရေးနှင့် တောင်းဆိုမှု များ ရရှိရေး၊ စွန့်စားရမှု ကို စီမံခန့်ခွဲမှု စသည် တို့တွင် ဘဏ္ဍာရေး အဖွဲ့ အစည်းများအတွက် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းတို့ ဖြင့် ထိန်းကျောင်းလာနိုင် ခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀<br>SDG ၁.၄<br>SDG ၅(က)<br>SDG ၈.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| ၃.၅.၃ | ပြည်တွင်း၊ ပြည်ပငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများမှ တစ်ဆင့် မိုဘိုင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ (Fin-Tech) ဝန်ဆောင်မှုလုပ်ငန်းများ သုံးစွဲမှုကို ချဲ့ထွင်ရန် | ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များအပါအဝင် ခိုင်မာသည့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် အသုံးပြုသူ အမျိုးမျိုးအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုမျိုးစုံကို အပြိုင်အဆိုင်ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀<br>SDG ၁.၄<br>SDG ၅(က)<br>SDG ၈.၃ |
| ၃.၅.၄ | ဘဏ္ဍာရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေ (Financial Institutions Law-FIL) နှင့် နိုင်ငံခြားငွေ စီမံခန့်ခွဲရေးဥပဒေ (Foreign Exchange Management Law-FEML)အတွက် စည်းမျဉ်းစည်းကမ်းနှင့် အစီအစဉ်များအပါအဝင် တစ်ဆင့်ဘဏ်လုပ်ငန်းကဏ္ဍကို ဆက်လက်ဖြေလျှော့သွားရန် | အားလုံး ပါဝင်ခံစားနိုင်သည့် ဘဏ္ဍာရေးရေရှည်တိုးတက်မှု၊ မြီရှင် အခွင့်အရေးနှင့် တောင်းဆိုမှုများ ရရှိရေး၊ စွန့်စားရမှုကို စီမံခန့်ခွဲမှုစသည်တို့တွင် ဘဏ္ဍာရေးအဖွဲ့အစည်းများ အတွက် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ဝန်းကျင်ရှိစေခြင်း<br>(PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀<br>SDG ၁.၄<br>SDG ၅(က)<br>SDG ၈.၃ |
| ၃.၅.၅ | ဘဏ္ဍာရေးကဏ္ဍ ပိုမိုတည်ငြိမ်ရေးအတွက် နိုင်ငံတော်ဗဟိုဘဏ်၏ စွမ်းဆောင်ရည် (lender of last resort capa-bilities) တိုးမြှင့်လာစေရန်၊ ဘဏ်လုပ်ငန်း ပြန်လည်ကောင်းမွန်လာရေးအတွက် အစီအစဉ်များရေးဆွဲရန်၊အားနည်းသည့်ဘဏ်များကိုစောစီးစွာသိရှိစီမံမှု နည်းလမ်းများထူထောင်ရန် | ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များအပါအဝင် ခိုင်မာသည့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် အသုံးပြုသူ အမျိုးမျိုးအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုမျိုးစုံကို အပြိုင်အဆိုင်ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀ |
| ၃.၅.၆ | အမျိုးသမီးများနှင့် တိုင်းရင်းသား လူမျိုးစုများရင်ဆိုင်ကြုံတွေ့ရသည့် အဟန့်အတားများကိုသိရှိပြီး ရည်မှန်းချက်အမျိုးမျိုးဖြင့် အဆင့်လိုက်လုပ်ဆောင်သည့် စနစ်တို့ အပါအဝင် | အသေးစားလုပ်ငန်းနှင့် အလတ်စားလုပ်ငန်းအတွက်နှစ်မျိုးစလုံး လုပ်ကိုင်ခြင်းနှင့် ငွေပေးချေခြင်း၊ ငွေအပ်ခြင်း၊ ချေးငွေနှင့် အခြားဘဏ္ဍာရေး ဝန်ဆောင်မှုများကို ပေးရာတွင် ပံ့ပိုး | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၅၊ ၈ | SDG ၁.၄<br>SDG ၂.၃<br>SDG ၅(က)<br>SDG ၈.၃<br>SDG ၉.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | ရှင်းလင်းသည့် စည်းမျဉ်း စည်းကမ်း များပါဝင်သည့် ဘက်စုံ အသေးစားချေးငွေ ကဏ္ဍ မဟာဗျူဟာ ပေါ်ပေါက်စေခြင်းဖြင့် အားလုံးပါဝင်သည့် ငွေကြေး လက်လှမ်းမီမှု ပိုမိုရရှိစေရန် | ရန် ယှဉ်ပြိုင်မှုရှိပြီး ကောင်းစွာ စီမံခန့်ခွဲသည့် အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း လုပ်ငန်းများ ခိုင်မာ အားကောင်းလာခြင်း | | | |
| ၃.၅.၇ | ငွေကြေး ခဝါချခြင်း၊ အကြမ်းဖက်မှု နှင့် အခြားသောမသမာသည့် နည်းလမ်းများကို ရန်ပုံငွေ ထောက်ပံ့ခြင်း စသည်တို့ကို ဆန့်ကျင် နိုင်သည့်ငွေရေးကြေး ရေးစနစ် အားကောင်း ခိုင်မာစေရန် | အားလုံး ပါဝင်ခံစားနိုင် သည့် ဘဏ္ဍာရေးရေရှည် တိုးတက်မှု၊ မြဲရှင် အခွင့် အရေးနှင့် တောင်းဆိုမှု များ ရရှိရေး၊ စွန့်စားရမှု ကို စီမံခန့်ခွဲမှုစသည် တို့တွင် ဘဏ္ဍာရေး အဖွဲ့အစည်းများ အတွက် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ဝန်းကျင်ရှိစေခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၁၆.၄ |
| ၃.၅.၈ | မြန်မာနိုင်ငံဘဏ်များကို လက်တွေ့ အသုံးပြုနိုင် မည့် စံချိန်စံညွှန်းများ အားအပြည့်အဝလိုက်နာ ဆောင်ရွက်နိုင်စေရေး လုပ်ဆောင်ရန် | ပြည်တွင်းနှင့် နိုင်ငံခြား ဘဏ်များအပါအဝင် ခိုင်မာသည့်ကူးသန်း ရောင်းဝယ်ရေးဘဏ် များသည် အသုံးပြုသူ အမျိုးမျိုးအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှု မျိုးစုံကို အပြိုင်အဆိုင် ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀ |
| ၃.၅.၉ | ဈေးကွက်လက်လှမ်းမီ မှုဆိုင်ရာ ဖြေလျှော့မှုများ ဆက်လက် လုပ်ဆောင် ခြင်းနှင့် နိုင်ငံခြား ဘဏ်များကို ပြည်တွင်း ဘဏ်များ၏ ရှယ်ယာ တန်ဖိုးများဝယ်ယူနိုင်မှု ကို ခွင့်ပြုပေးခြင်းတို့ အပါအဝင် ပြည်တွင်း ဘဏ်လုပ်ငန်းများတွင် နိုင်ငံခြားဘဏ်များ ပါဝင်လာနိုင်ရေးကို မြှင့်တင်ရန် | ပြည်တွင်းနှင့် နိုင်ငံခြား ဘဏ်များအပါအဝင် ခိုင်မာသည့် ကူးသန်း ရောင်းဝယ်ရေးဘဏ် များသည် အသုံးပြုသူ အမျိုးမျိုးအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှု မျိုးစုံကို အပြိုင်အဆိုင် ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇ | SDG ၈.၁၀ |
| ၃.၅.၁၀ | ဘဏ္ဍာရေးစနစ် တည်ငြိမ်စေရန်၊ဘဏ္ဍာ | ပုဂ္ဂလိက ဘဏ္ဍာရေး အဖွဲ့ အစည်းများနှင့် ကျန်သည့် | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၂ | SDG ၈.၁၀ SDG ၁၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
| --- | --- | --- | --- | --- | --- |
| | ရေးဆိုင်ရာဆုံးရှုံးနိုင်ချေများလျှော့ချရန်နှင့် ဘဏ္ဍာရေးအဖွဲ့အစည်းအားလုံး တန်းတူ လုပ်ဆောင်နိုင်စေရန်အတွက် နိုင်ငံပိုင်ဘဏ်များကိုပြန်လည်ဖွဲ့စည်းရန် | အစိုးရ ဘဏ္ဍာရေး အဖွဲ့အစည်းများကို တန်းတူရည်တူကာလတွင်ယှဉ်ပြိုင်စေခြင်း၊နိုင်ငံပိုင်ဘဏ်များကို ပြန်လည်ဖွဲ့စည်းဖျက်သိမ်းခြင်း<br>(PSD AP, Pillar 2) | | | |
| ၃.၅.၁၁ | ငွေကြေးကို အားလုံး လက်လှမ်းမီစွာ ရရှိသုံးစွဲနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေရေးရာ နှင့် ဘဏ္ဍာရေး ဆိုင်ရာ အခြေခံ အဆောက်အအုံများ တိုးတက်လာစေရန် | အားလုံး ပါဝင်ခံစားနိုင်သည့် ဘဏ္ဍာရေးရေရှည် တိုးတက်မှု၊ မြိုရှင် အခွင့်အရေးနှင့် တောင်းဆိုမှုများ ရရှိရေး၊ စွန့်စားရမှုကို စီမံခန့်ခွဲမှုစသည် တို့တွင် ဘဏ္ဍာရေး အဖွဲ့အစည်းများ အတွက် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ဝန်းကျင်ရှိစေခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇ | SDG ၈.၁၀<br>SDG ၁၆.၆ |
| ၃.၅.၁၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရှင်းလင်းသည့် လုပ်ငန်းတာဝန်များနှင့်အတူ ပြီးပြည့်စုံသည့် ဘဏ်လုပ်ငန်း ကဏ္ဍ မဟာဗျူဟာ တစ်ရပ်ပေါ်ပေါက်လာစေခြင်းဖြင့် ဗဟိုဘဏ်၏ ကြီးကြပ်ကွပ်ကဲမှု၊ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာအရည်အသွေးများ အားကောင်း ခိုင်မာလာရန် | ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များအပါအဝင် ခိုင်မာသည့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် အသုံးပြုသူ အမျိုးမျိုးအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုမျိုးစုံကို အပြိုင်အဆိုင် ပေးလာခြင်း (PSD AP, Pillar 2) | ဗဟိုဘဏ် စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၈ | SDG ၈.၁၀ |
| ၃.၅.၁၃ | ဘဏ္ဍာရေး အခြေအနေ ခိုင်မာမှု ညွှန်းကိန်းများ တိုးတက်ကောင်းမွန်လာစေရန် | (၁) ဘဏ်များနှင့် MFIs များ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်နှင့် (၂) ဘဏ္ဍာရေး အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်သည့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းတို့တွင် ပို၍ ပွင့်လင်းမြင်သာမှု ရှိလာခြင်း<br>(PSD AP, Pillar 2) | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇၊ ၈ | SDG ၈.၁၀၊ ၁၆.၅၊ ၁၆.၆ |
| ၃.၅.၁၄ | ဘဏ္ဍာရေး အစီရင်ခံမှု | (၁) ဘဏ်များနှင့် MFIs | ဗဟိုဘဏ်၊ | မူဝါဒ ၇၊ ၈ | SDG ၈.၁၀၊ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | ဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို လိုက်နာ ဆောင်ရွက်စေခြင်းနှင့် ဘဏ္ဍာရေး အဖွဲ့အစည်းများအတွက် ပွင့်လင်းမြင်သာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထပ်မံချမှတ်ကျင့်သုံးခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်း မြင်သာမှု မြင့်မားလာစေရန် | များ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်နှင့် (၂) ဘဏ္ဍာရေး အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်သည့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းတို့တွင် ပို၍ ပွင့်လင်းမြင်သာမှု ရှိလာခြင်း<br>(PSD AP, Pillar 2) | စီမံ/ဘဏ္ဍာ၊ | | ၁၆.၅၊ ၁၆.၆ |
| ၃.၅.၁၅ | အာမခံစနစ်ကို ထပ်မံဖြေလျှော့ရေးနှင့်အားကောင်းခိုင်မာရန် | ပြည်သူများ၏ လိုအပ်ချက်ကို ဝန်ဆောင်မှုပေးမည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပြည်တွင်းအာမခံဈေးကွက်တစ်ရပ် ပေါ်ပေါက်လာခြင်း | ဗဟိုဘဏ်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၇၊ ၈ | SDG ၈.၁၀ |

## မဟာဗျူဟာ ၃.၆ - စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမည့် ဦးစားပေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေး

မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ကွာဟချက်ကို အလုံအလောက် မဖြည့်ဆည်းနိုင်ပါက မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှု မျှော်မှန်းချက်များသည် စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံအနေဖြင့် သိသာထင်ရှားသည့် အခြေခံအဆောက်အအုံများ၊ ကျေးလက်ဒေသများရှိ အခြေခံအဆောက်အအုံများနှင့် ကျေးလက်နှင့်မြို့ပြဒေသကို ပိုမိုလွယ်ကူချောမွေ့စွာ ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံများ လိုအပ်ပြီး ဈေးကွက်၊ ငွေကြေး၊ သတင်းအချက်အလက်၊ နည်းပညာတိုးတက်လာရေးနှင့် ၎င်းတို့ကို သာတူညီမျှ လက်လှမ်းမီ ရယူသုံးစွဲနိုင်စေရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မညီမျှမှုများ ကျဉ်းမြောင်းစေရန် ဦးစားပေး ဆောင်ရွက်ရပါမည်။ သို့ရာတွင် အစိုးရအနေဖြင့် ဘဏ္ဍာရေး အကန့်အသတ်ရှိပါသဖြင့် အခြေခံအဆောက်အအုံကဏ္ဍ၌ ငွေကြေးရင်းမြစ်များကို ခွဲခြားလုပ်ဆောင်ရန် လိုအပ်သည်ကို အစိုးရက အသိအမှတ်ပြုပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ ငွေကြေးနှင့်ပူးပေါင်းပါဝင်မှု မြင့်တင်ခြင်း အပါအဝင် ရရှိနိုင်သည့် ဘဏ္ဍာငွေ အရင်းအမြစ်အားလုံးကို အခြေခံလျက် ဖွံ့ဖြိုးမှုရလဒ် များနိုင်သမျှ များပြားလာစေရန် ရည်ရွယ်ချက်နှင့် မျှော်မှန်းထားသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကို အစိုးရက အလေးထား ဆောင်ရွက်ပါမည်။

MSDP အောက်ရှိ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (Project Bank) တွင် ပြည်သူများအသုံးပြုနိုင်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ဦးစားပေးစီမံကိန်း စာရင်းများ

ပါ ဝင်မည်ဖြစ်ပါသည်။ သို့မှသာ အခြေခံအဆောက်အအုံကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်မှု၊ ဘတ်ဂျက်လျာထားသတ်မှတ်မှုနှင့် ဖွံ့ဖြိုးမှုအကူအညီများ စီးဝင်မှုတို့ကို MSDP ပန်းတိုင်များနှင့် မဟာဗျူဟာကျကျ ကိုက်ညီစေနိုင်မည်ဖြစ်ပါသည်။

မူအားဖြင့် စီးပွားရေးအရတွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိရန် သေချာသည့် (bankable) အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများ (ချက်ချင်းလက်ငင်းအကျိုးအမြတ် ရရှိရန် မဖြစ်နိုင်သော်လည်း အခြားပါဝင်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ရရှိအောင် ပြုလုပ်နိုင်သည့်စီမံကိန်းများ အပါအဝင်)ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားသော တီထွင်ဆန်းသစ်မှုရှိသည့် ငွေကြေးမတည်မှုပုံစံဖြင့် ဆက်လက် လုပ်ဆောင်သင့်ပါသည်။ လူမှု-စီးပွားဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုရှိနိုင်သည့် အချို့ ဦးစားပေးစီမံကိန်းများကို အစိုးရ၏ ဘဏ္ဍာငွေ (သို့မဟုတ်) တရားဝင်ဖွံ့ဖြိုးမှုအကူအညီ အပါအဝင် ဖွံ့ဖြိုးမှုဘဏ္ဍာငွေ၏ အခြားရင်းမြစ်များကို မဟာဗျူဟာကျကျ အသုံးပြုခြင်းဖြင့် ကျခံသုံးစွဲ သွားမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုကို ဦးတည်သည့် လုပ်သာ ကိုင်သာရှိသော ဝန်းကျင်တစ်ရပ်ကို အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ ပစ္စည်းဝယ်ယူရေး၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် အခြားသက်ဆိုင်သည့်နယ်ပယ်များ အပါအဝင် အဓိကကျသည့် ဥပဒေပြုမှုတို့ကို စတင်လုပ်ဆောင်ခြင်းတို့မှတစ်ဆင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းကို အားကောင်းခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ပိုမိုပါဝင်ဆောင်ရွက်မှုကို တွန်းအားပေးရန်အတွက် စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် အစိုးရဌာန/အဖွဲ့အစည်းများကို စုပေါင်းလုပ်ဆောင်ခြင်းနှင့် သာတူညီမျှရှိခြင်း လုပ်ငန်းစဉ်မှတစ်ဆင့် သင့်တင့်လျော်ကန်စွာ ပြောင်းလဲရန်လည်း အရေးကြီးပါသည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်ပြုပြင်ထိန်းသိမ်းမှု စရိတ်စကများကို လျှော့ချနိုင်ပြီး ပြည်သူများသွားလာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးများ တိုးတက်လာစေရန်အတွက် အခြေခံအဆောက်အအုံများကို အသေအချာပုံစံရေးဆွဲကာ တည်ဆောက်လာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လမ်းကွန်ယက်နှင့် အခြေခံအဆောက်အအုံတို့ကို တိုးချဲ့ဆောင်ရွက်နေသည့်အတွက် အစမှသည် ရေရှည်တည်တံ့စေရေးအထိ အစီအစဉ်ရေးဆွဲကာ တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို ပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၆- စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမည့် ဦးစားပေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေး** | | | | | |
| ၃.၆.၁ | အလားအလာရှိပြီးသင့်လျော်သည့် ဘဏ္ဍာရေးစနစ်ဖြင့် အလုပ်အကိုင်ဖန်တီးပေးရေးကို ဦးတည်သော ဦးစားပေး အခြေခံ အဆောက်အအုံ စီမံချက်များ သတ်မှတ်ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှု အရှိန်မြင့်မား လာခြင်းနှင့် e-government စတင် အသုံးပြုခြင်း | စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ်၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်/စွမ်းအင်၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၄၊ ၇ | - |
| ၃.၆.၂ | အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ခြင်းဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သော အခြေခံ အဆောက်အအုံစီမံချက်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အစိုးရ- ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု ယန္တရားများ တိုးမြှင့် သတ်မှတ်ရန် | အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများအတွက် လိုအပ်လျက်ရှိသော ဝယ်ယူရေးနှင့် ကုန်ကျစရိတ်နှင့် ညီမျှသည့် တန်ဖိုးရရှိရေးအတွက် (သမားရိုးကျလုပ်ဆောင်နေသည့် ပြည်သူ့ဝယ်ယူရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများ အပြင်) နိုင်ငံတော် အစိုးရ၏ စံပြပုံစံ PPP program တစ်ခုဖြစ်ပေါ်ရန် အခြေအနေများ ဖန်တီးပေးခြင်း | စီမံ/ဘဏ္ဍာ၊ ဆောက်လုပ်ရေး၊ | မူဝါဒ ၄၊ ၇ | SDG ၂.က<br>SDG ၉.၁<br>SDG ၇(ခ)<br>SDG ၁၁.၂ |
| ၃.၆.၃ | ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ (PIPs) စာရင်းချုပ်ပြုစုရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှုအရှိန် မြင့်မားလာခြင်းနှင့် e-government စတင် အသုံးပြုခြင်း | စီမံ/ဘဏ္ဍာ | မူဝါဒ ၄၊ ၇ | SDG ၂.က<br>SDG ၉.၁၊<br>SDG ၇.ခ၊<br>SDG ၁၁.၂ |
| ၃.၆.၄ | ဝယ်ယူရေးဥပဒေ ပြဋ္ဌာန်းခြင်းကို အကန့်အသတ် မဖြစ်စေဘဲ အမျိုးသား အဆင့်တွင် အရေးပါသော စီမံချက်များအတွက် စံနမူနာဖြစ်ပြီး ပွင့်လင်းမြင်သာ၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတကာ ဝယ်ယူရေးစနစ်များနှင့် ကိုက်ညီသည့် လုပ်သာကိုင်သာရှိသော ဝန်းကျင်တစ်ရပ် ဖန်တီးရန် | စီးပွားရေးလုပ်ငန်းများ အတွက် ရှင်းလင်း တည်ငြိမ်သည့် အခြေခံ အုတ်မြစ်ကို ပံ့ပိုးပေးသော ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မူဘောင်များကို ပွင့်လင်းမျှတစွာ အသုံးပြုခြင်း<br>(PSD AP, Pillar 1) | စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ်၊ ဆောက်လုပ်ရေး ပို့ဆောင်ရေး လျှပ်စစ်/စွမ်းအင်၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၄၊ ၇ | SDG ၉.၁ |
| ၃.၆.၅ | အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုကြောင့် ဆိုးကျိုးများ မဖြစ်ပေါ်စေရန်အတွက်ထိရောက် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှုအရှိန်မြင့်မားလာခြင်းနှင့်e-government | စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ်၊ စီး/ကူး၊ ပို့/ဆက်၊ | မူဝါဒ ၄၊ ၇ | SDG ၉.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | သော လူမှုရေးနှင့် လုံခြုံ စိတ်ချရသည့် သဘာဝ ပတ်ဝန်းကျင်တစ်ရပ်ဖန်တီး အကောင် အထည်ဖော်ရန် | စတင်အသုံးပြုခြင်း | လျှပ်စစ်/စွမ်းအင်၊ စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ | | |
| ၃.၆.၆ | ကုန်တင်ယာဉ်များကို အမြန် လမ်းမကြီးတွင်တိုးချဲ့သွား လာခွင့်ပြုခြင်း၊ အသွား အလာ ထူထပ်သည့် အဝေး ပြေး လမ်းမကြီးများကို ခေတ်မီအောင် ပြုပြင်ခြင်း နှင့် လမ်းပိုင်း လုံခြုံစိတ်ချ ရမှု တိုးတက်စေခြင်း စသည်တို့ဖြင့် အပြည်ပြည် ဆိုင်ရာ ပို့ဆောင်ရေး စင်္ကြံ လမ်းကြောင်းများကို အဆင့်မြှင့်တင်ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှုအရှိန်မြင့်မားလာ ခြင်းနှင့်e-government စတင်အသုံးပြုခြင်း | စီမံ/ဘဏ္ဍာ၊ ပို့/ဆက်၊ | မူဝါဒ ၄ | SDG ၉.၁ |
| ၃.၆.၇ | ယာဉ်ကြီးများ၏ လိုင်စင် ကြေး၊ လောင်စာဆီအခွန် စည်းကြပ်ခြင်း၊ လမ်းဖြတ် သန်းခများ အပါအဝင် လမ်း အသုံးပြုခ ကောက်ခံခြင်း ဆိုင်ရာ မူဘောင်များ တိုး တက်စေရေး ဆောင်ရွက်ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှုအရှိန်မြင့်မားလာ ခြင်းနှင့်e-government စတင်အသုံးပြုခြင်း | စီမံ/ဘဏ္ဍာ၊ ပို့/ဆက်၊ | မူဝါဒ ၄ | SDG ၉.၁ |
| ၃.၆.၈ | ပြည်တွင်းရထားလမ်းများ ထိန်းသိမ်းပြုပြင်ရေး၊ အဆင့်မြှင့်တင်ရေးနှင့် တိုးချဲ့ရေး လုပ်ဆောင်ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှုအရှိန်မြင့်မားလာ ခြင်းနှင့်e-government စတင်အသုံးပြုခြင်း | ပို့/ဆက်၊ ဆောက်လုပ်ရေး၊ | မူဝါဒ ၄ | SDG ၉.၁ |
| ၃.၆.၉ | တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ ချခြင်း၊ ကျေးလက်ဒေသ လမ်းကွန်ယက်များနှင့် ရထားလမ်းများ အပါအဝင် ပို့ဆောင်ရေးကဏ္ဍ၏ အုပ်ချုပ်မှုဆိုင်ရာ ဗဟို ချုပ်ကိုင်မှု လျှော့ချရန် | တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိပြည်သူ များအား ထိရောက်သည့် ပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများပံ့ပိုးပေးခြင်း | စီမံ/ဘဏ္ဍာ ၊ ပို့/ဆက်၊ ပြည်ထဲရေး၊ | မူဝါဒ ၄ | SDG ၉.၁၊ SDG ၆(ခ)၊ SDG ၁၆.၆၊ SDG ၁၆.၇ |
| ၃.၆.၁၀ | အမျိုးသားအဆင့်ကျေးလက် လမ်းဆက်သွယ်မှုအစီအစဉ် သစ် (New National Rural Road Access Program) အပါအဝင် ကျေးလက်ဒေသ သယ်ယူ ပို့ဆောင်ရေး ချိတ်ဆက်မှု တိုးတက်စေရေး ဆောင်ရွက် ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုး မှု အရှိန်မြင့်မားလာခြင်း နှင့် e-government စတင်အသုံးပြုခြင်း၊<br>ဈေးကွက်ချိတ်ဆက်မှု နှင့်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေခြင်း(AD | စီမံ/ဘဏ္ဍာ ၊ ပို့/ဆက်၊ ဆောက်လုပ်ရေး၊ | မူဝါဒ ၄ | SDG ၉.၁၊ SDG ၁၁(က)၊ SDG ၂(က) |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | SIP Outcome 3) | | | |
| ၃.၆.၁၁ | သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အဓိကကျသည့် ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များ နှင့်ဗျူဟာများ ပြင်ဆင်ရေးဆွဲ မြှင့်တင်ရန် | ဦးစားပေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးမှု အရှိန်မြင့်မားလာခြင်း နှင့် e-government စတင်အသုံးပြုခြင်း၊ | စီမံ/ဘဏ္ဍာ၊ ပို့/ဆက်၊ | မူဝါဒ ၄ | SDG ၉.၁ |

## မဟာဗျူဟာ ၃.၇ - ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ ဖြစ်စေသည့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရေး

ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတို့သည် ဒေသတွင်းရှိ အဆင့်တူနိုင်ငံများကို အမီလိုက်ရာတွင် အနာဂတ်မျိုးဆက်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မြန်မာနိုင်ငံကို (၂၁) ရာစုဆီသို့ ခုန်ပျံကျော်လွှား ဝင်ရောက်နိုင်စေမည့် အရေးကြီးသည့် မောင်းနှင်အားများ ဖြစ်ပါသည်။ သို့ရာတွင် ယခုအချိန်တွင် မြန်မာနိုင်ငံသည် အသိပညာနှင့် ဗဟုသုတများ ရရှိခြင်း၊ ဖြန့်ဝေခြင်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လုပ်ငန်းများကို ဖြစ်ပေါ်စေသည့် အဓိက နည်းပညာများကို အသုံးချရာတွင် ဒေသတွင်းရှိ အဆင့်တူနိုင်ငံများထက် နောက်ကျနေပါသည်။ သမိုင်းတစ်လျှောက် သီးခြားရပ်တည်ခဲ့ခြင်းနှင့် အထက်မှအောက်သို့သာ စီမံခန့်ခွဲခဲ့သည့် ထုံးတမ်းစဉ်လာအရ ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှု အလားအလာများကို ပိုမိုအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤအစဉ်အလာလမ်းကြောင်းကို ပြောင်းလဲပစ်ရန်နှင့် စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရသည် နိုင်ငံ၏ တီထွင်ဖန်တီးမှုရှိသည့် လုပ်ငန်းများ ပေါ်ပေါက်ဖွံ့ဖြိုးလာအောင် ပံ့ပိုးရမည်ဖြစ်ပြီး၊ ဆန်းသစ်တီထွင်မှုများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များ၊ စွန့်ဦးတီထွင်လုပ်ဆောင်မှုနှင့် အစဉ်အလာမှ ဖောက်ထွက်သည့် တီထွင်ကြံဆလုပ်ဆောင်မှုများကို တိုက်တွန်းအားပေးရမည် ဖြစ်သည်။ ပိုမိုသက်ဝင်လှုပ်ရှားမှု၊ ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာ ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များကို စာသင်ခန်းမှစတင်ပြီး၊ လက်တွေ့လုပ်ငန်းခွင်တွင် ကျင့်သုံးလုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို ပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** | | | | | |
| **ပန်းတိုင် (၃) အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး** | | | | | |
| **မဟာဗျူဟာ ၃.၇- ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ ဖြစ်စေသည့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရေး** | | | | | |
| ၃.၇.၁ | အမျိုးသားအဆင့်ဆန်းသစ် | ဆန်းသစ်တီထွင်မှုမြှင့်တင် | စက်မှု၊ | မူဝါဒ ၄၊ ၁၁ | SDG ၉.၅ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် ဌာနများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | တီထွင်မှု မူဝါဒဖြင့် ပိုမို ကောင်းမွန်သော ဆန်းသစ်တီထွင်မှု၊ ဖန်တီးမှုနှင့် စွန့်ဦး တီထွင်လိုသည့် စိတ်ဓာတ်တို့ကို ပေးနိုင်မည့် ဥပဒေနှင့် စည်းမျဉ်း မူဘောင်များ ပေါ်ထွက်လာစေရန်နှင့် အားကောင်း ခိုင်မာစေရန် | ရန်အတွက် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေခံများ အားကောင်းခိုင်မာလာ စေခြင်း | ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | | SDG ၉ (ခ) |
| ၃.၇.၂ | အမျိုးသား ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှု ဆိုင်ရာစနစ် ထွန်းကားစေရန်အတွက် ပညာရှင်များ၊ သုတေသန အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍတို့အကြားချိတ်ဆက်မှုများအားကောင်း ခိုင်မာစေရန် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့် အဖွဲ့ အစည်းဆိုင်ရာ အခြေခံများ အားကောင်း ခိုင်မာလာစေခြင်း | စက်မှု၊ ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | မူဝါဒ ၄၊ ၁၁ | SDG ၉.၅<br>SDG ၉ (ခ) |
| ၃.၇.၃ | သုတေသနနှင့်ဖွံ့ဖြိုးမှု အတွက် ဘဏ္ဍာငွေ ရရှိမှု တိုးမြင့်လာရန် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာအခြေခံများ အားကောင်းခိုင်မာလာစေခြင်း | စက်မှု၊ ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | မူဝါဒ ၄၊ ၁၁ | SDG ၉.၅<br>SDG ၉ (ခ) |
| ၃.၇.၄ | ပြည်တွင်း စွန့်ဦးတီထွင်သူများနှင့် အစပြု လုပ်ဆောင်သူများ အတွက် ဘဏ္ဍာငွေ ရရှိစေရေးနှင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများရောင်းဝယ်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူ ချောမွေ့စေရန် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာအခြေခံများ အားကောင်းခိုင်မာလာစေခြင်း | စက်မှု၊ ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | မူဝါဒ ၄၊ ၁၁ | SDG ၉.၅<br>SDG ၉(ခ)<br>SDG ၈.၃ |
| ၃.၇.၅ | ကဏ္ဍအားလုံးတွင်သိပ္ပံ ပညာဆိုင်ရာ သုတေသနနှင့်ဆန်းသစ်တီထွင်မှုကို တွန်းအားပေးဆောင်ရွက်ရန် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့်အဖွဲ့ အစည်းဆိုင်ရာအခြေခံများ အားကောင်းခိုင်မာလာစေခြင်း | စက်မှု၊ ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | မူဝါဒ ၄၊ ၁၁ | SDG ၉.၅<br>SDG ၉(ခ) |
| ၃.၇.၆ | ဆန်းသစ်တီထွင်မှုများနှင့် ဖန်တီးမှုများကိုအကာအကွယ်ပေးနိုင်ရေးအတွက် Patent and Trademark Office အပါအဝင် ဉာဏပစ္စည်း မူပိုင်ခွင့်ကို အားကောင်း ခိုင်မာစေရန် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့် အဖွဲ့ အစည်းဆိုင်ရာအခြေခံများ အားကောင်းခိုင်မာလာစေခြင်း | စက်မှု၊ ပို့/ဆက်၊ ပညာရေး၊ စီး/ကူး၊ | မူဝါဒ ၄၊ ၁၁ | SDG ၃(ခ) |
| ၃.၇.၇ | လုံခြုံမှုနှင့် online privacy ရှိစေပြီး၊ အွန်လိုင်းဝန်ဆောင်မှုနှင့် ဆက်သွယ် နိုင်မှုတို့ကို ချဲ့ထွင်ခြင်း၊ ဆန်းသစ် | ဆန်းသစ်တီထွင်မှု မြင့်တင်ရန်အတွက် ဥပဒေနှင့် အဖွဲ့ အစည်းဆိုင်ရာအခြေခံများ အားကောင်းခိုင်မာ | စက်မှု၊ ပို့/ဆက်၊ | မူဝါဒ ၄၊ ၁၁ | SDG ၉(ဂ) |

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာရလဒ်များ | သက်ဆိုင်သည့်ဌာနများ | သက်ဆိုင်သည့်စီးပွားရေးမူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | တီထွင်မှုနှင့် အချက်အလက်များကို သိမြင်နားလည်ခြင်းတို့ဖြင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ်စီးပွားရေးဆီသို့ ကူးပြောင်းရန် | လာစေခြင်း | | | |

## မဏ္ဍိုင် (၃) - ပြည်သူများနှင့် ကမ္ဘာမြေ

မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံကိန်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးနှင့် ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့အား ဦးစားပေးထားပြီး ၎င်းတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ပြည့်မီစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ရေရှည်တည်တံ့စေရေးအတွက် သဘာဝအရင်းအမြစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူသားအရင်းအမြစ်များအား ခိုင်မာစေခြင်းတို့သည် မရှိမဖြစ် အရေးပါသောကဏ္ဍများ ဖြစ်ပါသည်။

## ပန်းတိုင် (၄) - ၂၁ ရာစု လူမှုအဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး

ပန်းတိုင်(၄) ၌ မြန်မာ့လူ့စွမ်းအားအရင်းအမြစ် တစ်ခုလုံးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် မဟာဗျူဟာများ ချမှတ်ထားပြီး ၎င်းမဟာဗျူဟာများ မပါရှိဘဲ စစ်မှန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဤပန်းတိုင်သည် ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော လူမှုရေးဝန်ဆောင်မှုကဏ္ဍများ အရည်အသွေးမြင့်မားစေရန်၊ လူမှုဘဝအကာအကွယ်ပေးမှု အစီအစဉ်များ ပိုမိုကျယ်ပြန့်ခိုင်မာလာစေရန် အဓိကရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ဤပန်းတိုင်သည် အစားအစာနှင့် အာဟာရအရည်အသွေး မြင့်မားစေရေး၊ ရွှေ့ပြောင်းလုပ်သားများဝင်ရောက်မှုနှင့် ထွက်ခွာမှုဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးရေးနှင့် ရွှေ့ပြောင်းသွားလာမှုနှင့် ဒေသအဆင့် ဖွံ့ဖြိုးမှုတို့အကြား ကောင်းမွန်သည့် ချိတ်ဆက်မှုများ အားကောင်းလာစေရေးတို့အပေါ် ဦးစားပေးဆောင်ရွက်ရန်လည်း မျှော်မှန်းထားပါသည်။

### ရည်ညွှန်းအကိုးအကားများ

- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁
- မျိုးဆက်ပွားကျန်းမာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၄-၂၀၁၈
- မြန်မာ့အမျိုးသားမျက်လုံးကျန်းမာရေး စီမံကိန်း ၂၀၁၇-၂၀၂၁
- တီဘီရောဂါပပျောက်ရေး အမျိုးသား မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀
- အသည်းရောင် အသားဝါပိုး ပပျောက်ရေး မြန်မာ့ အမျိုးသား မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀
- မြန်မာ့ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁
- HIV နှင့် AIDS ဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀
- မြန်မာ့အမျိုးသားလူမှုကာကွယ်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၄

## မဟာဗျူဟာ ၄.၁ - အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူ ရရှိရေး

မြန်မာနိုင်ငံ၏ အဖိုးအထိုက်တန်ဆုံးပိုင်ဆိုင်မှုသည် ကျွန်ုပ်တို့နိုင်ငံသားများသာ ဖြစ်ပါသည်။ ဤအချက်ကို အခြေခံ၍ ခိုင်မာတောင့်တင်းသည့် စီးပွားရေးကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် ပညာရေးစနစ်သည် မရှိမဖြစ် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေကြောင်း မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံကိန်းမှ မှတ်ယူထားပါသည်။ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံကိန်းသည် တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် နိုင်ငံသားများအတွက် အနာဂတ်အလားအလာကောင်းများ ရရှိစေရန် အထောက်အပံ့ပေးနိုင်မည့် ပညာရေးစနစ်တစ်ခုကို မျှော်မှန်းထားပါသည်။ ဤပန်းတိုင်ပြည့်မီစေရန်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ရှင်းလင်းစွာဖော်ပြထားသည့် ကတိကဝတ်များအရ ကျောင်းသူ/ကျောင်းသားများအတွက် သာတူညီမျှအခွင့်အရေးနှင့် အရည်အသွေးမြင့် ရလဒ်များပိုမိုရရှိစေရေးကို တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရမှ သတ်မှတ်ဖော်ပြထားပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် မူလတန်းအဆင့် ပညာသင်ကြားနေသည့် ကျောင်းနေအရွယ် ကလေးသူငယ်များ၏ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံရာ၌ စာသင်ကျောင်းများ၏ လုံခြုံစိတ်ချရမှုနှင့် လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ကျောင်းပညာရေးနှင့် လေ့လာသင်ယူခြင်း၏ ကွာခြားမှုကို လျစ်လျူမရှုဘဲ အခြေခံပညာရေးတွင် စာတတ်မြောက်ပြီး ဂဏန်းသင်္ချာနားလည်ရန်အတွက်သာမက ကျောင်းသူ/ကျောင်းသားများ၏ အနာဂတ်အလားအလာ ကောင်းမွန်စေမည့် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရေးအတွက်ပါ ဖွဲ့စည်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို နိုင်ငံတော်အစိုးရမှ သိရှိလက်ခံထားပါသည်။ ထို့အပြင် သက်မွေးပညာသင်တန်းများနှင့် အရည်အသွေးမြင့် အဆင့်မြင့်ပညာရေးဆိုင်ရာ အခွင့်အလမ်းများ အပါအဝင် အလုပ်အကိုင်ဆိုင်ရာ ပညာသင်ယူမှုလမ်းကြောင်းများ ခိုင်မာအားကောင်းလာစေရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ပိုမိုဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအနေဖြင့် သိရှိလက်ခံထားပါသည်။ ဤမဟာဗျူဟာ ပြည့်မီစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ | | | | | |
| ပန်းတိုင် (၄) ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး | | | | | |
| မဟာဗျူဟာ ၄.၁ - အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေး | | | | | |
| ၄.၁.၁ | လူငယ်များအတွက်ယှဉ်ပြိုင် | ကျောင်းသူ/ကျောင်းသား | ပညာရေး၊ | မူဝါဒ ၃ | SDG ၄.၇၊ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | နိုင်စွမ်းနှင့် တီထွင်ဖန်တီး နိုင်စွမ်းရှိသည့် စီးပွားရေး စနစ်ကို ဦးဆောင်မောင်းနှင် သူများအဖြစ် တိုင်းပြည် ကို အကျိုးပြုနိုင် မည့် ၂၁ ရာစု ၏ ကျွမ်းကျင်ပညာရပ် များ ပါဝင်သော အမျိုးသား ဘက်စုံ သင်ရိုးညွှန်းတမ်း ရေးဆွဲရန် | အားလုံးတွင် မိမိဘဝနှင့် ဆီလျော်ပြီး မြန်မာနိုင်ငံ ၏ ၂၁ ရာစုလူမှုစီးပွားရေး အခြေအနေအရ လိုအပ် မည့် အသိပညာ၊ ကျွမ်းကျင်မှု၊သဘောထား ခံယူချက်နှင့် ကိုယ်စွမ်း ကိုယ်စများဖွံ့ဖြိုးတိုးတက် စေခြင်း | အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန် | | SDG ၁၂.၈၊ SDG ၁၃.၃ |
| ၄.၁.၂ | ပညာရေးနယ်ပယ်အသီးသီး ရှိ အမျိုးသမီးများနှင့်အခြား ထိခိုက်လွယ်သူများ အပါအဝင် လူငယ်များ ရင်ဆိုင်နေရသည့် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ခေါင်းပုံ ဖြတ်မှုများကို တိုက်ဖျက်ရန် | ကလေးများအားလုံး အရည်အသွေးမြင့်အခြေခံ ပညာရေးကိုအောင်အောင် မြင်မြင် သင်ယူနိုင်ပြီး ယင်းမှတဆင့် ဖွံ့ဖြိုး တိုးတက်မှုများရရှိစေ ခြင်း | ပညာရေး၊ လူ/ကယ်/ပြန် | မူဝါဒ ၃ | SDG ၅.၂ |
| ၄.၁.၃ | ကျား/မ လိင်အမျိုးအစားနှင့် မသန်စွမ်းသူများအလိုက် ကျောင်းသုံးပစ္စည်းများ၊ နည်း ပညာအထောက်အပံ့များ၊ သောက်သုံးရေနှင့်ရေဆိုးစနစ် ဆိုင်ရာကျောင်းအထောက် အပံ့များပါရှိပြီး ပြီးပြည့်စုံ သည့် အရည်အသွေးမြင့် အခမဲ့ အခြေခံပညာရေး ပေါ်ထွန်းလာစေရေးအတွက် အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှု နှစ်မျိုးစလုံးကို တိုးချဲ့ဆောင်ရွက်သွားရန် | ကလေးများအားလုံး အရည်အသွေးမြင့် အခြေခံ ပညာရေးကို အောင်အောင်မြင်မြင် သင်ယူနိုင်ပြီး ယင်းမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက် မှုများ ရရှိစေခြင်း | ပညာရေး၊ လျှပ်စစ်/စွမ်းအင်၊ စိုက်/ မွေး/ ဆည်၊ ပို့/ဆက်၊ စီမံ/ဘဏ္ဍာ၊ ဆောက်လုပ်ရေး | မူဝါဒ ၃၊ ၄ | SDG ၄ (က)၊ SDG ၄.၁ |
| ၄.၁.၄ | ဆရာ/မ များ ခန့်ထားရေး၊ လေ့ကျင့်သင်ကြားရေး၊ ပညာရေးဆိုင်ရာ အုပ်ချုပ်မှု ကဏ္ဍနှင့် အရည်အသွေး အာမခံချက်ရှိစေရေးလုပ်ငန်း များအားအဆင့်တိုင်းတွင် နည်းလမ်းပေါင်းစုံဖြင့် ခိုင်မာအားကောင်းလာစေရန် | ကျောင်းသား၊ ကျောင်းသူ များ၏ သင်ယူတတ် မြောက်မှုများ တိုးတက် ကောင်းမွန်လာစေရန် ဆရာ/ ဆရာမများနှင့် ပညာရေးဆိုင်ရာ စီမံ ခန့်ခွဲသူများမှ ပညာရည် စစ်ဆေးအကဲဖြတ်စနစ် တစ်ရပ်ကို အကောင် အထည်ဖော် ဆောင်ရွက် နိုင်ခြင်း | ပညာရေး | မူဝါဒ ၃ | SDG ၄(ဂ)၊ SDG ၄.၁ |
| ၄.၁.၅ | ပုဂ္ဂလိကကဏ္ဍ၏ လက်တလောလိုအပ်ချက် နှင့် အနာဂတ် လိုအပ်ချက်များ အား ပြည့်မီစေသည့် ၂၁ ရာစု နည်းပညာ၊ သက်မွေးပညာ | ပိုမိုထိရောက်သည့် နည်း ပညာနှင့် သက်မွေး ပညာဆိုင်ရာစီမံခန့်ခွဲမှု စနစ်အောက်တွင် အရည် အသွေးအာမခံမှု ရှိပြီး | ပညာရေး၊ အလုပ်သမား/ လဝက၊ စီး/ကူး၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၃၊ ၅ | SDG ၄.၃၊ SDG ၄.၄ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | နှင့် သင်တန်းများ (TVET) ဆိုင်ရာ ဘက်စုံသင်ရိုး ညွှန်းတမ်း ရေးဆွဲခြင်း | လုပ်သားဈေးကွက် ၏ လိုအပ်ချက်နှင့်လိုက်လျော ညီထွေရှိသော နည်းပညာ နှင့် သက်မွေးပညာ အစီ အစဉ်များကိုသင်ယူသူ များအနေဖြင့် ပိုမို တက် ရောက်ခွင့်ရရှိလာပြီး ဆုံး ခန်းတိုင်သည်အထိ အောင်မြင်တတ်မြောက် ခြင်း | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ | | |
| ၄.၁.၆ | အခွင့်အလမ်းပိုင်းဆိုင်ရာ အားနည်းသူများနှင့် မသန်စွမ်းသူများ အပါ အဝင် ကိုယ်စားပြုခံရမှု နည်းပါးသူများ အား အဓိကထား၍ TVET သင်တန်းတက်ရောက်ခွင့် ပိုမိုရရှိအောင် ဆောင်ရွက်ရန် | ပိုမိုထိရောက်သည့် နည်း ပညာနှင့် သက်မွေးပညာ ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် အောက်တွင် အရည် အသွေးအာမခံမှု ရှိပြီး လုပ်သားဈေးကွက်၏ လိုအပ်ချက်နှင့် လိုက် လျောညီထွေရှိသော နည်း ပညာနှင့် သက်မွေးပညာ အစီအစဉ်များကို သင်ယူ သူများအနေဖြင့် ပိုမို တက်ရောက်ခွင့် ရရှိလာ ပြီး ဆုံးခန်းတိုင် သည် အထိ အောင်မြင်တတ် မြောက်ခြင်း | ပညာရေး၊ အလုပ်သမား/ လဝက၊ စီး/ကူး၊ လူ/ကယ်/ပြန်၊ စိုက်/မွေး/ဆည်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ကုန်သည် များနှင့်စက်မှုလက် မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ | မူဝါဒ ၃၊ ၅ | SDG ၄.၃၊ SDG ၄.၄၊ SDG ၄.၅ |
| ၄.၁.၇ | ဆရာ/မ များအား လေ့ကျင့် သင်ကြားပေးခြင်းနှင့် ပညာရေးဆိုင်ရာ အုပ်ချုပ်မှု ကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မားသည့် အဆင့်မြင့်ပညာရေး ရရှိစေရန် | ကျောင်းသူ/သားများ အနေဖြင့် ကမ္ဘာ့အဆင့်မီ အဆင့်မြင့် ပညာရေး စနစ်၊ ပိုမိုကောင်းမွန် သည့် အလုပ်အကိုင် အခွင့် အလမ်းများနှင့် အသိ ပညာကို အခြေခံသည့် စီးပွားရေးနယ်ပယ်တွင် သိသိသာသာ ပါဝင်ဆောင် ရွက်နိုင်မှုတို့ကို တန်းတူ ညီမျှ အခွင့်အလမ်း ရရှိခြင်း | ပညာရေး၊ အလုပ်သမား/ လဝက | မူဝါဒ ၃၊ ၅ | SDG ၄.၃ |
| ၄.၁.၈ | ဘာသာစကားပေါင်းစုံနှင့် တိုင်းရင်းသား ဘာသာ စကားတို့ကို အခြေခံသည့် သင်ရိုးများအား ပြဋ္ဌာန်း ခြင်းဖြင့် အရည်အသွေးမြင့် အခြေခံပညာရေး ရရှိရန် | ကျောင်းသူ/ကျောင်းသား များ အနေဖြင့် မတူကွဲပြား သော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင် သည့်လူ့အဖွဲ့အစည်းတွင် အကျိုးပြုအဖွဲ့ဝင်များ အဖြစ် ပါဝင်နိုင်စေရေး အတွက်အမျိုးမျိုးသော ဘာသာ စကားနှင့် | ပညာရေး | မူဝါဒ ၃၊ ၅ | SDG ၄.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | ယဉ်ကျေးမှုကို အခြေခံ သည့် အရည်အသွေး မြင့်ပညာရေးစနစ်ကို တန်းတူ ညီမျှ အခွင့်အလမ်းရရှိခြင်း | | | |
| ၄.၁.၉ | ကျောင်းပြင်ပ ပညာရေး ဝန်ဆောင်မှုနှင့် အခြား ပညာရေးဝန်ဆောင်မှုတို့၏ အရည်အသွေးများ တိုးမြှင့်ခြင်းနှင့် အဆိုပါ ဝန်ဆောင်မှုများကို ပိုမို ကျယ်ပြန့်စွာရရှိစေရေး ဆောင်ရွက်ရန် | အသက်အရွယ်မရွေး ပညာသင်ယူနေသည့် ကျောင်းသူ၊ကျောင်းသား တိုင်းအရည်အသွေးမြင့် ပညာရေး၏အကျိုးကျေး ဇူးကို လွယ်ကူသက်သာ စွာဖြင့်ပိုမိုခံစားရရှိစေခြင်း | ပညာရေး | မူဝါဒ ၃၊ ၅ | SDG ၄.၃ |
| ၄.၁.၁၀ | မူကြိုနှင့် သူငယ်တန်း အဆင့် ဝန်ဆောင်မှုများ၏ အရည်အသွေးများ တိုးမြှင့် ခြင်းနှင့် အဆိုပါဝန်ဆောင်မှု များကို ပိုမို ကျယ်ပြန့်စွာ ရရှိစေရေး ဆောင်ရွက်ရန် | ကျောင်းနေအရွယ်သို့ ရောက်ရှိသည့် ကလေး သူငယ်တိုင်းအရည် အသွေးမြင့် ပညာရေးကို သင်ယူခြင်းဖြင့် လိုအပ် သည့် အခြေခံများ ဖြည့်ဆည်း ပေးလိုက်ပြီး ရာသက်ပန် အရည် အသွေးမြင့် လေ့လာ သင်ယူမှု လမ်းကြောင်း ပေါ်သို့ ရောက်ရှိစေခြင်း | ပညာရေး | မူဝါဒ ၃၊ ၅ | SDG ၄.၃ |

## မဟာဗျူဟာ ၄.၂ - ဆင်းရဲနွမ်းပါးသူများကို အလေးထားသည့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့် ကျန်းမာရေး ဝန်ဆောင်မှု စနစ်များ ခိုင်မာအားကောင်းရေး

ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ခြင်းသည် တိုင်းပြည်ကို ကျန်းမာကြံ့ခိုင်စေပါသည်။ ယခင်နှစ်များက ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် တိုင်းပြည်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် စနစ်များသည် ပြန်လည် အသက်ဝင်စပြုလာပြီ ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့်အတွက် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ အဓိကညွှန်းကိန်းများသည် ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင် နောက်ကျကျန်နေခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများတွင် အခြေခံအဆောက်အအုံများနှင့် ဆေးရုံဆေးခန်းဆိုင်ရာ အဆောက်အဦများ လုံလောက်မှုမရှိခြင်းနှင့် ခေတ်နှင့်လျော်ညီမှုမရှိတော့ခြင်း၊ ရှေးဦးကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သူ လုံလောက်မှုမရှိခြင်း၊ နက်နဲရှုပ်ထွေးသည့် ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပေးရေးအတွက် ကျန်းမာရေး မူဝါဒ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများ နည်းပါးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အစပျိုးနေဆဲရှိခြင်းတို့ ပါဝင်ပါသည်။ သို့ရာတွင် ယနေ့မြန်မာနိုင်ငံ

အနေဖြင့် အစီအစဉ်တကျ သင့်လျော်သည့်ငွေကြေး ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့်အတူ အထက်ပါ အခြေအနေများကို ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်နိုင်မည့် အထူးအခွင့်လမ်းကောင်း တစ်ရပ်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် မပြည့်စုံသူများ အပါအဝင် အလွှာစုံမှ တစ်ဦးချင်းစီနှင့် အစုအဖွဲ့များ၏ လိုအပ်ချက်များကို ကိုက်ညီမှုရှိအောင် စီမံဆောင်ရွက်နိုင်ပြီး မရှိမဖြစ် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ပိုမိုရရှိလာနိုင်စေရန်နှင့် အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ၏ အရည်အသွေးများ တိုးတက်လာစေရန်တို့ကို အလေးပေး ဆောင်ရွက်မည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့်ကမ္ဘာမြေ** | | | | | |
| **ရည်မှန်းချက် (၄) - ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး** | | | | | |
| **မဟာဗျူဟာ ၄.၂- ဆင်းရဲနွမ်းပါးသူများကို အလေးထားသည့် "လူတိုင်း လက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှု" ပေးနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှုစနစ်များ ခိုင်မာအားကောင်းရေး** | | | | | |
| ၄.၂.၁ | အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ (EPHS)၊ အလယ်အလတ်အဆင့် ကျန်းမာရေး စောင့်ရှောက်မှု များနှင့် ဘက်စုံ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ တွင် ပါဝင်သင့်သည့် မရှိမဖြစ် အရေးကြီးသောကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြား ကြားဝင်ဆောင်ရွက်မှုများ၊ ကျန်းမာရေး စောင့်ရှောက်မှု များအား သတ်မှတ်စုစည်း ထားရန် | ကျန်းမာရေး စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန် လာခြင်း | ကျန်းမာရေး/ အားကစား | မူဝါဒ ၃ | SDG ၃.၈ |
| ၄.၂.၂ | သာတူညီမျှရှိပြီး ဘက်လိုက်မှု ကင်းသော ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်း မြင်သာမှုရှိစေမည့်စနစ်တစ်ခု တည်ဆောက်ရန် | ကျန်းမာရေး စောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား၊ လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ | မူဝါဒ ၃ | SDG ၃.၈ |
| ၄.၂.၃ | နိုင်ငံတော်အဆင့် လမ်းညွှန်ချက် များ၊ ဆောင်ရွက်ရမည့် ပုံစံများ ဖြင့် အားလုံးပါဝင် သည့် မြို့နယ် ကျန်းမာရေး စီမံကိန်းများ (ITHP) ချမှတ်ရန် | ကျန်းမာရေးစောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား၊ စီမံ/ဘဏ္ဍာ၊ လူ/ကယ်/ပြန်၊ ပြည်ထဲရေး | မူဝါဒ ၃ | SDG ၃.၈ |
| ၄.၂.၄ | အခါအားလျော်စွာပြန်လည် သုံးသပ်ခြင်းနှင့် တိုးတက် အောင် ဆောင်ရွက်မှုတို့ဖြင့် စံပုံစံကုသရေးလမ်းညွှန်ချက် | ကျန်းမာရေး စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန် လာခြင်း | ကျန်းမာရေး/ အားကစား | မူဝါဒ ၃ | SDG ၃.၈ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | များ ရေးဆွဲ၍ ပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ရန် | | | | |
| ၄.၂.၅ | တိုင်းဒေသကြီး၊ ပြည်နယ် များ၏ ဆုံးဖြတ်ပိုင်ခွင့် အပေါ် ဗဟိုချုပ်ကိုင်မှုကို တဖြည်းဖြည်း လျှော့ချမှု အပါအဝင် ဝန်ထမ်း များအား မွေးထုတ်ပေးခြင်း၊ အလုပ်ခန့်အပ်ခြင်းနှင့် ဝန်ထမ်း အင်အားကို ထိရောက်စွာ အသုံးချခြင်းတို့အကြား ချိတ်ဆက်ဆောင်ရွက်မှုများ အား တိုးမြှင့်ရန် | ကျန်းမာရေးစောင့်ရှောက် မှုများနှင့် ကြားဝင် ဆောင်ရွက်ပေးမှုများကို သာတူညီမျှနှင့် ထိထိ ရောက်ရောက် ပံ့ပိုးပေး နိုင်ရန် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် များကို ဖြည့်ဆည်း ပေးနိုင်ခြင်း | ကျန်းမာရေး/ အားကစား၊ ပြည်ထဲရေး၊ အလုပ်သမား/ လဝက | မူဝါဒ ၃ | SDG ၃.၈၊ SDG ၃(ဂ) |
| ၄.၂.၆ | အခြေခံကျန်းမာရေး စောင့်ရှောက်မှုများဖြန့်ဝေ ရန်အတွက် လိုအပ်သည့် စွမ်းရည်ကို အထောက်အပံ့ ပေးနိုင်သည့် အသိအမှတ် ပြုစနစ် တစ်ခုအပါအဝင် ကျန်းမာရေးဝန်ထမ်းများ အတွက် သင်တန်းများ ပို့ချရန် | ကျန်းမာရေး စောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား | မူဝါဒ ၃ | SDG ၃.၈၊ SDG ၃(ဂ) |
| ၄.၂.၇ | မိသားစုစီမံကိန်း၏ အရေးပါ မှုကို သိရှိနားလည်ပြီး ချမှတ် ဆောင်ရွက်နိုင်စွမ်းကို တိုးမြှင့် ၍ လိင်ပိုင်းဆိုင်ရာ၊ မျိုးပွားမှု ဆိုင်ရာ အသိပညာနှင့် အားလုံး ပါဝင်သော ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရန် | ကျန်းမာရေး စောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား၊ မိခင်/ကလေး | မူဝါဒ ၃ | SDG ၃.၇ |
| ၄.၂.၈ | ခုခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ အပူပိုင်းဒေသများတွင် ဖြစ်ပွား လေ့ရှိသော ရောဂါများ၊ အသည်း ရောင်အသားဝါ ရောဂါများ၊ ရေကြောင့် ကူးစက်ပျံ့နှံ့သော ရောဂါများနှင့် လျစ်လျူပြုခံ အခြား ကူးစက်တတ်သည့် ရောဂါများ ကဲ့သို့သော ကပ်ရောဂါဆိုးများကို ထိန်း ချုပ်ခြင်းနှင့် တိုက်ဖျက်ခြင်း | ကျန်းမာရေး စောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည်၊ လူ/ကယ်/ပြန် | မူဝါဒ ၃ | SDG ၃.၃ |
| ၄.၂.၉ | မကူးစက်နိုင်သော ရောဂါများ ကို ထိန်းချုပ်ခြင်းနှင့်တိုက်ဖျက် ခြင်း | ကျန်းမာရေး စောင့်ရှောက် မှုများ တိုးတက် ကောင်းမွန်လာခြင်း | ကျန်းမာရေး/ အားကစား၊ လူ/ကယ်/ပြန်၊ ပညာရေး | မူဝါဒ ၃ | SDG ၃.၄ |

## မဟာဗျူဟာ ၄.၃- သဟဇာတဖြစ်ပြီး စနစ်များ၏ ခြုံငုံချိတ်ဆက်မှုကို အခြေခံသော ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး

ဘက်စုံပြည့်စုံသော၊ အရင်းအမြစ်ကောင်းများရှိသော လူတိုင်းအတွက် အကျိုးဝင်သော လူမှုဘဝ ဘေးကင်းလုံခြုံရေးစနစ်သည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်နှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် ကပ်လုနီးပါးရှိနေသူများ အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကာကွယ်တားဆီးပေးပါသည်။ လူမှုအသိုက်အဝန်း လုံခြုံမှုသည် မြန်မာပြည်သူများအားလုံးအတွက် နိုင်ငံသားအနေဖြင့်သော်လည်းကောင်း၊ လူသားများအနေဖြင့်သော်လည်းကောင်း ရရှိခံစားနိုင်စေသည့် အခွင့်အလမ်းများကို ပြည့်ပြည့်ဝဝ ခံစားစေနိုင်မည့် စီးပွားရေး လှုပ်ရှားပြောင်းလဲနိုင်မှုကို ဖြစ်စေပါသည်။ ယနေ့တွင် ဆောင်ရွက်လျက်ရှိသည့် လူတစ်ဦးချင်း၏ ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် နည်းပါးနေသောကြောင့် ထိုလုပ်ငန်းများအား အလေးအနက်ထားပြီး တိုးချဲ့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသားအားလုံးအတွက် စံနှုန်းပြည့်မီသည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တစ်ခု ရရှိစေမည်ဖြစ်သည်။ ကလေးငယ်များနှင့်လူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများကို အဓိကထားသည့် အဆိုပါဝန်ဆောင်မှုများသည် ပြည်သူများအတွက် ပြည့်စုံပျော်ရွှင်အကျိုးဖြစ်ထွန်းစေသည့် လူနေမှုဘဝကို ရရှိစေမည်ဖြစ်သည်။ ထို့အပြင် သက်ကြီးရွယ်အိုများကို ဂုဏ်သိက္ခာရှိရှိနှင့် ဘေးကင်းလုံခြုံစွာ အနားယူနေထိုင်နိုင်စေမည့် ဘက်စုံပြုပြင်ပြောင်းလဲသည့် နည်းလမ်းများကို အားပေးမြှင့်တင်ပေးမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့်ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင် (၄) ၂၁ ရာစု လူမှုအဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး** | | | | | |
| **မဟာဗျူဟာ ၄.၃- သဟဇာတဖြစ်ပြီး စနစ်များ၏ ခြုံငုံချိတ်ဆက်မှုကိုအခြေခံသော ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး** | | | | | |
| ၄.၃.၁ | ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂) နှစ် အရွယ်ထိ ကလေးငယ်များအားလုံး အတွက် ငွေကြေး ထောက်ပံ့မှုများတိုးမြှင့်ရန် | ကိုယ်ဝန်ဆောင် မိခင်များ နှင့် နို့စို့ကလေးငယ်များ အတွက် ကျန်းမာရေး စောင့်ရှောက်မှု နှင့် အာဟာရဖြည့်ဆည်းမှု များ အညီအမျှရရှိစေခြင်း | လူ/ကယ်/ပြန်၊ ကျန်းမာရေး/ အားကစား၊ စီမံ/ဘဏ္ဍာ၊ မိခင်/ကလေး | မူဝါဒ ၃ | SDG ၁.၃၊ SDG ၃.၁၊ SDG ၃.၂ |
| ၄.၃.၂ | မသန်စွမ်းသူများအတွက် ငွေကြေး ထောက်ပံ့မှုများ ရရှိအောင်ဆောင်ရွက်ရန် | မသန်စွမ်းသူများအတွက် အထူး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ ကျန်းမာရေး/ | မူဝါဒ ၃ | SDG ၁.၃၊ SDG ၁၀.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | | အားကစား | | |
| ၄.၃.၃ | အသက်(၃)နှစ်နှင့် အထက် ကလေးငယ်များအတွက် ငွေကြေးထောက်ပံ့မှု ပေးနိုင်ရေး လုပ်ငန်းများအား မိတ်ဆက်ပေးရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | လူ/ကယ်/ပြန်၊ ကျန်းမာရေး/ အားကစား၊ စီမံ/ဘဏ္ဍာ၊ အလုပ်သမား/ လဝက | မူဝါဒ ၃ | SDG ၁.၃ |
| ၄.၃.၄ | အစိုးရကျောင်းများတွင် အာဟာရ တိုက်ကျွေးမှု အစီအစဉ်များ တိုးမြှင့်ရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | ပညာရေး၊ လူ/ကယ်/ ပြန်၊ ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည် | မူဝါဒ ၃၊ ၆ | SDG ၄.၁၊ SDG ၂.၁၊ SDG ၂.၂ |
| ၄.၃.၅ | လူကုန်ကူးမှုဆိုင်ရာ အရေးယူမှုနှင့် ကာကွယ်တားဆီးမှု အစီအစဉ်များအား မိတ်ဆက်ပေးရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | လူ/ကယ်/ ပြန်၊ မိခင်/ကလေး၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပြည်ထဲရေး၊ | မူဝါဒ ၃ | SDG ၅.၂ |
| ၄.၃.၆ | ကျောင်းထွက်မှုနှုန်း လျှော့ချတားဆီးရေးနှင့်ကလေး လုပ်သား ပပျောက်ရေး လုပ်ငန်းများအား မိတ်ဆက်ပေးရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | လူ/ကယ်/ပြန်၊ ပညာရေး၊ အလုပ်သမား/ လဝက | မူဝါဒ ၃ | SDG ၄.၁ |
| ၄.၃.၇ | အန္တရာယ်ဖြစ်စေသော မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ဆေးရွက်ကြီးနှင့် အခြားကင်ဆာဖြစ်စေနိုင်သည့် ဆေးဝါးများအား ပုံမှန်သုံးစွဲမှုများနှင့်စပ်လျဉ်း၍ အသိပညာပေး အစီအစဉ်များ အားကောင်းလာစေရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | လူ/ကယ်/ပြန်၊ ပညာရေး၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည် | မူဝါဒ ၃ | SDG ၃.၅ |
| ၄.၃.၈ | ကလေးလုပ်သားများကို စာသင်ခန်းသို့ ပြန်လည်ပို့ဆောင်ပေးမည့် အစီအစဉ် သို့မဟုတ် တရားဝင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရောက်သည်အထိ အသက်မွေးဝမ်းကျောင်း သင်တန်းများသို့တက်ရောက်စေမည့် အစီအစဉ်များကို ပံ့ပိုးပေးရန် | ကလေးများနှင့် လူငယ်များတွင် ကျရောက်လာနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်နိုင်စွမ်းရှိလာခြင်း | လူ/ကယ်/ပြန်၊ ပညာရေး၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည် | မူဝါဒ ၃ | SDG ၈.၇၊ SDG ၄.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| ၄.၃.၉ | ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် | အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိပြည်သူများ အပေါ် ဘေးအန္တရာယ် ကျရောက်မှုနှင့် ဝင်ငွေ ဆုံးရှုံးမှုများမှ အကာအကွယ်ပေး၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း | အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ ပြည်ထဲရေး | မူဝါဒ ၃၊ ၅ | SDG ၁၀.၄ |
| ၄.၃.၁၀ | ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် | အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိပြည်သူများ အပေါ် ဘေးအန္တရာယ် ကျရောက်မှုနှင့် ဝင်ငွေ ဆုံးရှုံးမှုများမှ အကာအကွယ်ပေး၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း | အလုပ်သမား/ လဝက၊ ပညာရေး၊ လူ/ကယ်/ပြန် | မူဝါဒ ၃၊ ၅ | SDG ၁၀.၄၊ SDG ၄.၃၊ SDG ၄.၄ |
| ၄.၃.၁၁ | အသုံးချမှုနှင့် အကျိုးသက်ရောက်မှု နှစ်မျိုးလုံးကို စစ်ဆေးနိုင်သည့်စောင့်ကြည့်ရေး ယန္တရားများနှင့်အတူ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ကျင့်သုံးရန် | အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိပြည်သူများ အပေါ် ဘေးအန္တရာယ် ကျရောက်မှုနှင့် ဝင်ငွေ ဆုံးရှုံးမှုများမှ အကာအကွယ်ပေး၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း | စီမံ/ဘဏ္ဍာ၊ လူ/ကယ်/ပြန်၊ အလုပ်သမား/ လဝက | မူဝါဒ ၃၊ ၅ | SDG ၁၀.၄ |
| ၄.၃.၁၂ | မသန်စွမ်းသူများနှင့် အလုပ်လက်မဲ့များအတွက် ထောက်ပံ့ကြေးများပေးသည့် စနစ်ကို မိတ်ဆက်သွားရန် | အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိပြည်သူများ အပေါ် ဘေးအန္တရာယ် ကျရောက်မှုနှင့် ဝင်ငွေ ဆုံးရှုံးမှုများမှ အကာအကွယ်ပေး၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း | စီမံ/ဘဏ္ဍာ၊ လူ/ကယ်/ပြန်၊ အလုပ်သမား/ လဝက | မူဝါဒ ၃၊ ၅ | SDG ၁.၃၊ SDG ၁၀.၄ |
| ၄.၃.၁၃ | သက်ကြီးရွယ်အိုများအတွက် ငွေကြေးအထောက်အပံ့များ ပေးအပ်သွားရန် | အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိပြည်သူများ အပေါ် ဘေးအန္တရာယ် ကျရောက်မှုနှင့် ဝင်ငွေ ဆုံးရှုံးမှုများမှ အကာအကွယ်ပေး၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ အလုပ်သမား/ လဝက | မူဝါဒ ၃၊ ၅ | SDG ၁.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | | ပေးနိုင်ခြင်း | | | |
| ၄.၃.၁၄ | သဘာဝဘေးအန္တရာယ်၊ လူတို့ ပြုလုပ်၍ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များနှင့် အခြား ဘေးအန္တရာယ်များလျော့ပါးစေ ရေးနှင့် ကောင်းမွန်စွာ စီမံ ခန့်ခွဲနိုင်စေရေးအတွက်လက်ရှိ လူမှုဘဝအကာအကွယ်ပေး ရေးနှင့် ပြည်သူများ အလုပ် အကိုင်ရရှိရေး အစီအစဉ် များအား တိုးချဲ့ဆောင်ရွက်ရန် | သဘာဝဘေးအန္တရာယ် ဆိုင်ရာထိခိုက်ဆုံးရှုံးမှု များနှင့် နောက်ဆက်တွဲ ဆိုးကျိုးများအား လျော့ကျစေခြင်း | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ ကျန်းမာရေး/ အားကစား၊ အလုပ်သမား/ လဝက၊ စက်မှု၊ စိုက်/မွေး/ဆည် | မူဝါဒ ၃၊ ၅ | SDG ၁.၃ |
| ၄.၃.၁၅ | ပြည်သူများအလုပ်အကိုင် ရရှိရေး အစီအစဉ်များနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲ မှုအား သင့်လျော်စွာ ချိတ်ဆက် ဆောင်ရွက်ပေးရန် | သဘာဝဘေးအန္တရာယ် ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှု များနှင့် နောက် ဆက်တွဲ ဆိုးကျိုးများအား လျော့ကျစေခြင်း | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ အလုပ်သမား/ လဝက၊ စက်မှု၊ စိုက်/မွေး/ဆည် | မူဝါဒ ၃၊ ၅ | SDG ၁၀.၄ |

## မဟာဗျူဟာ ၄.၄ - ဘေးကင်း၍ အာဟာရမျှတသည့် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန်အတွက် တိုးမြှင့်ဆောင်ရွက်ရေး

လူတစ်ဦး ရှင်သန်ဖွံ့ဖြိုးရေးဆိုသည်မှာ ကျန်းမာပျော်ရွှင်သည့် လူနေမှုဘဝအတွက် အစားအသောက် လိုအပ်မှုနှင့် လိုအင်ကိုပြည့်ဝစေမည့် အာဟာရပြည့်အစားအစာများ လုံလောက်စွာ ရရှိနိုင်စေရန်အတွက် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။ သို့သော် အဆိုပါကိစ္စရပ်သည် လက်ရှိမြန်မာနိုင်ငံ၏ အစဉ်အမြဲတွေ့ကြုံနေရသည့်ကိစ္စရပ် မဟုတ်ပါ။ များစွာသော ပြည်သူတို့သည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် မကြာခဏ ကြုံတွေ့ရတတ်သည့် စားနပ်ရိက္ခာမလုံလောက်သည့် အချိန်ကာလများကို ခံနိုင်ရည်နည်းပါးနေဆဲဖြစ်သည်။ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းနေသည့် အကျိုးရလဒ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍသည် ပိုမိုအရေးပါသည့်အခန်းကဏ္ဍတွင် ရှိလာသည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးမှုအလေ့အကျင့်များကို ပံ့ပိုးပေးသည့်အပြင် အစားအစာ မလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု၏ အဓိကအကြောင်းရင်းကို ဖြေရှင်းခြင်းအားဖြင့် အိမ်ထောင်စုများ၏ အစားအစာလုံလောက်မှု တိုးမြင့်စေရန် မြန်မာနိုင်ငံအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စိုက်ပျိုးနိုင်သည့်မြေ၊ သန့်ရှင်းသည့်ရေနှင့် ဝတ်မှုန်ကူးခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်သည် အစားအစာထုတ်လုပ်ရေးအတွက် အလွန်အခြေခံကျသည့်အလျောက် အစားအသောက် မလုံလောက်သည့် ပြဿနာအား နာတာရှည်ကြုံတွေ့နေရသည့် နေရာများတွင် အစားအစာရရှိရေး၊ ထိရောက်သည့် အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းသို့ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုရှိခြင်းသည် အစားအစာဖူလုံရေး

အတွက် တိုးချဲ့လုပ်ကိုင်ရာတွင် မရှိမဖြစ် အရေးပါပါသည်။ ဤမဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့်ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင် (၄) - ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး** | | | | | |
| **မဟာဗျူဟာ ၄.၄ - ဘေးကင်း၍ အာဟာရမျှတသည့် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန်အတွက် တိုးမြှင့်ဆောင်ရွက်ရေး** | | | | | |
| ၄.၄.၁ | စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေးဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်းစီမံချက်၊ အာဟာရပြည့်ဝမှုခိုင်မာစေ ရေး အမျိုးသားအဆင့် မဟာ ဗျူဟာနှင့် အခြားသက်ဆိုင် သည့် လမ်းညွှန်ချက်များ အပါအဝင် အရည်အသွေး ပြည့် အစားအစာများဖူလုံမှု တိုးမြင့်လာစေရန်အတွက် ပြီးပြည့်စုံသည့် အမျိုးသား အဆင့် မဟာဗျူဟာများနှင့် လုပ်ငန်း စီမံချက်များ ချမှတ် ဆောင်ရွက်ရန် | ပြည်သူများ အကြား အာဟာရ ရရှိမှု ပိုမို မြင့်မားလာခြင်း | ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၃၊ ၆ | SDG ၂.၁၊ SDG ၂.၂ |
| ၄.၄.၂ | အရေးပေါ်အာဟာရ တိုက် ကျွေးခြင်း အပါအဝင် အာဟာရ ချို့တဲ့မှု ပြဿနာ များကို ဖြေရှင်းရန် နည်းလမ်းများချမှတ် ဆောင်ရွက်ရန် | ပြည်သူများအကြား အာဟာရ ရရှိမှု ပိုမိုမြင့်မားလာခြင်း | ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည်၊ လူ/ကယ်/ပြန်၊ အလုပ်သမား/ လဝက | မူဝါဒ ၆ | SDG ၂.၂ |
| ၄.၄.၃ | ကျန်းမာရေးနှင့် ညီညွတ် သည့် အစားအစာများ စားသုံးမှုဆိုင်ရာ လမ်းညွှန် ချက်များ နှင့် အသိပညာပေး အစီအစဉ်များ အပါ အဝင် အာဟာရ ပြည့်မီ စေရေး အတွက် ပညာပေးခြင်း၊ ဟောပြော ပို့ချခြင်းများကို မြှင့်တင် ဆောင်ရွက်ရန် | ပြည်သူများ အကြား အာဟာရ ရရှိမှု ပိုမို မြင့်မားလာခြင်း | ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပညာရေး | မူဝါဒ ၃၊ ၆ | SDG ၂.၂ SDG ၃.၄ |
| ၄.၄.၄ | ပိုးမွှားအန္တရာယ်၊ မိုးခေါင် ရေရှားမှုနှင့် ရေကြီး နှစ်မြုပ် မှု ဒဏ်များကို ခံနိုင်ရည်ရှိ သည့် ကောက်ပဲသီးနှံများ တိုးမြှင့် စိုက်ပျိုးရန် | ပြည်တွင်း အစားအစာ အများအပြား တိုးမြှင့် ထုတ်လုပ်လာနိုင်ခြင်း | စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၆ | SDG ၂.၁ |
| ၄.၄.၅ | အခြေအနေအရပ်ရပ်အတွက် အရေးပေါ် အရံစားနပ်ရိက္ခာ | ပြည်တွင်း အစားအစာ အများအပြားတိုးမြှင့် | ကျန်းမာရေး/ အားကစား၊ | မူဝါဒ ၆ | SDG ၂.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| | များထားရှိ၍စီမံချက်များ ချမှတ် ဆောင်ရွက်ရန် | ထုတ်လုပ်လာနိုင်ခြင်း | စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ ပြည်နယ်/တိုင်း ဒေသကြီး အစိုးရ | | |
| ၄.၄.၆ | တောင်သူလယ်သမားများ အား အမျိုးအစား မတူသည့် မျိုးစေ့များကို ပေါင်းစပ် အသုံးပြုခြင်း မပြုရန် အပါအဝင် သင့်လျော်သည့် မျိုးစေ့အသုံးပြုမှုဆိုင်ရာ အသိပညာပေးရန် | ပြည်တွင်း အစားအစာ အများအပြားတိုးမြှင့် ထုတ်လုပ်လာနိုင်ခြင်း | စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၆ | SDG ၂.၅ |
| ၄.၄.၇ | အစားအစာနှင့် စိုက်ပျိုးရေး ဆိုင်ရာ သုတေသနအတွက် တိရိစ္ဆာန်နှင့် သစ်ပင်ပန်းမန် ဆိုင်ရာ မျိုးရိုးဗီဇအရင်းအမြစ် များကို ထိန်းသိမ်းနိုင်မည့် အဆောက်အအုံများတည် ဆောက်ရန် နှင့်မျိုးဆက်ပြန့် တီးမည့် အန္တရာယ်ရင်ဆိုင်နေ ရသောမျိုးစိတ်များ အပါအဝင် ဒေသခံမျိုးစိတ် များကို အမျိုးအစားခွဲခြမ်း သတ်မှတ်ရန် | ပြည်တွင်း အစားအစာ အများအပြားတိုးမြှင့် ထုတ်လုပ်လာနိုင်ခြင်း | စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၆ | SDG ၂.၅ |
| ၄.၄.၈ | အစားအစာနှင့် အစားအစာ ကြောင့် ဖြစ်စေသော ရောဂါ များအပေါ် စောင့်ကြပ်မှုအား တိုးမြှင့်ဆောင်ရွက်ရန် | သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် အစား အစာ ဖူလုံမှုတိုးမြှင့် လာခြင်း | ကျန်းမာရေး/ အားကစား၊ စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၆ | SDG ၃.၃ |

## မဟာဗျူဟာ ၄.၅ - ရွှေ့ပြောင်းလုပ်သားများအပါအဝင် လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်မှု စွမ်းအားကို အသုံးချရေးနှင့် အခွင့်အရေးကို ကာကွယ်ပေးရေး

လုပ်ငန်းခွင်များတွင် ခွဲခြားဆက်ဆံခံရမှုနှင့် အလွဲသုံးစားမှုများကင်းရှင်းပြီး သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်များကိုလွတ်လပ်စွာလုပ်ကိုင်နိုင်ရန် လူတစ်ဦးချင်းစီ၏အခွင့်အရေး ကို ထောက်ပံ့သည့်အနေဖြင့် ဥပဒေများဖြင့် ကာကွယ်ပေးရန် မြန်မာနိုင်ငံအနေဖြင့် ကတိကဝတ်ပြု ထားပါသည်။ မြန်မာနိုင်ငံသည် အဆိုပါကတိကဝတ်ပြုမှုအပေါ်တွင် အရေးပါသည့် လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် အထက်ပါ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ယူရမည့် အဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံများကို ခိုင်မာအားကောင်းစေရေး အတွက် ထပ်မံအားထုတ် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။ တစ်ဦးချင်းစီအတွက် အထူးတလည်

ကာကွယ်စောင့်ရှောက်ပေးမှုနှင့် ပံ့ပိုးမှုများပိုမိုလိုအပ်နေသည့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် အထူးဂရုပြု ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လုပ်ငန်းခွင်များတွင် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် နှိပ်စက်ညှဉ်းပန်းမှုတို့မှ ကင်းဝေးစေရေး ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံအနေဖြင့် အလေးထား ဆောင်ရွက်သွားမည် ဖြစ်သည်။ ဤမဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို သတ်မှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDGs ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့်ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင် (၄) ၂၁ ရာစု လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး** | | | | | |
| **မဟာဗျူဟာ ၄.၅ - ရွှေ့ပြောင်းလုပ်သား အပါအဝင် လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို အသုံးချရေးနှင့် အခွင့်အရေးကို ကာကွယ်ပေးရေး** | | | | | |
| ၄.၅.၁ | မွေးစာရင်းထုတ်ပေးခြင်း အပါအဝင် ဥပဒေအရ အသိအမှတ်ပြုခြင်းများဆောင်ရွက်ပေးရန် | တရားဝင် ရွှေ့ပြောင်းသွားလာမှုအချိုး မြင့်တက်လာခြင်း | ကျန်းမာရေး/ အားကစား၊ အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန် | မူဝါဒ ၃ | SDG ၁၆.၉ |
| ၄.၅.၂ | လုံခြုံမှုနှင့် တရားဥပဒေ စိုးမိုးမှုရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန် | ရွှေ့ပြောင်းသွားလာမှု မှတစ်ဆင့် ဖွံ့ဖြိုးမှုသို့ ဦးတည်ခြင်း | အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန် | မူဝါဒ ၃၊ ၅ | SDG ၈.၈ |
| ၄.၅.၃ | ရွှေ့ပြောင်းလုပ်သားများ အတွက် နယ်စပ်ဖြတ်ကျော်မှုနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအား တိုးမြှင့်ထောက်ပံ့ရန် | ရွှေ့ပြောင်းသွားလာခြင်း မှလူမှုဘဝနောက်ကျ ကျန်နေသော မိသားစုများအား ကူညီပေးခြင်း | အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန်၊ စီမံ/ ဘဏ္ဍာ၊ ဗဟိုဘဏ် | မူဝါဒ ၃ | SDG ၁၀(ဂ) |
| ၄.၅.၄ | ပြည်ပတွင် အခြေချနေသူများ ပြည်တွင်းစီးပွားရေးတွင် ပါဝင် ဆောင်ရွက်လာနိုင်စေရေး အားပေးလှုံ့ဆော်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် | ပြည်ပတွင် အခြေချနေသူများ ပြည်တွင်း စီးပွားရေးတွင်ပါဝင်လာခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးမှု တိုးမြင့်လာခြင်း | အလုပ်သမား/ လဝက၊ လူ/ကယ်/ပြန်၊ စီမံ/ ဘဏ္ဍာ၊ ဗဟိုဘဏ် | မူဝါဒ ၃၊ ၅ | SDG ၁၀(ဂ) |
| ၄.၅.၅ | ရွှေ့ပြောင်းလုပ်သား အပါအဝင် အလုပ်သမား အခွင့်အရေးများ ကာကွယ်ရေးနှင့် လုပ်ငန်းခွင် လုံခြုံစိတ်ချမှုများရရှိစေရန် | လုပ်ငန်း ခွင်ရှိ အလုပ်သမားများ၏ လုံခြုံစိတ်ချမှု မြင့်တင်ခြင်းဖြင့် ထုတ်လုပ်မှု စွမ်းအား တိုးတက်လာခြင်း | အလုပ်သမား/လဝက၊ လူ/ကယ်/ပြန်၊ စီမံ/ ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည် | မူဝါဒ ၃၊ ၅ | SDG ၈.၈ |

## ပန်းတိုင် (၅) - နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်

မြန်မာနိုင်ငံ၏ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက်မရှိမဖြစ်လိုအပ်ပြီး လက်ရှိနှင့်နောင်လာမည့်မျိုးဆက်များအတွက် ကောင်းကျိုး ရရှိစေမည် ဖြစ်သည်။ ပန်းတိုင် (၅) သည် မိမိတို့နိုင်ငံ၏ သဘာဝဂေဟစနစ်များကို ကာကွယ်ခြင်း နှင့် စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု ခိုင်မာအားကောင်းစေရန် အားထုတ်ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုနှင့်အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများရေးဆွဲရာတွင် ပိုမိုကောင်းမွန်စေခြင်း၊ သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် တရားမဝင်ဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်ညစ်ညမ်း စေမှုနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် လုပ်ဆောင်မှုများကို ပိုမိုတိုးမြှင့် တားဆီးထိန်းသိမ်းခြင်းတို့ အတွက် လိုအပ်သည့် ဥပဒေ၊ အဖွဲ့အစည်းနှင့် မူဝါဒဆိုင်ရာ မူဘောင်တို့ကို အဓိက အလေးထား လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များတွင် သန့်ရှင်းသော သောက်သုံးရေ အသုံးပြုသည့် အလေ့အထရှိရေး၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် သုံးစွဲမှုတိုးတက်ရေး၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိခိုက်မှုကို လျှော့ချစေရေး၊ စိမ်းလန်းသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာ စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေး၊ ရေရှည် တည်တံ့သည့် မြို့ပြဒေသများ တိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိကလုပ်ငန်းစဉ် များကို မူဝါဒများ၊ စီမံကိန်းများ၊ အမျိုးသားစာရင်းအင်းဆိုင်ရာ စနစ်များတွင် ထည့်သွင်းရေးတို့ ပါဝင်ပါသည်။

### ရည်ညွှန်းအကိုးအကားများ

- မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ ၂၀၁၇-၂၀၃၀
- မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် ၂၀၁၇
- မြန်မာ့စွမ်းအင်ကဏ္ဍပင်မစီမံချက် ၂၀၁၅
- နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်၂၀၁၅-၂၀၂၀
- မြန်မာ့ဆင်များ ထိန်းသိမ်းရေး စီမံချက် ၂၀၁၈-၂၀၂၇
- မြန်မာနိုင်ငံအတွက်အဏ္ဏဝါဒေသအပိုင်းအခြားအလိုက်နေရာသတ်မှတ်ခြင်းအစီအစဉ် ၂၀၁၆
- မြန်မာနိုင်ငံ အပင်များကျန်းမာသန်စွမ်းစေရေးမဟာဗျူဟာ၂၀၁၆-၂၀၂၀
- မြန်မာ့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၂၀၁၃-၂၀၂၀
- မြန်မာ့ခရီးသွားလုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့်လုပ်ငန်းစဉ် စီမံကိန်း၂၀၁၇-၂၀၂၀
- ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ အမျိုးသားအဆင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ၂၀၁၆-၂၀၃၀

- အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်

## မဟာဗျူဟာ ၅.၁ - သင့်တင့်မျှတပြီး ကောင်းမွန်စွာ လည်ပတ်သော ဂေဟစနစ်နှင့်အတူ သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်လာရေး

မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲများသည် ရေထု၊ လေထုနှင့် ကုန်းမြေ အခြေပြု ဂေဟစနစ်များကို ကျောထောက်နောက်ခံပြုထားပါသည်။ ရေရှည်တည်တံ့သော ရေမြေ အသုံးပြုမှု အလေ့အထများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဆိုပါက ဤများပြားရှုပ်ထွေးသော စနစ်များသည် ရာသီဥတု ပိုမိုတည်ငြိမ်မှုန်ကန်မှုရှိစေရေး၊ စိုက်ပျိုးရေး ထွက်ကုန်များ မြှင့်တင်ရေး၊ စွမ်းအင် လုံခြုံ မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့သော တိုးတက်မှုရရှိစေရေး အလားအလာကောင်းများ ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် မြန်မာ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေသည့် အလေ့အကျင့်များမှ ရှောင်ရှားနိုင်စေရန် သဘာဝပတ်ဝန်းကျင်အား ပိုမိုအလေးထား သည့် ချဉ်းကပ်ပုံ နည်းလမ်းများနှင့် အစားထိုးအသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့အပြင် မြေပေါ်၊ မြေအောက် သို့မဟုတ် ရေအောက်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်း အစီအမံနှင့် မူဝါဒများ၊ ခိုင်မာအားကောင်းသော ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုနှင့် နည်းစနစ်များအား ထိရောက်စွာ အသုံးချသွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လူတစ်ဦးချင်းနှင့် လူမှုအဖွဲ့အစည်းများအပြင် ထိုလူမှုအဖွဲ့အစည်းမှ ထိခိုက်အလွယ်ဆုံးသော လူပုဂ္ဂိုလ်များ၏ သဘောထားအမြင်များကို ဆုံးဖြတ် ချက် ချမှတ်သည့် လုပ်ငန်းစဉ်တိုင်းတွင် သေချာစွာ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာအောင်မြင်စေရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို ချမှတ်ထားပါသည် -

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ | | | | | |
| ပန်းတိုင် (၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | | | | | |
| မဟာဗျူဟာ ၅.၁- သင့်တင့်မျှတပြီးကောင်းမွန်စွာ လည်ပတ်သော ဂေဟစနစ်နှင့်အတူ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး | | | | | |
| ၅.၁.၁ | အမျိုးသား စာရင်းအင်းနှင့် အစီရင်ခံတင်ပြခြင်း စနစ်များ အပါအဝင် ဖွံ့ဖြိုးမှုနှင့် စီမံကိန်း လုပ်ငန်းစဉ်များ၏ အဆင့်တိုင်း တွင် ကျယ်ပြန့်စွာ ပါဝင်မှုကို အခြေခံသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ များ အားပေးမြှင့်တင်၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည် | အစိုးရနှင့် လူမှုအဖွဲ့ အစည်းများမှ ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးရခြင်း ၏ အကြောင်းရင်းများ ကို ဖြေရှင်းခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ ပညာရေး၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ | မူဝါဒ ၃ | SDG ၁၅.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ဖော်ဆောင်ရွက်ရန် | | | | |
| ၅.၁.၂ | သဘာဝသယံဇာတများ ပျက်စီး ထိခိုက်နိုင်သော ဥပဒေများ လုပ်ထုံးလုပ်နည်းများနှင့် ထောက်ပံ့ငွေ၊ မက်လုံးများပေး ခြင်းတို့ကို ပြင်ဆင်မွမ်းမံခြင်း၊ ပယ်ဖျက်ခြင်း တို့အပြင် ရေရှည် တည်တံ့သော သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ် များပေါ်ပေါက်နိုင်ရန်အတွက် အပြုသဘောဆောင်သော မက်လုံးများဖြင့် စတင်အကောင် အထည်ဖော်ရန် | အစိုးရနှင့် လူမှုအဖွဲ့ အစည်းများမှ ဇီဝမျိုးစုံ မျိုးကွဲများဆုံးရှုံးရခြင်း ၏ အကြောင်းအရင်း များကို ဖြေရှင်းခြင်း | စီမံ/ဘဏ္ဍာ၊ စက်မှု၊ သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ လျှပ်စစ်/စွမ်းအင် | - | SDG ၁၂(ဂ) |
| ၅.၁.၃ | ရေရှည်တည်တံ့သော ထုတ်လုပ် မှု၊ စားသုံးမှုနှင့် သဘာဝသယံ ဇာတ အရင်းအမြစ်များအသုံးပြု မှုအား မြင့်တင်ဆောင်ရွက်ရန် အတွက် အဆင့်တိုင်းတွင် စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်ရန် | အစိုးရနှင့် လူမှုအဖွဲ့ အစည်းများမှ ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးရခြင်း ၏ အကြောင်းအရင်း များကို ဖြေရှင်းခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စက်မှု၊ စီမံ/ဘဏ္ဍာ၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ လျှပ်စစ်/စွမ်းအင် ကျန်းမာရေး/ အားကစား၊ ပညာရေး၊ | - | SDG ၁၂.၁၊ SDG ၁၄.၆ |
| ၅.၁.၄ | ရေရှည်တည်တံ့သည့် မြေယာ အသုံးချမှု စီမံခန့်ခွဲခြင်းနှင့် ဥပဒေနှင့်မညီသည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်စေခြင်း များကို တားဆီးခြင်းဖြင့် သဘာဝနေရင်းဒေသများ ဆုံးရှုံးမှုလျှော့ချရန်နှင့် ပြန်လည် ပျိုးထောင်ရန် | ဇီဝမျိုးစုံမျိုးကွဲများ အပေါ် တိုက်ရိုက် သက်ရောက်မှုများ လျှော့ချရန်နှင့် ရေရှည် တည်တံ့သော အသုံးပြု မှုအား မြင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ စက်မှု၊ လျှပ်စစ်/စွမ်းအင်၊ ပြည်ထဲရေး၊ | - | SDG ၁၂.၁၊ SDG ၁၄.၆ |
| ၅.၁.၅ | ရေရှည်တည်တံ့သည့် မူဝါဒနှင့် စီမံကိန်းများပိုမိုကောင်းမွန်လာ စေရန် အတွက် မြေယာအသုံးချ မှု စောင့်ကြပ်ကြည့်ရှုသည့် စနစ်တိုးတက်စေရန် | ဇီဝမျိုးစုံမျိုးကွဲများ အပေါ်တိုက်ရိုက်သက် ရောက်မှုများ လျှော့ချ ရန်နှင့် ရေရှည်တည်တံ့ သော အသုံးပြုမှုအား မြင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ စီမံ/ဘဏ္ဍာ | - | |
| ၅.၁.၆ | ပတ်ဝန်းကျင် ညစ်ညမ်းမှု အဆင့် များသည် လူသားများ၏ ကျန်းမာရေး (သို့မဟုတ်) ဂေဟ စနစ်များအား ထိခိုက်မှုမရှိစေရန် | ဇီဝမျိုးစုံမျိုးကွဲများ အပေါ်တိုက်ရိုက်သက် ရောက်မှုများ လျှော့ချ ရန်နှင့် ရေရှည်တည်တံ့ သော အသုံးပြုမှုအား မြင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ လျှပ်စစ်/စွမ်းအင်၊ စက်မှု | - | SDG ၃.၉၊ SDG ၆.၃၊ SDG ၁၄.၁ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | | | | | |
| ၅.၁.၇ | သဘာဝသယံဇာတများအား ထိရောက် မျှတသည့် စီမံခန့်ခွဲမှုများမှတစ်ဆင့် ကုန်းမြေနှင့် ကုန်းတွင်းပိုင်း မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် သဘာဝဘေးမဲ့တောများအားထိန်းသိမ်းစောင့်ရှောက်ရန် | ဂေဟစနစ်၊မျိုးစိတ်များ နှင့် မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားမှုများအား ကာကွယ်ပေးခြင်းမှ တစ်ဆင့်ဇီဝမျိုးစုံ မျိုးကွဲများ အခြေအနေအား မြှင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ စိုက်/မွေး/ဆည်၊ စက်မှု | - | SDG ၁၅.၁၊ SDG ၁၄.၂ |
| ၅.၁.၈ | သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဒုစရိုက်မှုများ ဖြစ်သည့် တရားမဝင် ကုန်သွယ်မှု၊ ငါးခိုးဖမ်းခြင်း နှင့်ကာကွယ်စောင့်ရှောက်ထားသည့် တောရိုင်း တိရိစ္ဆာန်မျိုးစိတ်များနှင့် သစ်ပင်ပန်းမန်မျိုးစိတ်များ အား တရားမဝင်ရောင်းဝယ်မှုများကို ထိရောက်စွာ အရေးယူရန်နှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများအရ စောင့်ကြပ် ကြည့်ရှုခြင်းနှင့် အာဏာတည်စေခြင်းများ ပိုမိုခိုင်မာမှုရှိစေရန် | ဇီဝမျိုးစုံမျိုးကွဲ များ အပေါ် တိုက်ရိုက် သက်ရောက်မှုများ လျှော့ချရန်နှင့်ရေရှည် တည်တံ့သော အသုံးပြုမှုအား မြှင့်တင် ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ ပြည်ထဲရေး | - | SDG ၁၄.၄ |
| ၅.၁.၉ | နိုင်ငံ၏ နောက်ဆုံးပြုစုထားသည့် ဇီဝမျိုးစုံ၊ မျိုးကွဲများဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် | အားလုံးပါဝင်သည့် စီမံကိန်း၊အသိပညာ စီမံခန့်ခွဲမှု၊စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့မှ တစ်ဆင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းအား တိုးမြှင့်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည် | - | SDG ၁၅.၁ |
| ၅.၁.၁၀ | မျိုးသုဉ်း ပျောက်ကွယ်မည့် အန္တရာယ် ခြိမ်းခြောက်မှုခံနေရသည့် မျိုးစိတ်များအား ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှု အခြေအနေ တိုးမြှင့်ရန် | ဂေဟစနစ်၊ မျိုးစိတ်များနှင့် မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားမှုများအား ကာကွယ်ပေးခြင်းမှ တစ်ဆင့်ဇီဝမျိုးစုံမျိုးကွဲများ အခြေအနေအား မြှင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည် | - | SDG ၁၅.၁ |
| ၅.၁.၁၁ | ပျံ့နှံ့ဝင်ရောက်လာသော ပြင်ပမျိုးစိတ်များအား တားဆီးရန်နှင့် ထိန်းချုပ်ရန်အတွက် သတိပေးချက်များနှင့် စည်းမျဉ်းများ ထုတ်ပြန်ရန် | ဂေဟစနစ်၊မျိုးစိတ်များနှင့် မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားမှုများအား ကာကွယ်ပေးခြင်းမှ တစ်ဆင့်ဇီဝ မျိုးစုံမျိုးကွဲများ အခြေအနေ | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည် | - | SDG ၁၅.၁ |

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာရလဒ်များ | သက်ဆိုင်သည့်အဖွဲ့အစည်းများ | သက်ဆိုင်သည့်စီးပွားရေးမူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | | အား မြှင့်တင်ခြင်း | | | |
| ၅.၁.၁၂ | ဒေသခံအဖွဲ့အစည်းများ၊လူငယ်များ၏ လိုအပ်ချက်များ၊ တိုင်းရင်းသားများ၊ ဆင်းရဲနွမ်းပါးသူများ၊ အခြား မတူညီသည့် ယဉ်ကျေးမှုများနှင့် ကျား/မ ရေးရာ ကိစ္စများ အပါအဝင် ဒေသခံအဖွဲ့အစည်းများအတွက် မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုများထောက်ပံ့ပေးသော ဂေဟစနစ်အား ပြန်လည် ပျိုးထောင်၍ ထိန်းသိမ်း ကာကွယ်ရန် | ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှု များမှ တစ်ဆင့် အားလုံး ရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများ မြှင့်တင်ပေးခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ စက်မှု၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပြည်ထဲရေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | မူဝါဒ ၆ | SDG ၁၅.၁ |
| ၅.၁.၁၃ | ဒေသခံပြည်သူများ၏ လူနေမှုဘဝများအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းကို မဟာဗျူဟာတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် | ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများမှ တစ်ဆင့်အားလုံး ရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများမြှင့်တင်ပေးခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည် | - | |

## မဟာဗျူဟာ ၅.၂- ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းသို့ ကူးပြောင်းရေး၊ လူမှုဘဝများကို ကာကွယ်စောင့်ရှောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့ကျစေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိမှု မြှင့်တင်ရေး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအလားအလာကောင်းများ ရရှိထားသော်လည်း အခြေခံအဆောက်အအုံ လိုအပ်ချက်များမှာ သိသာထင်ရှားစွာ ရှိနေဆဲဖြစ်ပါသည်။ ခေတ်မီအခြေခံ အဆောက်အအုံများအတွက် ဘဏ္ဍာရေးအရင်းအမြစ် အသီးသီးမှ ရင်းနှီးမြှုပ်နှံမှုများ တစ်ရှိန်ထိုး တိုးတက်ခြင်း မရှိပါက ဤအခြေခံအဆောက်အအုံ လိုအပ်ချက်များသည် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုအတွက် လိုအပ်သည့် တိုးတက်မှုနှုန်းများ ထိန်းထားနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုသက်ရောက်မှုများကြောင့် ဘေးဒုက္ခအခံစားရဆုံးသော နိုင်ငံများထဲတွင် ပါဝင်နေဆဲဖြစ်ပါသည်။ သို့ရာတွင် ကာလတိုအတွင်း အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းကြောင့်လည်း အနာဂတ်မျိုးဆက်သစ်များအား မထိခိုက်စေသင့်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် သဘာဝသယံဇာတများအား ထိရောက်စွာအသုံးပြုခြင်းကို ဦးစားပေးသည့် ကာဗွန်ထုတ်လွှတ်မှု နည်းပါးပြီး အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုလမ်းကြောင်းတစ်ခုကို စတင်မည်ဖြစ်ပါသည်။ မဟာဗျူဟာ အခြေခံအဆောက်အအုံ စီမံကိန်းသည် နိုင်ငံ၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ခြင်းမှ အကျိုးကျေးဇူးများအားလုံးကိုခံစားရရှိစေရေးအတွက် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးများ

အားလုံးကို ထည့်သွင်းတွက်ချက်ရန် လိုအပ်မည် ဖြစ်ပါသည်။ ကောင်းမွန်စွာ စီမံထားခြင်းမရှိသည့် အခြေခံအဆောက်အအုံတွင် မြေယာဆုံးရှုံးမှု၊ သစ်တောပြုန်းတီးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လူမှုရေးဆိုင်ရာဆိုးကျိုးများ မြင့်တက်လာခြင်း၊ ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်မှ ရရှိသည့် အကျိုးကျေးဇူးများ ယုတ်လျော့စေခြင်းများအပါအဝင် များစွာသောဆိုးကျိုးများရှိနိုင်ပါသည်။ အပြန်အလှန်အားဖြင့် ကောင်းမွန်သော ဂေဟစနစ်များသည် မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် တိုက်စားခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော့ကျစေခြင်းအားဖြင့် အခြေခံအဆောက်အအုံအား ကာကွယ်ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ ထိခိုက်လွယ်သည့် ရာသီဥတုဆိုင်ရာ နည်းလမ်းများတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေများအား စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပေါင်းစပ်မည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု၏ထိခိုက်မှုများကို လျော့ပါးသက်သာစေရန်နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုအား မြှင့်တင်ရန်အတွက် အဆင့်တိုင်းတွင် တစ်ဦးတစ်ယောက်ချင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင်(၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်** | | | | | |
| **မဟာဗျူဟာ ၅.၂-** | **ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းသို့ ကူးပြောင်းရေး၊ လူမှုဘဝများကို ကာကွယ်စောင့်ရှောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု လျော့ကျစေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိမှု မြှင့်တင်ရေး** | | | | |
| ၅.၂.၁ | ကဏ္ဍအားလုံးအတွက် မူဝါဒများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် သဘာဝဘေးအန္တရာယ် လျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်မှုများ လျော့နည်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ထည့်သွင်း ပေါင်းစပ်ရန် | ကာဗွန်ထုတ်လွှတ်မှု နည်းပါးပြီး အရင်းအမြစ်များအား ထိရောက်စွာ အသုံးချမှု အလေ့အထများကို မြှင့်တင်၍ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေး ကဏ္ဍများတွင် ရာသီဥတုဒဏ်ခံနိုင်သည့် ထုတ်လုပ်မှုနှင့် တုံ့ပြန်မှုများအား တိုးမြှင့်စေခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ ကျန်းမာရေး/ အားကစား၊ အလုပ်သမား/ လဝက၊ ပညာရေး၊ လျှပ်စစ်/စွမ်းအင် | မူဝါဒ ၆ | SDG ၁၃.၂၊ ၁၁(ခ) |
| ၅.၂.၂ | ကဏ္ဍအားလုံးတွင် ရာသီဥတုဒဏ်ခံနိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အထများနှင့် ရာသီဥတု ဒဏ်ခံနိုင်ပြီး သဘာဝ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိသည့် နည်းပညာများ ချမှတ်ကျင့်သုံးရန် | ကာဗွန်ထုတ်လွှတ်မှု နည်းပါးပြီးအရင်း အမြစ်များအား ထိရောက်စွာအသုံးချသည့် အလေ့အထများကို မြှင့်တင်၍ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေး ကဏ္ဍများတွင် ရာသီဥတု ဒဏ်ခံနိုင်သည့် ထုတ်လုပ်မှုနှင့် တုံ့ပြန်မှုများအား တိုးမြှင့်စေခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ လျှပ်စစ်/စွမ်းအင် | မူဝါဒ ၆ | SDG ၂.၄ |
| ၅.၂.၃ | သဘာဝ ပတ်ဝန်းကျင်နှင့် | လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု | သယံဇာတ/ | - | SDG ၁၃.၂၊ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊စည်းမျဉ်း စည်းကမ်းများနှင့်လုပ်ထုံး လုပ်နည်းများတွင် ရာသီ ဥတုပြောင်းလဲမှု ဆိုင်ရာ ရှုထောင့်များကို ပေါင်းစပ် ထည့်သွင်းရန် | ကို အထောက် အကူပြုရန် နှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချမှုအတွက် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ ဒဏ်ခံရည်ရှိမှုကို မြှင့်တင် နိုင်မည့် သဘာဝသယံ ဇာတ စီမံခန့်ခွဲမှု နည်း စနစ်ကို ချမှတ်ခြင်း | ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက | | ၁၁(ခ) |
| ၅.၂.၄ | ပိုမိုထိရောက်မှုရှိပြီး ကာဗွန် ထုတ်လွှတ်မှု နည်းပါးသည့် နည်းပညာများနှင့် ရာသီ ဥတု အခြေအနေ သစ်များမှ မြင့်တက်လာသော သဘာဝ ဘေးအန္တရာယ် ကျရောက်မှု များ ပပျောက်စေသည့် သယ်ယူပို့ဆောင်ရေးအပါ အဝင် အခြေခံအဆောက် အအုံစနစ်များကို ထိန်းညှိ ဆောင်ရွက်ရန် | ရာသီဥတုဒဏ်ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု နည်းပါးသည့် စွမ်းအင်၊ သယ်ယူ ပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ နည်းစနစ်များအား မြှင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည် | - | SDG ၁၄.၂၊ ၁၅.၁ |
| ၅.၂.၅ | ရာသီဥတု ဒဏ်ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါး သည့်အစိမ်းရောင်စီးပွားရေး လက္ခဏာများ မှတစ်ဆင့် စက်မှုလုပ်ငန်းဆိုင်ရာ နည်း စနစ်များ ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးမြှင့်စေရန် | လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ကို အထောက် အကူပြုရန် နှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချမှုအတွက် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ ဒဏ်ခံနိုင်ရည်ရှိမှုကို မြှင့်တင်နိုင်မည့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု နည်းစနစ်ကို ချမှတ်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စက်မှု၊ လျှပ်စစ်/စွမ်းအင်၊ စီး/ကူး | မူဝါဒ ၅ ၊ ၆ | SDG ၉.၄ |
| ၅.၂.၆ | ဘေးအန္တရာယ် ဆိုးကျိုးနှင့် ပြင်းထန်မှုများ တိုးမြှင့်လာ မှုကို ထိရောက်စွာ တုံ့ပြန် နိုင်ရန်အတွက်ဘေး အန္တရာယ်နှင့် ရာသီဥတု အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပြီးပြည့်စုံသည့် နည်းစနစ် တည်ထောင်ရန် | ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှု များနှင့် ရာသီဥတု ဘေးအန္တရာယ်များကို တုံ့ပြန်ရန်နှင့် ပြန်လည် ကောင်းမွန်စေရန် အတွက် အဖွဲ့အစည်း များနှင့် စီးပွားရေးကဏ္ဍ များ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ ကျန်းမာ/ အားကစား | - | SDG ၁၃.၁၊ SDG ၁.၅ |
| ၅.၂.၇ | ရာသီဥတု ပြောင်းလဲခြင်း နှင့် သဘာဝဘေး အန္တရာယ် တို့၏ အကျိုးဆက်ဖြစ်သော ပျက်စီးဆုံးရှုံးမှုများမှ ပြန် | ကျန်းမာရေးဆိုင်ရာအကျိုး သက်ရောက်မှုများနှင့် ရာသီဥတု ဘေးအန္တရာယ် များကို တုံ့ပြန်ရန်နှင့် | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ ကျန်းမာ/အားကစား၊ သယံဇာတ/ | - | SDG ၁.၅ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | လည် ကောင်းမွန်စေရေးနှင့် ပြင်ဆင်မွမ်းမံရေးတို့ အတွက် ထောက်ပံ့ပေးရန် နှင့် ဘေးဒုက္ခခံစား ရသည့် ပြည်သူများ၏ လိုအပ်ချက် နှင့် ကျား/ မ ရေးရာ ကိစ္စ များကို ထည့်သွင်း စဉ်းစား ခြင်း နှင့်အတူ လူမှုကာကွယ် စောင့်ရှောက်ခြင်းနှင့် ဘေး ဒုက္ခလျော့ပါး စေခြင်းတို့ အတွက် ဘဏ္ဍာငွေရရှိနိုင်မှု ကို တိုးမြှင့်ရန် | ပြန်လည် ကောင်းမွန်စေ ရန်အတွက် အဖွဲ့အစည်း များနှင့်စီးပွားရေးကဏ္ဍ များ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်း | ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင် | | |
| ၅.၂.၈ | ရာသီဥတု ပြောင်းလဲမှု အပါအဝင် သဘာဝ ဘေး အန္တရာယ်များ၏ ဆိုးကျိုး များကို ဒဏ်ခံနိုင်စေရန် အတွက် ဘေးဒုက္ခ ခံစားရ သည့် အိမ်ထောင်စုများ၊ အဖွဲ့ အစည်းများနှင့် ကဏ္ဍများအတွက်လိုက်လျော ညီထွေမှု ရှိသည့် စွမ်းဆောင်ရည် မြှင့်တင်ရန် | ကျန်းမာရေးဆိုင်ရာအကျိုး သက်ရောက်မှု များနှင့် ရာသီဥတု ဘေးအန္တရာယ် များကို တုံ့ပြန်ရန်နှင့် ပြန်လည် ကောင်းမွန် စေရန် အတွက် အဖွဲ့ အစည်းများနှင့် စီးပွားရေး ကဏ္ဍများ၏စွမ်းဆောင် ရည် မြှင့်တင်ခြင်း။ | လူ/ကယ်/ပြန်၊ စီမံ/ဘဏ္ဍာ၊ သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ ကျန်းမာ/အားကစား | - | SDG ၁.၅ |
| ၅.၂.၉ | အစိမ်းရောင်စီးပွားရေးစနစ် သို့ကူးပြောင်းရေး အတွက် ပြင်ဆင်ရာတွင်ကျွမ်းကျင်မှု စွမ်းရည်တိုး တက်စေရေး အတွက်ထောက်ပံ့ရန် | ရာသီဥတုဒဏ်ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု နည်းပါးသည့် စွမ်းအင်၊ သယ်ယူ ပို့ဆောင်ရေး နှင့် စက်မှုလုပ်ငန်းဆိုင် ရာနည်းစနစ်များအား မြှင့်တင်ခြင်း | လူ/ကယ်/ပြန်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင်၊ ကျန်းမာ/အားကစား ပညာရေး၊ အလုပ်သမား/ လဝက၊ စိုက်/မွေး/ဆည်၊ ဒေသတွင်း အစိုးရ အဖွဲ့များ၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များ | - | SDG ၁၃.၁၊ SDG ၁၃.၃၊ SDG ၁.၅ |

## မဟာဗျူဟာ ၅.၃ - သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် လုံခြုံ စိတ်ချ၍ သာတူညီမျှရှိသော သောက်သုံးရေနှင့် ရေဆိုးစွန့်ပစ်စနစ်ရရှိရေး

လူတစ်ဦးချင်းစီနှင့် လူမှုအဖွဲ့အစည်းများ၏ ကျန်းမာရေးကောင်းမွန်မှုရှိစေရန်၊ ရောဂါ ပြန့်ပွားမှု တားဆီးနိုင်ရန်နှင့် လူငယ်များ ကျောင်းတက်မှန်ရေးတို့အတွက် သန့်ရှင်းသောသောက်သုံး ရေ လုံလောက်စွာရရှိနိုင်မှု၊ ရေဆိုးစွန့်ပစ်မှုစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုတို့သည် မရှိမဖြစ် လိုအပ်

ပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးရေကို အလျှံပယ်ရရှိသော်လည်း အပူပိုင်းဒေသများတွင် ရေပြတ်လပ်မှုများ ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ ထို့ပြင် မြို့ပြနှင့်ကျေးလက်အကြား ပထဝီအနေအထား ကွာဟချက်များလည်း ရှိနေပါသည်။ ထိုကဲ့သို့ ပထဝီအနေအထား ကွာဟချက်များကြောင့် အရေးပါသောဂေဟစနစ်များ အရည်အသွေးလျော့ပါးမှု၊ ရေအသုံးပြုမှုနှင့်(အိမ်ထောင်စုသုံး၊ပုဂ္ဂလိက ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အသုံးပြုမှုများအပါအဝင်)သက်ဆိုင်ရာ အခြေခံအဆောက်အအုံများပေါ်တွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးလာစေပြီး၊ မိမိတို့ပြည်သူအများစုအနေဖြင့် အဆင့်မြင့်မားသည့် ရေဆိုးသန့်စင်စနစ် အသုံးပြုနိုင်မှု မရရှိသေးသည့် အခြေအနေတွင် နေထိုင်ရဆဲပင် ဖြစ်ပါသည်။ ဂေဟစနစ်များသည် ပူပြင်းခြောက်သွေ့သည့်ရာသီဥတု၌ သန့်ရှင်းသောရေရရှိနိုင်မှုနှင့် အဆိုပါ ဂေဟစနစ်များ၏ အရည်အသွေးကျဆင်းခြင်းသည် ရေအရည်အသွေးနှင့် ရေပမာဏကို သိသာစွာ သက်ရောက်မှုရှိစေခြင်းတို့တွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် မြန်မာနိုင်ငံသည် ရေအသုံးပြုမှုနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ မြို့ပြ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ကျေးလက်အဖွဲ့အစည်းများမှ လိုအပ်နေသည့် ရေပေးဝေခြင်း၊ ရေဆိုးသန့်စင်ခြင်းနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုတို့ ရရှိစေရေးအတွက် မြို့နယ်အဆင့်တွင် ရေအသုံးချမှုစီမံချက်များနှင့် သန့်ရှင်းသောသောက်သုံးရေကို အသုံးချမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းတို့ကိုလည်း မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤမဟာဗျူဟာအောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်-

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ | | | | | |
| **ပန်းတိုင် (၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်** | | | | | |
| **မဟာဗျူဟာ ၅.၃- သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် လုံခြုံစိတ်ချ၍ သာတူညီမျှရှိသော သောက်သုံးရေနှင့် ရေဆိုးစွန့်ပစ်စနစ် ရရှိရေး** | | | | | |
| ၅.၃.၁ | ရေစီးဆင်းမှုအခြေခံ၊ ဘက်စုံရေအရင်းအမြစ် စီမံကိန်းရေးဆွဲမှုနှင့် စီမံခန့်ခွဲမှုကို မိတ်ဆက်ပေးခြင်းဖြင့် ကျား-မအလိုက် လိုအပ်သော ရေအရင်းအမြစ်များကို အခြေခံ၍ သာတူညီမျှ ရေရှည်အသုံးချနိုင်ရန် | တိုးတက်ကောင်းမွန်သော ရေပေးဝေမှု ဖြစ်စေရေးအတွက် ထိရောက်အကျိုးရှိပြီးအလွယ်တကူ ရရှိနိုင်သည့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရေးအတွက် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း | စိုက်/မွေး/ဆည်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ လူ/ကယ်/ပြန်၊ | မူဝါဒ ၉ | SDG ၆.၁ |
| ၅.၃.၂ | တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လက်ရှိရေပေးဝေခြင်း လုပ်ငန်းများကို စာရင်းပြုစုရန်၊ လက်ရှိဆောင်ရွက်နေသည့် စက်ရုံများကို | တိုးတက်ကောင်းမွန်သော ရေပေးဝေမှုဖြစ် စေရေးအတွက်ထိရောက် အကျိုးရှိပြီး အလွယ်တကူ | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ သယံဇာတ/ ပတ်ဝန်းကျင်၊ | မူဝါဒ ၉ | SDG ၆.၅၊ SDG ၆(ခ) |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ပြုပြင်မွမ်းမံခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းနှင့် ရေပေးဝေခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း အသစ်များ ဖွံ့ဖြိုးစေရေးအတွက် စီမံချက်များ ပြင်ဆင်ရေးဆွဲရန် | ရရှိနိုင်သည့်ဝန်ဆောင်မှုများထောက်ပံ့ပေးရေးအတွက်ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း | စိုက်/မွေး/ဆည်၊ ကျန်းမာရေး/ အားကစား၊ ဒေသတွင်းအစိုးရ အဖွဲ့များ၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရ အဖွဲ့များ | | |
| ၅.၃.၃ | လူတိုင်းအတွက်လုံခြုံစိတ်ချ ပြီး သန့်ရှင်းသော သောက်သုံးရေ ထောက်ပံ့ပေးခြင်းအပါ အဝင် မြို့နယ်နှင့် ကျေးလက်အဆင့် သန့်ရှင်းသောသောက်သုံးရေဖူလုံမှုရှိစေရေး စီမံကိန်းများ ရေးဆွဲရန် | တိုးတက်ကောင်းမွန်သော ရေပေးဝေမှုဖြစ် စေရေး အတွက်ထိရောက် အကျိုးရှိပြီး အလွယ်တကူ ရရှိနိုင်သည့်ဝန်ဆောင်မှုများထောက်ပံ့ပေးရေးအတွက်ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ ဒေသတွင်း အစိုးရ အဖွဲ့များ | မူဝါဒ ၉ | SDG ၆(ခ)၊ SDG ၆.၃ |
| ၅.၃.၄ | နိုင်ငံတကာ အဆင့်၊ ဒေသတွင်း အဆင့်နှင့်နယ်စပ်ဒေသ တစ်လျှောက်ရှိ ရေအသုံးချမှု ဆိုင်ရာကိစ္စရပ်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရန် | တိုးတက်ကောင်းမွန်သော ရေပေးဝေမှုဖြစ် စေရေး အတွက်ထိရောက် အကျိုးရှိပြီး အလွယ်တကူ ရရှိနိုင်သည့်ဝန်ဆောင်မှုများထောက်ပံ့ပေးရေးအတွက်ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည် | မူဝါဒ ၉ | SDG ၆.၅၊ SDG ၆(က) |
| ၅.၃.၅ | သောက်ရေနှင့် သုံးရေသုံးစွဲရာတွင် ဘေးကင်းလုံခြုံပြီး ဖူလုံမှုရှိစေမည့် အလေ့အကျင့်ကောင်းများကို ပြည်သူများ လိုက်နာဆောင်ရွက်မှု မြင့်မားလာစေရန် | တိုးတက်ကောင်းမွန်သော ရေပေးဝေမှုဖြစ်စေရေး အတွက်ထိရောက်အကျိုးရှိပြီးအလွယ်တကူ ရရှိနိုင်သည့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရေးအတွက် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပညာရေး၊ ဒေသတွင်း အစိုးရ အဖွဲ့များ | မူဝါဒ ၉ | SDG ၆.၁ |
| ၅.၃.၆ | စက်ရုံများ၊ စီးပွားရေး လုပ်ငန်းများ၊ အိမ်ထောင်စုများနှင့် အစိုးရအဖွဲ့အစည်းများသုံးစွဲရာ နေရာများတွင် ထိရောက်ပြီး သဘာဝပတ်ဝန်းကျင် လုံခြုံမှုရှိစေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကိုကျင့်သုံးနိုင်ရန်အတွက်အလေ့အကျင့်ကောင်းများ ဖော်ဆောင်ရန် | အိမ်သုံးအမှိုက်စွန့်ပစ်မှုကို လုံခြုံစိတ်ချစွာ စွန့်ပစ်စေခြင်းဖြင့် ကျန်းမာသော လူမှု အသိုက်အဝန်း ဖြစ်ပေါ်လာခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ကျန်းမာရေး/ အားကစား၊ ဒေသတွင်းအစိုးရ အဖွဲ့များ | မူဝါဒ ၉ | SDG ၆.၂ |
| ၅.၃.၇ | အိမ်ထောင်စုနှင့် ရပ်ရွာလူမှုအဖွဲ့ အစည်းအဆင့်များတွင် ကျန်းမာ | တစ်ကိုယ်ရေသန့်ရှင်းမှု ဆိုင်ရာ အလေ့အထများ | သယံဇာတ/ ပတ်ဝန်းကျင်၊ | မူဝါဒ ၉ | SDG ၆.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ရေးနှင့် ညီညွတ်သောတစ်ကိုယ် ရေသန့်ရှင်းမှုအလေ့အကျင့်ကောင်း များပေါ်ပေါက်စေရန်အတွက် သဘောတရားများနှင့်အသိပညာ များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် | ပြောင်းလဲလာစေခြင်းဖြင့် ကျန်းမာသောလူမှု အသိုက်အဝန်းဖြစ် ပေါ်လာခြင်း | အလုပ်သမား/လဝက၊ ကျန်းမာရေး/ အားကစား၊ ပညာရေး | | |

## မဟာဗျူဟာ ၅.၄ - သင့်လျော်သည့်စွမ်းအင်ပေါင်းစပ်ထုတ်လုပ်မှုဖြင့် တန်ဖိုးသင့်တင့်ပြီး၊ ယုံကြည်စိတ်ချရသည့် စွမ်းအင်ကို ပြည်သူလူထုနှင့် လုပ်ငန်းများသို့ ပေးရေး

စွမ်းအင်ရရှိနိုင်မှုသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍအသီးသီးတွင် သက်ရောက်မှု ရှိနေပါသည်။ လျှပ်စစ်စွမ်းအင်ရရှိနိုင်မှုသည် အိမ်ထောင်စုအဆင့်တွင် တစ်ဦးချင်း၏ အခွင့်အလမ်း များ ပိုမိုရရှိနိုင်မှု၊ ပုဂ္ဂလိကကဏ္ဍတွင် ပိုမိုထုတ်လုပ်နိုင်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့နှင့် တိုက်ရိုက် ချိတ်ဆက်မှုရှိနေပြီးဆန်းသစ်တီထွင်နိုင်သော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွက်လာစေရေးကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်သည် လွန်ခဲ့သည့် နှစ်များကတည်းက သိသိသာသာ တိုးမြင့်လာနေပါသည်။ စီးပွားရေးဖွံ့ဖြိုးမှု ဆက်လက် အားကောင်းနေခြင်း၊ ပုဂ္ဂလိကကဏ္ဍ စွမ်းအင်အသုံးပြုမှု အလျင်အမြန်တိုးမြင့်လာခြင်းနှင့် မြို့ပြ လူဦးရေတိုးပွားလာခြင်းတို့သည် မဝေးတော့သည့်အနာဂတ်တွင် လျှပ်စစ်လိုအပ်ချက် ဆက်လက် တိုးမြင့်လာသည်ကို ရည်ညွှန်းလျက်ရှိပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော အရင်းအမြစ်များအကြား ဘက်ညီမျှတစွာ ဂရုပြုစီမံခန့်ခွဲခြင်း သင့်လျော်သည့် စွမ်းအင်ထုတ်လုပ်မှု အတွဲအဖက်ရရှိရေးသည် မရှိမဖြစ် အရေးပါလာလိမ့်မည် ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဖြစ်သည့် နေ၊ လေနှင့် ဘူမိစွမ်းအင်တို့ ပေါကြွယ်ဝခြင်းကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးအကျိုးရလဒ်များ ပိုမိုမြန်ဆန်စွာ ရရှိစေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးကာ လျှပ်စစ်စွမ်းအင် ပိုမိုမြန်ဆန်စွာရရှိစေသည့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် တစ်ရှိန်ထိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်သုံးစွဲမှုပုံစံများ ဆန်းစစ်လေ့လာခြင်းနှင့် အနာဂတ်အလားအလာ ခန့်မှန်းခြင်းများဆောင်ရွက်ခြင်းနှင့်အတူ ရရှိနိုင်သော စွမ်းအင်အရင်းအမြစ်များကို သေချာ ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းတို့အပါအဝင် စွမ်းအင်ကဏ္ဍ၏ ဘေးကင်းလုံခြုံ၍ ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို စီမံခန့်ခွဲခြင်းဖြင့် ရေရှည်အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များကို ဦးစားပေး လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ အသစ်ရေးဆွဲထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမြောက် ဆန်းစစ်လေ့လာမှုသည် မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ဆိုင်ရာ စီမံကိန်းများ

ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်များကို ထောက်ပံ့ပေးမည် ဖြစ်ပါသည်။ ထို့အပြင် ဆန်းသစ်တီထွင်သော၊ ရေရှည်တည်တံ့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်သည့် နည်းပညာများ အသုံးပြုမှုကို အားပေးသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖန်တီးခြင်းကိုလည်း ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာအောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင်(၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်** | | | | | |
| **မဟာ ဗျူဟာ ၅.၄- သင့်လျော်သည့် စွမ်းအင်ပေါင်းစပ်ထုတ်လုပ်မှုဖြင့် တန်ဖိုးသင့်တင့်ပြီး၊ ယုံကြည်စိတ်ချရသည့် စွမ်းအင်ကို ပြည်သူလူထုနှင့် လုပ်ငန်းများသို့ပေးရေး** | | | | | |
| ၅.၄.၁ | ပင်မစွမ်းအင်လောင်စာပေါင်းစပ်ဖွဲ့စည်းမှုတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို အကောင်းမွန်ဆုံးအဆင့်ထိ ရရှိရန် | ရာသီဥတုဒဏ်ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု နည်းပါးသည့် သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ နည်းစနစ်များ မြှင့်တင်ခြင်း | လျှပ်စစ်/ စွမ်းအင်၊ စက်မှု၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ စီး/ကူး | မူဝါဒ ၄ | SDG ၇.၂ |
| ၅.၄.၂ | ဒေသခံပြည်သူများ၏ သဘောတူညီမှုနှင့် ပူးပေါင်းပါဝင်မှုဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များဖြစ်သော လေစွမ်းအင်၊ ဆိုလာ၊ ရေအား၊ ဘူမိစွမ်းအင်နှင့် ဇီဝစွမ်းအင် အသုံးပြုမှုများကို အဆင့်မြှင့်တင်ရန် | ရာသီဥတုဒဏ်ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု နည်းပါးသည့် သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ နည်းစနစ်များ မြှင့်တင်ခြင်း | လျှပ်စစ်/ စွမ်းအင်၊ စက်မှု၊ စီမံ/ဘဏ္ဍာ၊ စိုက်/မွေး/ဆည်၊ စီး/ကူး | မူဝါဒ ၄ | SDG ၇.၂ |
| ၅.၄.၃ | ကုန်ကျစရိတ်အနည်းဆုံး ထုတ်လုပ်မှုတိုးချဲ့ခြင်း၊ ကဏ္ဍ၏ ဘဏ္ဍာရငွေများအား ပြန်လည် အသုံးပြုနိုင်မှု အလားအလာများအရ ကျခံအသုံးပြုခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဒေသခံတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ အနည်းဆုံးဖြစ်စေခြင်းတို့ကို ဦးစားပေး၍ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စွမ်းအင်ဖွံ့ဖြိုးရေးဘက်စုံစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် | လက်ရှိတွင် လျှပ်စစ်မီး မရရှိသေးသည့် ဝေးလံခေါင်သီသောအရပ်ဒေသများမှ ဒေသခံ ပြည်သူများ အပါအဝင် အလွှာအသီးသီးမှ သုံးစွဲသူအားလုံး စရိတ်တတ်နိုင်သည့် စိတ်ချရသော လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးခြင်း | လျှပ်စစ်/ စွမ်းအင်၊ သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စက်မှု ၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ ပို့/ ဆက် | မူဝါဒ ၄ | SDG ၇.၂ |

| ရည်ညွှန်းနံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၅.၄.၄ | စွမ်းအင်ထုတ်လုပ် ဖြန့်ဝေခြင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်မှု ပိုမိုတိုးတက်လာစေမည့် မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကောင်းမွန်သော အုပ်ချုပ်မှု လုပ်ငန်းစဉ်များကို ထောက်ပံ့ပေးရန် | လက်ရှိတွင် လျှပ်စစ်မီး မရရှိသေးသော ဝေးလံခေါင်သီသော ဒေသခံပြည်သူများ အပါအဝင် အလွှာအသီးသီးမှ သုံးစွဲသူအားလုံး စရိတ်တတ်နိုင်သည့် စိတ်ချရသော လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးခြင်း | လျှပ်စစ်/စွမ်းအင်၊ | မူဝါဒ ၄ | SDG ၇.၂ |
| ၅.၄.၅ | စက်ရုံများ၊ စီးပွားရေး လုပ်ငန်းများ၊ အိမ်ထောင်စုများနှင့် ပြည်သူပိုင်နေရာများတွင် ထိရောက်ပြီးအလေအလွင့်နည်းသည့်စွမ်းအင်ထုတ်လုပ် ဖြန့်ဖြူးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် | ရာသီဥတု ဒဏ်ခံနိုင်ပြီး ကာဗွန် ထုတ်လွှတ်မှု နည်းပါးသည့် သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ နည်းစနစ်များ မြှင့်တင်ခြင်း | စီမံ/ဘဏ္ဍာ၊ ပညာရေး၊ ဆောက်လုပ်ရေး စီးပွား/ကူးသန်း လျှပ်စစ်/စွမ်းအင်၊ သယံဇာတ/ ပတ်ဝန်းကျင် | မူဝါဒ ၃၊ ၄ | SDG ၇.၃ |
| ၅.၄.၆ | ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စွမ်းအင်ကိစ္စရပ်များတွင် နယ်စပ်ဖြတ်ကျော်၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်ရန် | လက်ရှိတွင် လျှပ်စစ်မီး မရရှိသေးသော ဝေးလံခေါင်သီသော ဒေသခံပြည်သူများ အပါအဝင် အလွှာအသီးသီးမှသုံးစွဲသူအားလုံးစရိတ်တတ်နိုင်သည့် စိတ်ချရသော လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/ စွမ်းအင်၊ စီမံ/ဘဏ္ဍာ၊ နိုင်ငံခြားရေး | မူဝါဒ ၄၊ ၇ | SDG ၇(က) |
| ၅.၄.၇ | စွမ်းအင်ထုတ်လုပ်သူနှင့် သုံးစွဲသူတို့အကြား လိုအပ်ချက်များ ဘက်ညီမျှတမှုရှိသော သင့်လျော်သည့် စွမ်းအင်ထုတ်ကုန်ဈေးနှုန်း သတ်မှတ်ရေးအတွက် (ထောက်ပံ့မှုများ သင့်လျော်စွာ အသုံးပြုမှု အပါအဝင်) မူဝါဒများ ရေးဆွဲရန် | လက်ရှိတွင် လျှပ်စစ်မီး မရရှိသေးသော ဝေးလံခေါင်သီသော ဒေသခံပြည်သူများ အပါအဝင် အလွှာအသီးသီးမှသုံးစွဲသူအားလုံးစရိတ်တတ်နိုင်သည့် စိတ်ချရသော လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးခြင်း | လျှပ်စစ်/ စွမ်းအင်၊ စက်မှု၊ သယံဇာတ/ ပတ်ဝန်းကျင်၊ စိုက်/မွေး/ဆည်၊ အလုပ်သမား/ လဝက၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၄ | SDG ၇.၃ |
| ၅.၄.၈ | ကျေးလက်ပြည်သူများနှင့် ထိခိုက်လွယ်သောအုပ်စုများ အတွက် ရေရှည်တည်တံ့ပြီး တန်ဖိုးသင့်တင့်သည့် စွမ်းအင်များ လက်လှမ်းမီနိုင်ရန် | လက်ရှိတွင် လျှပ်စစ်မီး မရရှိသေးသော ဝေးလံခေါင်သီသော ဒေသခံပြည်သူများ အပါအဝင် အလွှာအသီးသီးမှသုံးစွဲသူအားလုံးစရိတ်တတ်နိုင်သည့် စိတ်ချရသော လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးခြင်း | လျှပ်စစ်/ စွမ်းအင်၊ စိုက်/မွေး/ဆည်၊ | မူဝါဒ ၄ | SDG ၇.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၅.၄.၉ | နိုင်ငံပိုင် စွမ်းအင် ထောက်ပံ့ရေး လုပ်ငန်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေး အပါအဝင် စွမ်းအင် ထုတ်လုပ်ဖြန့်ဖြူးမှုတွင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုပါဝင်နိုင်ရန် အားပေးသော ဝန်းကျင်ကောင်း တစ်ရပ် ဖန်တီးရန် | SOE များအနေဖြင့် လွတ်လပ်မှု၊ ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံ မှုတို့နှင့်အတူ စီးပွား ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် အညီ ဆောင်ရွက်ခြင်း | လျှပ်စစ်/ စွမ်းအင်၊စီး/ကူး၊ ကုန်သည်များ နှင့် စက်မှု လက်မှုလုပ်ငန်း ရှင်များအသင်း ချုပ်၊စီမံ/ဘဏ္ဍာ | မူဝါဒ ၂၊ ၄ | SDG ၇.၂ |

## မဟာဗျူဟာ ၅.၅ - သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံး ရရှိခံစားရစေရေးအတွက် မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတအခြေပြု လုပ်ငန်းများ၏ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး

ထိရောက်သော မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတအခြေပြု လုပ်ငန်းများအတွက် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ရေရှည်တည်တံ့စေရေးအတွက် အရေးပါသည့်အချက် ဖြစ်ပါသည်။ မြန်ဆန်သော စီးပွားရေးဖွံ့ဖြိုးမှုနှင့် သက်ဆိုင်ရာစီးပွားရေးမူဝါဒ အပြောင်းအလဲများသည် ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတအရင်းအမြစ်များ အသုံးပြုမှုတို့အတွက် ကြီးမားသော သက်ရောက်မှုရှိခဲ့ပါသည်။ ယခင်က လွဲမှားသော စီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် သဘာဝသယံဇာတများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျရခြင်းကို တစ်စိတ်တစ်ပိုင်းကုစားပေးခြင်းထက် ယင်းသို့ဖြစ်ပွားစေသော အကြောင်းတရားတစ်ခုသာ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ဆယ်စုနှစ်များစွာ သဘာဝသယံဇာတများ အလွန်အကျွံအသုံးပြုမှုနှင့် လွဲမှားသော စီမံခန့်ခွဲမှုတို့ကြောင့် မရှိမဖြစ်အရေးပါသော ဂေဟစနစ်များ၏ အရည်အသွေးကို မြန်ဆန်စွာ ကျဆင်းစေခဲ့ပါသည်။ အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံသည် မိမိတို့၏ သစ်တောများ၊ မြစ်ချောင်းများ၊ ဒီရေတောများ၊ တောင်တန်းဒေသများ၊ အင်းအိုင်များနှင့် ကမ်းရိုးတန်းဒေသများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်းတို့အပြင် သဘာဝသယံဇာတများကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲရန်အတွက် အဆင့်အားလုံးတွင် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်စေခြင်းများ အပါအဝင် ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှု ဆိုင်ရာကာလရှည် မူဝါဒများကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်။ မိမိတို့၏ သယံဇာတ ကြွယ်ဝမှုပမာဏကို ကိန်းဂဏန်းအချက်အလက် ပြုစုခြင်းသည် ထိခိုက်ခံရသော ဒေသခံလူထုနှင့် ဆက်လက်စေ့စပ်ညှိနှိုင်းမှုများ ပါဝင်သော ပိုမို ပွင့်လင်းမြင်သာမှုရှိပြီး အကျိုးထိရောက်မှုရှိသည့် စီမံခန့်ခွဲမှုစနစ်ဆီသို့ ချီတက်နိုင်မည့် အရေးပါသောခြေလှမ်းပင် ဖြစ်ပါသည်။ ကဏ္ဍဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် မူဝါဒများတွင် စီးပွားရေး

အဆောက်အအုံနှင့် ပြည်သူများကို အထောက်အပံ့ဖြစ်စေခြင်းနှင့် သဘာဝအရင်းအနှီးတန်ဖိုးများ ထည့်သွင်းစဉ်းစားခြင်းသည် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု တိုးမြှင့်စေရေးအတွက် မရှိမဖြစ် အရေးပါပါသည်။ ဤမဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| **မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ** | | | | | |
| **ပန်းတိုင် (၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်** | | | | | |
| **မဟာဗျူဟာ ၅.၅- သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံး ရရှိခံစားရစေရေးအတွက် မြေယာ စီမံခန့်ခွဲမှုနှင့် သယံဇာတအခြေပြုလုပ်ငန်းများ၏ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး** | | | | | |
| ၅.၅.၁ | သင့်လျော်သော ထိန်းကျောင်းမှုစနစ်များ၏ ပံ့ပိုးမှုဖြင့် သဘာဝသယံဇာတများအား ရေရှည်တည်တံ့အောင် စီမံခန့်ခွဲမှု၊ ထုတ်ယူမှုနှင့် ကုန်သွယ်မှုတို့အတွက် ဘက်စုံပါဝင်ပြီး ရှင်းလင်းညီညွတ်သည့်စည်းမျဉ်းထိန်းချုပ်မှုမူဘောင်ဖော်ထုတ်ရန် | မြေယာစီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေခြင်း | စီမံ/ဘဏ္ဍာ၊ သယံဇာတ/ ပတ်ဝန်းကျင်၊ ပြည်ထဲရေး | မူဝါဒ ၁ | SDG ၁၂.၂ |
| ၅.၅.၂ | နိုင်ငံ၏ရေရှည်အကျိုး ကျေးဇူးအတွက် သယံဇာတထုတ်ယူသော လုပ်ငန်းများမှ ရရှိသည့် ရငွေများကို ပိုမို ထိရောက်ပြီး ပွင့်လင်း မြင်သာစွာ စီမံ ခန့်ခွဲနိုင်မည့် ဆန်းသစ် တီထွင်သောစနစ်သစ်ကို အသုံးပြုရန် | သဘာဝသယံဇာတဆိုင်ရာ ရငွေများကို ပွင့်လင်းမြင်သာစွာ သတိရှိရှိ စီမံခန့်ခွဲမှု ရှိစေခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ် | မူဝါဒ ၁ | SDG ၁၂.၂ |
| ၅.၅.၃ | ပြည်သူများ၏ လူမှုဘဝနှင့် အစိုးရ၏ အခွန်ဘဏ္ဍာများ အပေါ် ကောင်းမွန်သော အထောက်အပံ့ ရရှိစေပြီးရေရှည်တည်တံ့၍ အကျိုးအမြတ်ရှိစေရန် တွင်းထွက်သတ္တုကဏ္ဍ၏ လုပ်ငန်းသဘာဝကို ပြုပြင်ပြောင်းလဲခြင်း | သဘာဝသယံဇာတဆိုင်ရာ ရငွေများကို ပွင့်လင်းမြင်သာစွာ သတိရှိရှိ စီမံခန့်ခွဲမှု ရှိစေခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၂.၂ |
| ၅.၅.၄ | EITI အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံများအတွက် သတ်မှတ်ထားသော လိုအပ်ချက်များ ပြည့်မီစေရန် လိုအပ်သော ကိစ္စရပ်များကို အရှိန်မြှင့်တင် ဆောင်ရွက်ရန် | သဘာဝသယံဇာတဆိုင်ရာ အခွန်ငွေများကိုပွင့်လင်းမြင်သာစွာ သတိရှိရှိ စီမံခန့်ခွဲမှု ရှိစေခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၁ | SDG ၁၂.၂ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၅.၅.၅ | သဘာဝသယံဇာတ အခြေပြု လုပ်ငန်းများ၏ ပတ်ဝန်းကျင် ဆိုင်ရာ လုံခြုံစိတ်ချရမှုနှင့် စည်းမျဉ်း ထိန်းချုပ်မှုကိုခိုင်မာ အားကောင်းရန် | ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပတ်ဝန်းကျင်နှင့်လူမှု ဘဝဆိုင်ရာ ထည့်သွင်း စဉ်းစားမှုများ ပါဝင် လာခြင်း | သယံဇာတ/ ပတ်ဝန်းကျင်၊ စီမံ/ဘဏ္ဍာ၊ စက်မှု၊ စိုက်/မွေး/ဆည် | မူဝါဒ ၁ | SDG ၁၂.၂ |

## မဟာဗျူဟာ ၅.၆- မြို့ကြီးများ၊ မြို့ငယ်များ၊ သမိုင်းဝင်နေရာနှင့်ယဉ်ကျေးမှုဒေသ များအား ထိရောက်စွာနှင့် ရေရှည်တည်တံ့စွာ စီမံခန့်ခွဲရေး

မြန်မာနိုင်ငံ၏ မြို့ကြီးများနှင့် မြို့ငယ်များသည် မိမိတို့နိုင်ငံ၏ ပေါကြွယ်လှပြီး အရောင် အသွေး စုံလင်လှသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် သမိုင်းဝင်အမွေအနှစ်များအား ရုပ်ပိုင်းဆိုင်ရာ ဖော်ညွှန်းပြသမှုများပင်ဖြစ်ပါသည်။ အဆိုပါမြို့များနှင့် အနီးပတ်ဝန်းကျင်တို့တွင် နေထိုင်ကြသူများ နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်၍ ထိရောက်စွာနှင့် စဉ်ဆက်မပြတ် စီမံထိန်းသိမ်းကြရမည် ဖြစ်ပါသည်။ မြို့ပြဖွံ့ဖြိုးမှုနှင့် ဝန်ဆောင်မှုအသစ်များအတွက် အခွင့်အလမ်းများ ဖန်တီးနေစဉ်တွင် မြို့ပြလူဦးရေ တိုးပွားလာခြင်း၊ ခရီးသွားကဏ္ဍ လျင်လျင်မြန်မြန် ကျယ်ပြန့်လာခြင်းနှင့် ပုဂ္ဂလိက ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာခြင်းတို့သည် ရှိရင်းစွဲ မြို့ပြ အခြေခံအဆောက်အအုံများအပေါ် ဖိအားများ ဖြစ်စေပါသည်။ မြို့ပြလူဦးရေ တိုးပွားလာခြင်းမှ ထွက်ပေါ်လာသည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြေရှင်းနိုင်မည့် မဟာဗျူဟာများနှင့် စီမံကိန်းများသည် မတည်ငြိမ် သည့် အဆင့်သို့ ရောက်ရှိသွားစေမည့် ဟန်ချက်မညီမှုများကို ကာကွယ်ရန်အတွက် အရေးပါပါသည်။ ဤမဟာဗျူဟာ အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်-

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| မဏ္ဍိုင် (၃) ပြည်သူများနှင့် ကမ္ဘာမြေ | | | | | |
| ပန်းတိုင် (၅) နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | | | | | |
| မဟာဗျူဟာ ၅.၆ - မြို့ကြီးများ၊ မြို့ငယ်များ၊ သမိုင်းဝင်နေရာနှင့် ယဉ်ကျေးမှုဒေသများအား ထိရောက်စွာနှင့် ရေရှည်တည်တံ့စွာ စီမံခန့်ခွဲရေး | | | | | |
| ၅.၆.၁ | လူငယ်ရေးရာနှင့် ကျား/မရေးရာ ကိစ္စများ အလေးထားသည့် မြို့ပြ မြေယာ စီမံခန့်ခွဲမှုများ အပါအဝင် မြို့ပြစီမံ အုပ်ချုပ်မှု နှင့် ၎င်းတို့ နှင့် သက်ဆိုင်သော မူဝါဒ၊ မူဘောင်များအားကောင်း ခိုင်မာရန် | မြေယာစီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန် စေခြင်း | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ | မူဝါဒ ၄၊ ၉ | SDG ၁၁.၃ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၅.၆.၂ | ရာသီဥတု ပြောင်းလဲမှု၊ သဘာဝ ဘေးအန္တရာယ်တို့မှ ကာကွယ် နိုင်ရန် မြို့ပြ အခြေခံ အဆောက် အအုံနှင့် ဝန်ဆောင်မှုများ၏ ဒဏ်ခံနိုင်မှုကို တိုးမြှင့်ရန် | ရာသီဥတု ဒဏ်ခံနိုင်ပြီး ကာဗွန် ထုတ်လွှတ်မှု နည်းပါးသည့် သယ်ယူ ပို့ဆောင်ရေးနှင့်စက်မှု ဆိုင်ရာ နည်းစနစ်များ မြှင့်တင်ခြင်း | ပြည်ထဲရေး၊ စီမံ/ဘဏ္ဍာ၊ ပို့/ ဆက်၊ ဆောက်လုပ်ရေး၊ သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင် | မူဝါဒ ၄၊ ၉ | SDG ၁၁.၅ |
| ၅.၆.၃ | ကာဗွန် ထုတ်လွှတ်မှု လျှော့ချ ခြင်းနှင့် စွမ်းအင် သုံးစွဲမှုလျှော့ချ ၍ စရိတ်သက်သာစေခြင်းတို့ကို အဓိကထား၍ သဘာဝဘေး အန္တရာယ်များနှင့် လူသားတို့ ကြောင့်ဖြစ် ပေါ်လာသည့် အန္တရာယ်များကို ဒဏ်ခံနိုင် စေရန်အတွက် အဆောက်အအုံ များကို ဒီဇိုင်းရေးဆွဲရန် သို့မဟုတ် ပြန်လည်စစ်ဆေး မွမ်းမံရန် | ရာသီဥတု ဒဏ်ခံနိုင် ပြီး ကာဗွန် ထုတ်လွှတ်မှု နည်းပါးသည့် သယ်ယူ ပို့ဆောင်ရေးနှင့် စက်မှု ဆိုင်ရာ နည်းစနစ်များ မြှင့်တင်ခြင်း | ပြည်ထဲရေး၊ ပို့/ ဆက်၊ စီး/ကူး၊ သယံဇာတ/ ပတ်ဝန်းကျင်၊ လျှပ်စစ်/စွမ်းအင် | မူဝါဒ ၄၊ ၉ | SDG ၁၁(ဂ) |
| ၅.၆.၄ | ရေစီမံခန့်ခွဲမှု(သိုလှောင်မှုနှင့် ရေပိုက်လိုင်းစနစ်)နှင့် အများပိုင် နေရာများ (သင်ယူရေး စင်တာ များ/ စာကြည့်တိုက်များ၊ ပန်းခြံ များ၊ ကစားကွင်းများ နှင့် သစ်ပင်ပန်းမန်စိုက်ပျိုးထားရှိ သည့်နေရာများ) တိုးချဲ့ခြင်း ကဲ့သို့သော လူနေမှု အဆင့် အတန်း အတွက်ထည့်သွင်း စဉ်းစားမှုများကို မြို့ပြ စီမံကိန်းဖော်ဆောင်မှု မူဘောင်များနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများတွင် အပြည့်အဝ ထည့်သွင်းဆောင်ရွက်ရန် | ယဉ်ကျေးမှု အမွေအနှစ် များ ထိန်းသိမ်းခြင်း၊ ပြည်သူ့ရေးရာဝန်ဆောင် မှု တိုးမြှင့်ခြင်း၊ ပြည်သူ ပိုင်နေရာများ ပိုမို များပြားသည့်မြို့ပြဝန်း ကျင်ဖြစ်ပေါ်လာခြင်း | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ | မူဝါဒ (၉) | SDG ၁၁.၇ |
| ၅.၆.၅ | လုံခြုံစိတ်ချ၍ သက်တောင့် သက်သာရှိပြီး ပြည်သူအားလုံး အသုံးပြုနိုင်သည့် ကျောင်းကြို/ပို့စနစ် အပါအဝင် ရေရှည်တည်တံ့သော အများပြည်သူသွားလာရေး စနစ် ဖြစ်ပေါ်လာရန် | e-government စနစ် စတင် မိတ်ဆက်ခြင်း နှင့် ဦးစားပေး အခြေခံ အဆောက်အအုံများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်စေခြင်း | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ၊ ပို့/ ဆက်၊ ဆောက်လုပ်ရေး | မူဝါဒ ၄၊ ၉ | SDG ၁၁.၂ |
| ၅.၆.၆ | စွန့်ပစ်ပစ္စည်းကို လျှော့ချသည့် အလေ့အထနှင့် ပြန်လည်အသုံး ချခြင်းတို့ကို ပြည်သူများအား အသိပညာပေးခြင်းနှင့်အတူ | ယဉ်ကျေးမှုအမွေအနှစ် များ ထိန်းသိမ်းခြင်း၊ ပြည်သူ့ရေးရာဝန်ဆောင် မှု တိုးမြှင့်ခြင်း၊ ပြည်သူ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ၊ ပို့/ ဆက်၊ ဆောက်လုပ်ရေး | မူဝါဒ ၄၊ ၉ | SDG ၁၁.၆ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | စွန့်ပစ်အမှိုက်များကို လိုက်လံသိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲခြင်း နည်းစနစ်များ အပါအဝင် ထိရောက်သော မြူနီစီပယ် ဝန်ဆောင်မှု လုပ်ငန်းများအားထောက်ပံ့ပေးရန် | ပိုင်နေရာများပိုမိုများပြားသည့် မြို့ပြဝန်းကျင် ဖြစ်ပေါ်လာခြင်း | စီမံ/ဘဏ္ဍာ၊ | | |
| ၅.၆.၇ | ပျံကျရပ်ကွက်များအားအဆင့်မြှင့်တင်ပေးခြင်းနှင့် ကျူးကျော်နေထိုင်သူများအား ပြန်လည်နေရာချထားပေးခြင်းများ အပါအဝင်ပြည်သူများတတ်နိုင်သည့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် ထိခိုက်လွယ်သောအုပ်စုများ အတွက် အိမ်ရာများနှင့် တန်ဖိုးနည်း အိမ်ရာများ အပါအဝင် အမျိုးသားအဆင့် အိမ်ရာ မဟာဗျူဟာကို ရေးဆွဲပြီး ထိရောက်စွာအကောင်အထည်ဖော်ရန် | ပြည်သူ့ ရေးရာ ဝန်ဆောင်မှု ပိုမိုထိရောက်လာခြင်း | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ဆောက်လုပ်ရေး၊ စီမံ/ဘဏ္ဍာ | မူဝါဒ ၄၊ ၉ | SDG ၁၁.၁ |
| ၅.၆.၈ | ပြည်သူများ၏လူမှု ယဉ်ကျေးမှုဘဝနှင့် စီးပွားရေး ဖွံ့ဖြိုးမှုများကို အထောက်အကူပြုနိုင်သည့် ခရီးသွားကဏ္ဍအား ရေရှည်တည်တံ့အောင်တိုးချဲ့ဆောင်ရွက်ခြင်းကို အလေးပေးထားသည့် ဘက်စုံ ပါဝင်သော ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ရန် | အားလုံးအကျုံးဝင်သော တိုးတက်မှုဖြစ်လာစေရန် ရေရှည်တည်တံ့သော ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုအတွက် ခိုင်မာအားကောင်းသည့် ပတ်ဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာခြင်း | ဟိုတယ်/ခရီး | မူဝါဒ ၆ | SDG ၈၊ ၉ |
| ၅.၆.၉ | မြို့ပြအိမ်ထောင်စုများ၏ မြေယာအခွင့်အရေးနှင့် ပိုင်ဆိုင်မှု၊ ပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးများ၊ လိုက်နာ ရမည့်ပြဋ္ဌာန်းချက်များအားကောင်းခိုင်မာစေရန် | အားလုံးအကျုံးဝင်သော တိုးတက်မှု ဖြစ်လာစေရန် ရေရှည်တည်တံ့သော ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုအတွက် ခိုင်မာ အားကောင်းသည့် ပတ်ဝန်းကျင် တစ်ရပ်ဖြစ်ပေါ်လာခြင်း | | | |
| ၅.၆.၁၀ | ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့်၎င်းတို့နှင့် သက်ဆိုင်သော တန်ဖိုးမြင့် ဝန်ဆောင်မှု လုပ်ငန်းများကဲ့သို့သော တီထွင်ဖန်တီးမှုနှင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ လုပ်ငန်းများကို | အားလုံးအကျုံးဝင်သော တိုးတက်မှုဖြစ်လာစေရန် ရေရှည်တည်တံ့သော ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု အတွက် ခိုင်မာ အားကောင်းသည့် ပတ်ဝန်းကျင် | ဟိုတယ်/ခရီး | မူဝါဒ ၆ | SDG ၈.၉ |

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီးပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| | ဖော်ဆောင်၍ ကာကွယ်ပေးရန် | တစ်ရပ် ဖြစ်ပေါ်လာ ခြင်း | | | |

# အကောင်အထည်ဖော်ဆောင်မှုတွင် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဦးစားပေး သတ်မှတ်ခြင်းနှင့် အရင်းအမြစ်စုစည်းခြင်း

MSDP သည် မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးကို ဆက်စပ်လွှမ်းခြုံထားသည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ မူလရှိပြီးဖြစ်သော မဟာဗျူဟာစာတမ်းများ၊ ပင်မစီမံကိန်းများ၊ မူဘောင်များနှင့် အကြောင်းအရာအလိုက် စီမံချက်များစွာတို့အပေါ် အခြေခံ၍ MSDP ကို ရေးဆွဲထားခြင်းဖြစ်ပြီး၊ ကဏ္ဍအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ များစွာသော ဖွံ့ဖြိုးမှုဆောင်ရွက်ချက်များကို ဦးစားပေးသတ်မှတ်ခြင်း၊ ရှေ့နောက်အစီအစဉ် သတ်မှတ်ခြင်းနှင့် ကဏ္ဍအသီးသီး၏ပဏာမ အကောင်အထည်ဖော်ခြင်းတို့အား ကူညီပေးနိုင်ရန်နှင့် ဆောင်ရွက်ချက်များအချင်းချင်း ပိုမိုလိုက်လျောညီထွေဖြစ်စေရန် ပံ့ပိုးပေးနိုင်မည့် အသေးစိတ် မဟာဗျူဟာစီမံကိန်း ပုံစံတစ်ရပ်လည်း ဖြစ်ပါသည်။

MSDP အကောင်အထည်ဖော်ဆောင်မှုကို ပေါင်းစပ်ညှိနှိုင်းပေးရန် နိုင်ငံတော်အဆင့် ဖွဲ့စည်းမှု တစ်ရပ်သတ်မှတ်ပြီး စီမံအုပ်ချုပ်မှုအပိုင်းမှ သင့်လျော်သလို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများအကြား၌လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်ကြသူများ၊ ပြည်တွင်းရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ အဓိကလုပ်ဆောင်နေကြသူများနှင့်လည်းကောင်း နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်မာ အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှု၊ ဝိုင်းဝန်းလက်တွဲလုပ်ဆောင်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ လည်း လိုအပ်ပါသည်။

## MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် MSDP အကောင်အထည် ဖော်ဆောင်မှုကို ကြီးကြပ်ရန် တာဝန်ယူသည့် ဗဟိုဌာနအဖြစ် ထမ်းဆောင်မည်ဖြစ်ပြီး ဝန်ကြီးဌာနတွင် MSDP အကောင်အထည်ဖော်ရေးအဖွဲ့ရုံး တည်ရှိမည်ဖြစ်ပါသည်။ ၎င်းအဖွဲ့သည် အထွေထွေညွှန်ကြားချက်၊ မဟာဗျူဟာဆုံးဖြတ်ချက်များအား အတည်ပြုခြင်းနှင့် MSDP အကောင်အထည်ဖော်နေစဉ် ကာလအတွင်း ပေါ်ထွက်လာသော မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းခြင်းတို့ကို အထောက်အပံ့ပြုရန် တာဝန်ရှိသည်။

MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့တွင် အဓိကအရေးပါသော အဖွဲ့အစည်းများ ဖြစ်သည့် နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC)နှင့် ဖွံ့ဖြိုးမှုအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (DACU)နှင့် ၎င်းတို့၏ သက်ဆိုင်ရာအတွင်းရေးမှူးရုံးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနတို့ပါဝင်ပြီး၊ ၎င်းတို့အသီးသီး၏ သတ်မှတ်ထားသည့် တာဝန်များ၊ ကျွမ်းကျင်မှု နယ်ပယ်များဖြင့် ညီညွတ်ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

MSDP အကောင်အထည် ဖော်ဆောင်ရေးအဖွဲ့သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှတစ်ဆင့် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌသို့ အစီရင်ခံတင်ပြမည် ဖြစ်ပါသည်။

ဤအဖွဲ့သည် တတ်နိုင်သမျှ တည်ရှိထားပြီးသော ဖွဲ့စည်းမှုများဖြင့်သာ လုပ်ဆောင်မည် ဖြစ်ပြီး လိုအပ်သည့်နေရာများတွင် အကောင်အထည်ဖော်မှုအတွက် ဖွဲ့စည်းမှုအသစ်များ၊ ပေါင်းစပ်ညှိနှိုင်းမှု မူဘောင်အသစ်များနှင့်စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် စနစ်သစ်များ ချမှတ်လုပ်ဆောင်ရာ၌ ကြီးကြပ်သွားမည် ဖြစ်ပါသည်။

## MSDP အတွက် ဘဏ္ဍာငွေအထောက်အပံ့

MSDP ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်ပြီး ပြည့်စုံသောဘဏ္ဍာငွေပံ့ပိုးမှု မဟာဗျူဟာတစ်ရပ် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရသည် MSDP အကောင်အထည်ဖော်မှုကို ဘဏ္ဍာငွေထောက်ပံ့ရေးအတွက် ရယူနိုင်မည့် ဖွံ့ဖြိုးမှုဘဏ္ဍာငွေဖစ်မြစ်များကို သတ်မှတ်ထားပါ သည်။

- ပြည်တွင်းပြည်သူ့ ဘဏ္ဍာငွေ
- ပြည်တွင်း ပုဂ္ဂလိက ဘဏ္ဍာငွေ
- အပြည်ပြည်ဆိုင်ရာ ပြည်သူ့ဘဏ္ဍာငွေ နှင့်
- အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိက ဘဏ္ဍာငွေ

ပထမဦးစားပေးအနေနှင့် MSDP အကောင်အထည်ဖော်ရေးအဖွဲ့သည် ဘဏ္ဍာငွေရင်းမြစ်အမျိုးမျိုး၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်အမျိုးမျိုးတို့ကို ချိတ်ဆက်ရာတွင် ကြုံတွေ့ရမည့် အားနည်းချက်၊ အားသာချက်၊ အခက်အခဲနှင့် အခွင့်အလမ်းများကို အကဲဖြတ်သုံးသပ်ပြီး ပိုမိုပြည့်စုံသော MSDP အကောင်အထည်ဖော်ဆောင်ရေးအတွက် ဘဏ္ဍာငွေထောက်ပံ့မှုမဟာဗျူဟာ တစ်ခုကို ရေးဆွဲမည် ဖြစ်ပါသည်။

ဒုတိယဦးစားပေးအဖြစ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် MSDP ၊ DACU နှင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) တို့မှ လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတကာ ပြည်သူ့ဘဏ္ဍာငွေများကို သင့်လျော်သည့် ဦးစားပေးကဏ္ဍနှင့် စီမံကိန်းများအတွက် ရယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤလုပ်ငန်းများကို ဆောင်ရွက်ရာတွင် MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**စီမံကိန်းဘဏ်** (Project Bank) **/ ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်** (Public Investment Program – PIP)

စီမံကိန်းများကို အကောင်အထည်ဖော်မှုတွင် အများပြည်သူတို့၏ ဘဝနှင့် အနာဂတ်မျှော်မှန်းချက်များအပေါ် တရားမျှတမှု၊ ညီမျှမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ယှဉ်ပြိုင်မှု၊ စွမ်းရည် မြင့်မား

မှုနှင့် တာဝန်ခံမှုရှိသည့် လုပ်ဆောင်မှုပုံစံဖြင့် ပြောင်းလဲပစ်နိုင်သည့် သက်ရောက်မှုမျိုး ရရှိစေရန် လိုအပ်သည်ကို သိရှိသည့်အလျောက်၊ MSDP အကောင်အထည်ဖော်ရေးအဖွဲ့သည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (Project Bank) ကို ပြုစုရာတွင် ကြီးကြပ်ကွပ်ကဲသွားမည် ဖြစ်ပါသည်။

Project Bank တွင် MSDP ၌ ဖော်ပြထားသည့် လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ပါဝင်မည်ဖြစ်ပါသည်။

ကြိုတင်သတ်မှတ်ထားသည့် စံများ၊ မှတ်ကျောက်များနှင့် ကိုက်ညီသော အရင်းအနှီးကြီးမားသည့်စီမံကိန်းများကို ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထည့်သွင်းသွားမည်ဖြစ်ပါသည်။

MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် စီမံကိန်းသတ်မှတ်ခြင်းနှင့်ရွေးချယ်ခြင်းအတွက် ယေဘုယျဘောင်တစ်ရပ်ဖြင့် ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ပွင့်လင်းမြင်သာသည့် စည်းမျဉ်းစည်းကမ်းနှင့် လမ်းညွှန်မှုများနှင့်အညီ ရေးဆွဲချမှတ်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ရန် အသင့်လျော်ဆုံးဖြစ်သည့် ဘဏ္ဍာငွေ ရင်းမြစ်ကို သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်နှင့် စံများကိုချမှတ်ပေးပြီး၊ ယင်းဘဏ္ဍာငွေ ရင်းမြစ်နှင့် ချိတ်ဆက် လုပ်ဆောင်နိုင်ရေးအတွက် MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့မှ ကူညီဆောင်ရွက်သွားမည် ဖြစ်ပါသည်။

MSDP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် ပုဂ္ဂလိကကဏ္ဍ၏အခန်းကဏ္ဍကို အားပေးပြီး အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိက ငွေကြေးအရင်းအနှီးများ ပိုမိုပါဝင်လာစေရန် ဆွဲဆောင်နိုင်သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းများ (PPP) အတွက်လည်း ကူညီ၍ လမ်းညွှန်မှု ပေးသွားမည် ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့သည် အစိုးရဌာန၊ အဖွဲ့အစည်းများကို အမြဲတစေ ကူညီပံ့ပိုးသွားမည် ဖြစ်ပါသည်။ ဌာန၊ အဖွဲ့အစည်းများအနေနှင့်လည်း ၎င်းတို့ဆောင်ရွက်ရန် အစီအစဉ်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လိုအပ်သည့်အကူအညီ၊အတည်ပြုချက်၊ ဘဏ္ဍာငွေ၊ မိတ်ဖက်စသည်တို့ကို ရယူနိုင်ရေးတွင် ကမကထပြု၍ တက်ကြွစွာ လုပ်ဆောင်သွားကြရန် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က တိုက်တွန်းပါသည်။

# စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံးနှင့် အကောင်အထည်ဖော်ပြီး နောက်ပိုင်းကာလ အထိ စီမံကိန်း၏ ထိရောက်မှု၊ စွမ်းရည်ပြည့်ဝမှု၊ ရေရှည်တည်တံ့မှုနှင့် သက်ရောက်မှုတို့ကို မျက်ခြည်မပြတ် သိရှိ တိုင်းတာနိုင်ရန်အတွက် ညီညွတ်ပြီး တစ်သမတ်တည်းဖြစ်သည့် အစိုးရ၏ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း မူဘောင်ရှိရေးမှာ အလွန်အရေးကြီး ပါသည်။

MSDP အကောင်အထည်ဖော်ရေးအဖွဲ့သည် M&E ဆိုင်ရာ ပြီးပြည့်စုံသည့် ရလဒ်မူဘောင် တစ်ရပ်ကို ရေးဆွဲချမှတ်မည် ဖြစ်ပြီး၊ ယင်း၌ သွင်းအားစု၊ လုပ်ငန်းအစီအစဉ်၊ အကျိုးရလဒ်၊ အကျိုး ကျေးဇူးနှင့် အကျိုးသက်ရောက်မှုတို့ ပါဝင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ဖော်ပြထားသော မဟာဗျူဟာနှင့်ပန်းတိုင်တစ်ခုချင်းစီအား အောင်မြင်အောင် ဖော်ဆောင်နိုင်ရေး အတွက် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို လုပ်ငန်းစဉ်များအလိုက် တိတိကျကျ ချိတ်ဆက် ဆောင်ရွက်ထားပါသည်။ သက်ဆိုင်ရာမဟာဗျူဟာခွဲများကို မဟာဗျူဟာနှင့်စီမံကိန်းအဆင့်အလိုက် ပုံဖော်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

MSDP အကောင်အထည်ဖော်မှုကို ဘက်ပေါင်းစုံမှ လွှမ်းခြုံမည့် M&E မူဘောင်ဖြင့် ဖော်ဆောင်ရာတွင် တိကျစွာ တိုင်းတာနိုင်သော၊ အမှန်တကယ်ရနိုင်သော၊ ဆီလျော်၍ အချိန် ကန့်သတ်ချက်ပါသော ညွှန်းကိန်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည့် နည်းလမ်းများကို သတ်မှတ် ဖော်ပြထားရန် အရေးပါပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် SDGs အခြေပြုညွှန်းကိန်း အစီရင်ခံစာတွင် အခြေခံ ညွှန်းကိန်းများ ပါဝင်သဖြင့် MSDP အခြေပြုအကဲဖြတ်မှုအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ပါ သည်။ MSDP ၏ M&E မူဘောင်အတွက် ထပ်မံပေါင်းထည့်ရမည့် ညွှန်းကိန်းများကို SDGs အခြေပြု အစီရင်ခံစာအပေါ် သင့်လျော်စွာအခြေခံ၍ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပြီး၊ ညွှန်းကိန်း မရှိသေးသည့် (သို့မဟုတ်) ယုံကြည်စိတ်ချ၍မရနိုင်သော ညွှန်းကိန်းများပါရှိသည့် စီမံကိန်း၊ စီမံချက် များအတွက် လေ့လာမှုများ ဆက်လက်လုပ်ဆောင်၍ အခြေပြုညွှန်းကိန်းများ ဖော်ထုတ်ချမှတ်ပြီး စီမံကိန်း၊ စီမံချက်များ အကောင်အထည်ဖော်မှုကို စောင့်ကြပ်ကြည့်ရှု၍ အကဲဖြတ် သုံးသပ်သွားမည် ဖြစ်ပါသည်။

မဟာဗျူဟာ အဆင့်တွင် အကျိုးရလဒ်များနှင့် ယှဉ်၍ စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များ၏ တိုးတက်မှုနှင့် လုပ်ငန်းဆောင်တာများ၏ နှစ်ပတ်လည် အစီရင်ခံစာကို ပြုစု၍ ကြိုတင်သတ်မှတ် ထားသည့် ရက်စွဲအတိုင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည် ဖြစ်သည်။

**ဇယား (၂) - MSDP ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် အကဲဖြတ်သုံးသပ်ရေး မဟာ ဗျူဟာများ**

အကဲဖြတ်နည်းဗျူဟာများမှာ ကွဲပြားကြမည် မှန်သော်လည်း ယေဘုယျအားဖြင့် အောက်ပါအပိုင်း အားလုံး ပါဝင်သင့်ပါသည် -

- ကြိုတင်ခန့်မှန်းမှုဖြင့် ပြုလုပ်သော Ex-ante အကဲဖြတ်မှုကို လုပ်ငန်း အကောင်အထည် မဖော်မီ ပြုလုပ်ပြီးဖြစ်နိုင်ချေရှိသော ကောင်းကျိုးဆိုးကျိုးများအား သုံးသပ်ခြင်းနှင့် အဆို ပြုလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအတွက် တန်ဖိုး နှင့် သင့်လျော်မှု ရှိ-မရှိ တို့ကို ဆန်းစစ်ခြင်း ဖြစ်ပါသည်။
- နှစ်စဉ်အကဲဖြတ်မှုနှင့် ကြားကာလအကဲဖြတ်မှုများကို အကောင်အထည်ဖော်မှု စက်ဝန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခြင်း ဖြစ်သည်။ ယင်းဖြင့် အကောင်အထည်ဖော်မှု ဆိုင်ရာ လုပ်ငန်းတိုးတက်မှုနှင့် စွမ်းပကားများကို အကဲဖြတ်ပြီး လိုအပ်သည့် နေရာများတွင် ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုများကို ပြုပြင်ပြောင်းလဲရေး အဆိုပြုရန် ဖြစ်ပါသည်။
- အပြီးသတ်အကဲဖြတ်မှုများကို စီမံကိန်း ပြီးလျှင်ပြီးချင်း ဆောင်ရွက်ရမည်ဖြစ်ပြီး အဆုံး သတ်ရလဒ်များကို ဆန်းစစ်ရန်နှင့် အပြီးသတ် အစီရင်ခံစာများ ပြင်ဆင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။
- အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းများကို စီမံကိန်းပြီးဆုံးပြီး သုံးနှစ်အတွင်း သင့်လျော် သော အချိန်တွင် ပြုလုပ်လေ့ရှိသည်။ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ စီမံကိန်း၏ အချိန်တို အတွင်း အကျိုးများမှု၊ ထိရောက်မှု၊ ရေရှည်တည်တံ့နိုင်မှုနှင့် ရှင်းလင်းစွာ ဖော်ထုတ်ထားခဲ့သည့် သတ်မှတ်ချက်များ အပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိရန် ဖြစ်ပါသည်။

အစိုးရဌာနအားလုံးတွင် တသမတ်တည်းနှင့် နှိုင်းယှဉ်၍ရသည့် လုပ်ငန်းဆောင်တာ အချက် အလက်များ ရှိစေရေးအတွက်၊ မြန်မာနိုင်ငံအစိုးရသည် ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို ဖော်ထုတ်ချမှတ်သွားရန် အစီအစဉ် ရှိပါသည်။

ပြည်သူများ ပါဝင်ဆောင်ရွက်မှုနှင့် သိမြင်နားလည်မှုသည် M&E စံသတ်မှတ်ချက် အကောင် အထည်ဖော်မှု အောင်မြင်ရေးအတွက် အဓိကဖြစ်ပါသည်။ MSDP နှင့် သက်ဆိုင်ရာ M&E စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရန် အတွက် သက်ဆိုင်သူအားလုံးနှင့် တက်ကြွစွာ ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်သွားမည့် ထိတွေ့ ဆက်ဆံရေးဆိုင်ရာ ဗျူဟာတစ်ရပ်ကိုလည်း ဆောင်ရွက်မည် ဖြစ်ပါသည်။

## အွန်လိုင်းနှင့် အခြား အသိပညာဆိုင်ရာစီမံခန့်ခွဲမှု လမ်းကြောင်းများ

M&E မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရာတွင် သွင်းအားစု၊ အကျိုးရလဒ်၊ အကျိုးကျေးဇူး၊ စွမ်းဆောင်ရည်နှင့် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ ပြည်သူများအား သိရှိနိုင်ရန်အတွက် အွန်လိုင်းစာမျက်နှာတစ်ခု တည်ထောင်ထား၍ အချက်အလက်များကို တင်ပေးရမည် ဖြစ်ပါသည်။

## ပြည်သူသို့ အသိပညာပေးအစီအစဉ်များ

အွန်လိုင်းစာမျက်နှာကို ပြည်သူ့အသိပညာပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ ပြည်သူများအကြား အကျယ်ပြန့်ဆုံးသိရှိစေရန် ဦးတည်ဆောင်ရွက်မည်ဖြစ်ပြီး သမားရိုးကျ မီဒီယာများဖြစ်သည့် ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ဆိုရှယ်မီဒီယာများကိုလည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

အစိုးရအနေနှင့် အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်၍ တိုးတက်မှုနှင့် ရည်ရွယ်ချက်များအပေါ် ပြည်သူများ၏ ပြန်လည်တုံ့ပြန်မှုနှင့် သဘောထားများ သိရှိစေရန်အတွက် အများပြည်သူနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသွားမည် ဖြစ်ပါသည်။

# ပြင်ဆင်ခြင်းနှင့် အချိန်ကာလနှင့်ကိုက်ညီမှုရှိရန် ပြုပြင်ရေးဆွဲခြင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို အမြဲတမ်းဆက်လက်ပြင်ဆင် မွမ်းမံသွားမည့်စာတမ်းအဖြစ် နိုင်ငံတော်အစိုးရမှ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ထုတ်ပြန်သည့်နေ့မှစ၍ ၂ နှစ်လျှင် တစ်ကြိမ် အသေးစိတ် ပြန်လည်သုံးသပ်မည် ဖြစ်သည်။ ယင်းသို့ သုံးသပ်မှုများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် မတူကွဲပြားသော ပတ်သက်ဆက်နွယ်သူများပါဝင်သည့် အသင်းအဖွဲ့ကိုဦးဆောင်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းသို့ ဦးဆောင်ဆောင်ရွက်ရခြင်းမှာ -

- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းမူဘောင်ဆိုင်ရာ တိုးတက်မှုများကို တိုင်းတာရန်၊
- အားကောင်းသော တိုးတက်မှုများအတွက် မဟာဗျူဟာအသစ်များနှင့် လုပ်ငန်းစဉ်များကို ထည့်သွင်းခြင်းနှင့် ဖယ်ရှားခြင်းတို့ ပြုလုပ်ရာတွင် ထောက်ခံချက်ပေးရန်နှင့်
- အထက်ပါ အကြောင်းအရာများကို အကျဉ်းချုပ်ရေးသား၍ ပြည်သူများထံသို့ ပုံမှန် အစီရင်ခံစာ ထုတ်ဝေပေးရန်တို့ ဖြစ်ပါသည်။

# နိဂုံး

MSDP သည်လာမည့်ကာလလတ်မှသည် ကာလရှည်တိုင်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်သွားမည့် ပန်းတိုင်များ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို စုစည်းပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစပ်ခြင်းသည် စစ်မှန်၍ အလုံးစုံပါဝင်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ရရှိစေရန်အတွက် အဓိက ရည်ရွယ်ပါသည်။

MSDP သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများနှင့် ကမ္ဘာမြေတို့ကို ဦးစားပေးအဖြစ် သတ်မှတ်၍ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ကျယ်ပြန့်စွာပါဝင်ပြီး မျှတသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို အကောင်းဘက်သို့ အခြေခံကျကျပြောင်းလဲပေးနိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာနှင့် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရေရှည်တည်တံ့သည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းသို့ ဆက်လက် ဦးတည်လျှောက်လှမ်းနေသည်ဖြစ်၍၊ ဖွံ့ဖြိုးမှုဘဏ္ဍာငွေ အရင်းအမြစ်များအားလုံးသည် အချင်းချင်း လိုက်လျောညီထွေဖြစ်ပြီး ပေါင်းစပ်ညှိနှိုင်းမှုနှင့် အပြန်အလှန် အထောက်အကူ ပြုနေရန်မှာ အရေးအကြီးဆုံး ဖြစ်ပါသည်။ ယခု MSDP သည် ဤကိစ္စနှင့်ပတ်သက်၍ အထူး လိုအပ်နေသည့် လမ်းညွှန်မှုကိုပေးပါသည်။ သို့ရာတွင် MSDP ပါ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ကို ပြီးပြည့်စုံသည့်စာရင်းအဖြစ် မှတ်ယူရန် မဟုတ်ပါ။ နိုင်ငံတော်အစိုးရသည် ဤ MSDP တွင် တိုးတက်မှုများ၊ ဝန်းကျင်အခြေအနေနှင့် အဖြစ်အပျက်များ ပြောင်းလဲသွားပြီး စီမံကိန်းနှင့် မဟာဗျူဟာသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ အချိန်ကာလနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည် သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြောင်းလဲရေးဆွဲခြင်းတို့ကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

"*ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီ ဖက်ဒရယ်မြန်မာနိုင်ငံတော်*" ဟူသည့် မျှော်မှန်းချက်နှင့်အညီ ကျွန်ုပ်တို့၏ပြည်သူပြည်သားအားလုံး ပျော်ရွှင်သည့်ဘဝများတွင် ပြည့်ပြည့်ဝဝ နေထိုင်သွားနိုင်ရန် ၎င်းတို့အတွက် မရှိမဖြစ် လိုအပ်သည့်အရာမှန်သမျှကို ရရှိအသုံးပြုနိုင်မည့် အနာဂတ် မြန်မာနိုင်ငံကို MSDP က ရှုမြင်မျှော်မှန်း ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

**MSDP ကို အကောင်အထည်ဖော်ရာတွင် ဤသို့တူညီစွာ မျှော်မှန်းကြသူအားလုံးနှင့် လက်တွဲ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။**